ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 26 February 2018 ၉၂၀၂

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဆက်လက်ကျင်းပ

## အစည်းအဝေးတွင် ချမှတ်ခဲ့မှုများကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ ဆရာတော်ကြီးများက လက်မှတ်ရေးထိုးတော်မူ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ဒုတိယအကြိမ်မြောက် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် စျေးရောင်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**

စာမျက်နှာ - ၇

**ရိုးရာအခြေခံသည့် ခေတ်မီရက်ကန်းထည်များ ထုတ်လုပ်နိုင်ရန် လက်ခတ်သံစီမံချက် ဆောင်ရွက်မည်**



စာမျက်နှာ - ၉



# မြန်မာ-ထိုင်းချစ်ကြည်ရေး သံဃာအပါး ၃၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မြဝတီမြို့၌ ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ်သံဃနာယကအဖွဲ့၊ မြဝတီမြို့နယ်သံဃနာယကအဖွဲ့နှင့် ထိုင်းနိုင်ငံဓမ္မကာယဖောင်ဒေးရှင်းတို့မှ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသည့် မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၃၀၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီက မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **စာမျက်နှာ ၃ ကော်လံ ၅ သို့**

KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

## ကြေးမုံ

# ပြည်သူများ ကိုယ်စိတ်နှလုံးရွှင်လန်း

ပုထုဇဉ်လူသားအများစုတို့သည် အာရုံငါးပါးခံစားမှုတို့ကို အကြောင်းခံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ခြင်းကို ဖြစ်စေတတ်သည်။ အာရုံငါးပါးဟူသည် လူတို့နိစ္စဒူဝ ထိတွေ့ဆက်ဆံခံစားရမှုတို့မှ အခြေတည်ဖြစ်ပေါ်လာရသည်ဖြစ်ရာ အဓိကအားဖြင့် ထိတွေ့ဆက်ဆံရသည့် ပတ်ဝန်းကျင်ကောင်းမွန်ခြင်း၊ မကောင်းမွန်ခြင်းတို့အပေါ်တွင် မူတည်ပေသည်။

တစ်ဖန် ကောင်းမွန်သည့် ပတ်ဝန်းကျင်အခင်းအကျင်းသည် လူတို့၏ကိုယ်စိတ်နှလုံးအား ကျန်းမာရွှင်လန်းခြင်းကို ဖြစ်စေနိုင်ပြီး မကောင်းမွန်သည့် ပတ်ဝန်းကျင်အခင်းအကျင်းသည် လူတို့၏ကိုယ်စိတ်နှလုံး ညှိုးနွမ်းခြင်းကို ဖြစ်စေနိုင်ပါသည်။ တစ်နည်းဆိုလျှင် ကောင်းမွန်သော သို့မဟုတ် မကောင်းမွန်သော ပတ်ဝန်းကျင်အခင်းအကျင်းသည် လူတို့၏ ကိုယ်စိတ်နှလုံးကို ကောင်းခြင်း၊ မကောင်းခြင်း ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ မိသားစုအနေဖြင့်လည်းကောင်း၊ လူအများပတ်ဝန်းကျင်တွင် လည်းကောင်း ပတ်ဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးထားကြသည်။ ယုတ်စွအဆုံး အိမ်သာဟုခေါ်ဆိုသည့် ရေအိမ်နေရာမျိုးတွင်ပင် နေချင်စဖွယ်ဖြစ်အောင်၊ နှစ်သက်ဖွယ်ဖြစ်အောင် စီမံထားလေ့ရှိသည်။ ပတ်ဝန်းကျင်သည် လူ၏စိတ်နှလုံးကို ပြောင်းလဲစေသည်ဟု လက်ခံသိမှတ်ထားရာတွင် ပတ်ဝန်းကျင်ကို ပြောင်းလဲစေလိုရင်းသည် အဓိကအချက်ဖြစ်သည်။

တတ်နိုင်သူက တတ်နိုင်သလောက် ပြုပြင်ပြောင်းလဲခြင်းသာဖြစ်ပြီး မတတ်နိုင်သူက မတတ်နိုင်သဖြင့် ဖြစ်သလိုနေလိုက်မည်ဟူသော ပြီးစလွယ်စိတ်ထားမျိုးလည်း မထားသင့်ပေ။ အဓိကအချက်မှာ မိမိပတ်ဝန်းကျင်ကို မိမိတို့တတ်နိုင်သလောက် ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါသည်။ ကောင်းမွန်သော ပတ်ဝန်းကျင်ကို ပြောင်းလဲတည်ဆောက်ရာ၌ မိမိတို့တတ်နိုင်သလောက် အကောင်းဆုံးပြုပြင်စီမံဆောင်ရွက်ပေးနိုင်ရန်နှင့် ထိုပတ်ဝန်းကျင်ကို စည်းကမ်းတကျ လိုက်နာအသုံးပြုကြရန်လည်း လိုအပ်ပေသည်။

အထူးသဖြင့် သာယာလှပပြီး နေချင်စဖွယ်ကောင်းသည့် မြို့ပြရပ်ဝန်းများ တည်ဆောက်ပေးနေချိန်တွင် မြို့သူမြို့သားများအနေဖြင့် စည်းကမ်းတကျ ပါဝင်ရပ်တည်နေထိုင်တတ်ရန် အရေးကြီးပါသည်။ ပြုပြင်ဖန်တီး တည်ဆောက်သူကတည်ဆောက်၊ စည်းကမ်းမလိုက်နာ၊ ဖျက်လိုဖျက်ဆီးလုပ်သူက လုပ်နေကြမည်ဆိုလျှင် မည်သည့်အခါမျှ ကောင်းမွန်သော ပတ်ဝန်းကျင်ကောင်း ဖြစ်လာလိမ့်မည်မဟုတ်ချေ။ ယခုအခါ မြန်မာနိုင်ငံတွင် လူဦးရေအများဆုံးမြို့တော်ကြီးဖြစ်သည့် ရန်ကုန်မြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ တင့်တယ်ဖွယ်ရာ အခင်းအကျင်းများ ဖန်တီးပေးနေချိန်တွင် မြို့သူမြို့သားများအနေဖြင့် စည်းကမ်းတကျ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

တစ်ချိန်တစ်ခါက ရန်ကုန်မြို့သည် အရှေ့တောင်အာရှတွင် အကောင်းဆုံးမြို့တစ်မြို့ဖြစ်ခဲ့သည်မှာ မမေ့နိုင်စရာဖြစ်သည်။ ယင်းကို ပြန်လည်အသက်ဝင်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာဖြစ်နိုင်ပေသည်။

မကြာသေးမီက "ပြည်သူများ ကိုယ်စိတ်ကျန်းမာ အပန်းပြေဖို့ ကြိုးစားကြပါစို့" ဟူသောခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်ကို တွေ့လိုက်ရသည်။ ဆွေးနွေးပွဲတွင် မြို့နေလူထုများ မြို့ပြစည်းကမ်းလိုက်နာရေးကို မီးမောင်းထိုးအသိပေးထားသည်။ အဓိကမှာ မြို့နေပြည်သူများ စိတ်နှလုံးကျန်းမာလန်းဖြာစေရေးဖြစ်သည်။ ပြည်သူများ ကိုယ်စိတ်ကျန်းမာစေရေးအတွက် အပန်းဖြေစရာဆိပ်ကမ်းများ၊ ပန်းခြံများကဲ့သို့ နေရာထိုင်ခင်းများ တည်ဆောက်ပေးရန်လိုအပ်သလို ရေအရင်းအမြစ်များ၊ အညစ်အကြေးနှင့် အမှိုက်သရိုက်စွန့်ပစ်မှုများတွင် စည်းကမ်းတကျ ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။

ရန်ကုန်မြို့တော်ကြီးသည် တစ်နေ့တခြား လူဦးရေတိုးပွားလာပြီး မြို့ပြနေထိုင်မှုနှင့် ပတ်ဝန်းကျင် အခင်းအကျင်းများ ကောင်းမွန်ရေးမှာ အထူးလိုအပ်လာသည်။ ပြည်သူများ စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရေး၊ ပတ်ဝန်းကျင်သာယာလှပရေး၊ ပြည်သူ့ကျန်းမာရေး၊ စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရေး စသည့်လူမှုဘဝ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် အထူးလိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး စိတ်ချမ်းမြေ့ဖွယ် ရပ်တည်နေထိုင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ကောင်းများကို ဝိုင်းဝန်းပူးပေါင်းဖန်တီးပေးကြရန်နှင့် စည်းကမ်းတကျလိုက်နာနေထိုင်တတ်သော အလေ့အကျင့်ကောင်းများ မွေးမြူကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

# ဒေါက်တာဘွဲ့တံဆိပ်တော်ရ ရွှေသုဝဏ်ဆရာတော်ကြီးအား မဟာဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မန္တလေးအသင်းက ကြီးမှူးကျင်းပသည့် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇသိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသဒ္ဓိယအား မဟာဂုဏဝိသိဋ္ဌ ပူဇာမင်္ဂလာ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေသုဝဏ်ဆရာတော်အား စည်သူဒေါ်တင်တင်မြကအလက်ာ်ဝတ်ရည် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ထူးမခြားနားသီချင်းခန့်ကြီးသုံးပိုဒ်ဖြင့် ပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် မန္တလေးအသင်းဥက္ကဋ္ဌ ဦးကျော်စံက ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိန်လှဝင်းက ရွှေသုဝဏ်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကိုလည်းကောင်း၊ အခမ်းအနားမှူး ဦးစံသင်းလှိုင်က ထေရထုတိဂုဏပူဇာဂါထာဖြင့်လည်းကောင်း၊ အလက်ာ်ဝတ်ရည် တေးဂီတအဖွဲ့ အနုပညာရှင်များက မင်္ဂလာရတု၊ ဧကပိုဒ်ရတုတို့ဖြင့်လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ရွှေသုဝဏ်ဆရာတော်လောင်းလျာကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ(ခံဘဲ့)ရွာ၌ ခမည်းတော် ဦးထွေး၊ မယ်တော် ဒေါ်နှင်းအေးတို့က ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက် သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး စာမေးပွဲများနှင့် ဓမ္မာစရိယတန်းကို ဂုဏ်ထူးသုံးကျမ်းစွဲကာ သာမဏေဘဝကပင် အောင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က ဆက်ကပ်သည့် ဒေါက်တာဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပြီး ယခုအခါ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမရွှေသုဝဏ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူလျက်ရှိသည်။ **သတင်းစဉ်**



# ပေါင်းတည်မြို့တွင် မီးသတ်စခန်းအသစ် ဖွင့်ပွဲကျင်းပ

**ပေါင်းတည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်၏ မီးသတ်စခန်းအသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ဈေး (၂) ရပ်ကွက် ရန်ကုန်-ပြည်လမ်းရှိ အဆိုပါမီးသတ်စခန်းရှေ့၌ ပြုလုပ်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်၊ အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ပြည်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်၊ မြို့နယ်မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် Home Land Construction Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်အား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မီးသတ်စခန်းသစ်မှာ နှစ်ထပ် RC အဆောက်အအုံဖြစ်ပြီး မီးသတ်ကားထားရန်နေရာ၊ အစည်းအဝေးခန်းမ၊ ပစ္စည်းစတိုခန်းများနှင့် တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများပါရှိကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# မောင်တောမြို့ မြို့မဘုန်းတော်ကြီးကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မောင်တော ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မအနောက်ရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းအတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်က ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မောင်တောခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇော်ဦး ဦးစီး၍ တပ်ဖွဲ့ဝင်များက မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ မြို့မဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းအတွင်း၊ အပြင်ရှိ သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်၊ ချုံနွယ်များအား ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

❁ **သတ္တမအကြိမ်မှ**

ထို့နောက် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက ပြန်လည်ရှင်းလင်းလျှောက်ထားကာ အတည်ပြုချက်ရယူပြီး နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော် ဝိနည်းဓိုရ်လက်မှတ်များဆက်ကပ်ခြင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယအဖွဲ့ အသိအမှတ်ပြုလွှာများ ဆက်ကပ်ခြင်းများကို ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ ဆဋ္ဌအစည်းအဝေးတွင် ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ အတည်ပြုချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင်မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယ ဆရာတော် ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးစီတို့က လက်မှတ်ရေးထိုးတော်မူကြသည်။

ထို့နောက် သဘာပတိ နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသ၏ နိဂုံးချုပ်ဥယျောဇနကထာကို နာယူတော်မူကြပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်အားလုံးက “ဇယန္တော ဗောဓိယာမူလေ” အစချီ(၂)ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ ဆဋ္ဌအစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများကို အလှူရှင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)-ဇနီး ဒေါ်မြမြစန်း မိသားစု၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)-ဇနီး ဒေါ်ခင်သန်းနွဲ့၊ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် (နိုင်ငံတော်သမ္မတ-ငြိမ်း)-ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဇနီး ဒေါ်သန်းသန်းနွဲ့၊ မဟာသီရိသုဓမ္မ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး(ငြိမ်း)-ဇနီး(ဒေါ်ကြည်ကြည်အုန်း)မိသားစု၊ သီရိပျံချီ ဗိုလ်ချုပ်တင်ငွေ (ငြိမ်း)-ဇနီး ဒေါ်နန်းခင်လှဝင်း၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း-ဇနီး(ဒေါ်စမ်းစမ်းရီ)၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဇနီးဒေါ်ခင်လေးမြင့်၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး-ဇနီး ဒေါ်ခင်နှင်းဝေ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း-ဇနီး ဒေါ်မာလာတင့်မိသားစုတို့က တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃနာယကအဖွဲ့ ဆဋ္ဌအစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

# စီမံကိန်းရည်မှန်းချက်များ ရေးဆွဲရာတွင် ကိန်းဂဏန်းများကို တိကျမှန်ကန်စွာရေးဆွဲရန်လို

# SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော ရှမ်းပြည်နယ် ဝန်ကြီးများက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၈-၂၀၁၉ စီမံကိန်းရည်မှန်းချက်များ ရေးဆွဲရာတွင် ပြည်နယ်အစိုးရမှ ကိန်းဂဏန်းများကို တိကျမှန်ကန်စွာ ရေးဆွဲရန်လိုကြောင်း၊ ပြည်နယ်ဝန်ကြီးများက တင်ပြသောကိန်းဂဏန်းများအား ပြည်နယ်အစိုးရအနေဖြင့် သေချာစွာစိစစ်၍ ဗဟိုသို့တင်ပြရန်လိုပါကြောင်း၊ သို့မှသာ ပြည်သူလူထု လိုလားသော စီမံကိန်းများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သက်ဆိုင်သည့် စီမံကိန်းများနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေးပြောကြားခဲ့သည်။

SMEs လုပ်ငန်းများနှင့် ပတ်သက်၍ SMEsလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်၍ SMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ငွေကြေးနှင့် နည်းပညာတို့ကို ပြည်နယ်အစိုးရမှ စီးပွားရေးလုပ်ငန်းရှင်များအား ပံ့ပိုးပေးစေလိုကြောင်း၊ ဦးစားပေး ပေါ်လစီများကိုချမှတ်၍ မြို့နယ်အလိုက်ရှိသည့် SMEs လုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်များနှင့် ချိတ်ဆက်ပြီးလိုအပ်သည့် မြေနှင့် ချေးငွေများကိုရရှိအောင် ဆောင်ရွက်ပေးရေးနှင့် ကဏ္ဍအလိုက်ရှိသည့် SMEs လုပ်ငန်းများကို မြေတောင်မြှောက်ပေးစေလိုကြောင်းတို့ကို ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်၌ လုပ်ငန်းရှင်များနှင့် လည်းကောင်း၊ ရှမ်းရိုးမမွေးမြူရေးဇုန်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေ ပေးအပ်

**ရေတာရှည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) ဖြင့် ရန်ပုံငွေကျပ် သိန်း ၁၀၀ ပေးအပ်ပွဲ



အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက သပြေတန်းကျေးရွာ၌ ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်တင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) သည် ကဏ္ဍပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေး အစီအစဉ်များဆောင်ရွက်ရာတွင် ပြည်သူများပါဝင်ဆောင်ရွက်ပြီး ကျေးရွာများ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်၍ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ “လက်ရှိ ဦးစားပေးလုပ်ငန်းဖြစ်တဲ့ ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းကို အကျယ် ၁၀ ပေ၊ အရှည် ပေ ၁၅၀၀ ကို ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေဒေသခံတွေထည့်ဝင်တဲ့ ကျပ် ၃၂ သိန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ” ဟု မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွန့်က ပြောကြားသည်။ **ကိုလွင်(ဆွာ)**

❂ **မြန်မာ-ထိုင်းမှ**

ရှေးဦးစွာ မြတ်စွာဘုရားရှင်အား ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး စူဝပ်ဖုန်း ကစ်တိဖပ်ဖိဖုန်းတို့က ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ဗဟန်းညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)ဘဒ္ဒန္တပဝရာဘိဝံသ ဆရာတော်ထံမှ ဩည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ထိုင်းနိုင်ငံ ဓမ္မကာယ ကျောင်းတိုက် နာယကဆရာတော်ကြီး လုံဖောဓမ္မချိုင်ယိုက ကိုယ်တိုင်မကြွ ရောက်နိုင်သည့်အတွက် ဆရာတော်ကြီးဟောကြားသည့် အသံဖိုင်အားနာယူခြင်း၊ ဆရာတော်သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်နာယူခြင်းတို့ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပအိုးဝ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ထိုင်းနိုင်ငံတာ့ခ်ခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဖရပ်ခရိုဝိဘူ(န်)နိတိထံ(မ်)ဆရာတော်က သာသနာရေးဆိုင်ရာများနှင့် ဝမ်းမြောက်ကြောင်း လျှောက်ထားခြင်း၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က သာသနာရေးဆိုင်ရာများနှင့် ဝမ်းမြောက်ကြောင်း လျှောက်ထားခြင်း၊ တာ့ခ်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး စူဝပ်ဖုန်း ကစ်တိဖပ်ဖိဖုန်းက ဝမ်းမြောက်ကြောင်း လျှောက်ထားခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်မြို့ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ (ဒွိပိဋကဓရ၊ ပါဠိပါရဂူ) ဘဒ္ဒန္တနာဂိတထံမှ တပည့်ဒါယကာ၊ ဒါယိကာမများက ရေစက်သွန်းချ အနုမောဒနာတရားနာကြားကြပြီး မြန်မာနှင့်ထိုင်း သံဃာအပါး ၃၀၀၀ တို့အား မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများက ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ စည်ကားသိုက်မြိုက်စွာ လောင်းလှူခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပခြင်းဖြင့် နှစ်နိုင်ငံသံဃာများနှင့် ပြည်သူများချစ်ကြည်ရင်းနှီးမှုများ တိုးပွားခြင်း၊ နှစ်နိုင်ငံသာသနာရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာများတိုးတက်မှုမှသည် ခရီးသွားလာရေး၊ ကုန်သွယ်ရေးအထိပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ကြေးမုံ**

# ဆီးရီးယားနိုင်ငံအတွင်း ရက် ၃၀ ကြာ အပစ်အခတ်ရပ်စဲရေး ကုလသမဂ္ဂအဖွဲ့ တောင်းဆို




**ကုလသမဂ္ဂ ဖေဖော်ဝါရီ ၂၅**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆီးရီးယားနိုင်ငံအတွင်း ရက် ၃၀ ကြာ အပစ်အခတ်ရပ်စဲမှုကို တောင်းဆိုသည့် ဖြေရှင်းချက်တစ်ခုကို ချမှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆီးရီးယားတပ်ဖွဲ့များနှင့် ရုရှားတပ်ဖွဲ့တို့က ဒမတ်စကတ်မြို့အနီးရှိ ဂူအိုတာမြို့အရှေ့ပိုင်းတွင် ခုနစ်ရက်တိုင်တိုင် စစ်ဆင်ရေး ပြင်းထန်စွာ ဆင်နွှဲလျက်ရှိသည်။ အဆိုပါတိုက်ခိုက်မှုတွင် ကလေးငယ်များအပါအဝင် အရပ်သား ၅၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

လုံခြုံရေးကောင်စီဝင်များအနေဖြင့် ပြည်သူများအား စားနပ်ရိက္ခာ ထောက်ပံ့ရေးနှင့် ဆေးဝါးကုသမှုများအတွက် အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်။

အပစ်အခတ်ရပ်စဲမှုကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သော်လည်း ဆီးရီးယားထောက်ခံအားပေးသော ရုရှားတပ်ဖွဲ့များက အပစ်အခတ်ရပ်စဲခြင်းမရှိသေးကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီ ဟေလေးက ဆီးရီးယားနိုင်ငံအတွင်း ယခုကဲ့သို့ ထိခိုက်ဒဏ်ရာ ရရှိသူအရေအတွက် တိုးမြှင့်ခြင်းသည် ရုရှားတပ်ဖွဲ့၏ အပစ်အခတ်မရပ်စဲခြင်းကြောင့် ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ဆီးရီးယားသံအမတ်ကြီး ဘာရှာ ဂျဖာရီက ဆီးရီးယားနိုင်ငံအနေဖြင့် ၎င်း၏ အကြမ်းဖက်သမားများကို ကာကွယ်ခုခံရန် အခွင့်အရေးရှိကြောင်း ကုလသမဂ္ဂအဖွဲ့က ချမှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဖြေရှင်းချက်ကို ပြန်လည်ချေပပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့နေ ပြည်သူပြည်သားများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်ကို ရင်ဆိုင်နေရကြောင်း ဆီးရီးယားသံအမတ်ကြီး ဘာရှာ ဂျဖာရီက ဆက်လက်ပြောကြား ခဲ့သည်။

ဆီးရီးယားအစိုးရအဖွဲ့အား ဆန့်ကျင်သည့် အုပ်စုနှစ်စုက ကုလသမဂ္ဂအဖွဲ့က ချမှတ်သည့် အပစ်အခတ်ရပ်စဲမှုကို လိုက်နာမည်ဖြစ်ကြောင်း သီးခြားသတင်းထုတ်ပြန်ခဲ့သည်။ သို့သော် ဆီးရီးယားအဖွဲ့မှ ပစ်ခတ်မှုများ ဆက်လက်လုပ်ဆောင်ပါက ၎င်းတို့အနေဖြင့် ပြန်လည်ပစ်ခတ်မည်ဖြစ်ကြောင်း ၎င်းတို့အဖွဲ့များ၏ ကြေညာချက်တွင် ပါရှိသည်။

**အင်န်အိတ်ချ်ကေ။**




## ဆိုမာလီကမ်းလွန်တွင် ဓာတုပစ္စည်းတင်သင်္ဘောတစ်စင်းအား ပင်လယ်ဓားပြများ တိုက်ခိုက်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၅**

စင်ကာပူအလံ လွှင့်ထူထားသည့် ဓာတုပစ္စည်းတင်သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများဟု သံသယရှိသူများက ဖေဖော်ဝါရီ ၂၄ ရက် အစောပိုင်းတွင် တိုက်ခိုက်ခဲ့ရာ သင်္ဘောပေါ်ပါ လုံခြုံရေးအစောင့်များက ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း ဥရောပသမဂ္ဂရေတပ်က ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဆိုမာလီကမ်းလွန်မှ ရေမိုင် ၁၆၀ (ကီလိုမီတာ ၃၀၀ ခန့်)အကွာတွင် ဖြစ်ပွားခဲ့ကြောင်း၊ ဓာတုပစ္စည်းတင်သင်္ဘော Leopard Sun အား လှေငယ်နှစ်စင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဥရောပသမဂ္ဂရေတပ်ဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဓာတုပစ္စည်းတင်သင်္ဘော MT. Leopard Sun ပဲ့ပိုင်းသို့ လှေငယ်များချဉ်းကပ်လာပြီး ရေယာဉ်အား ပစ်ခတ်ခဲ့ကြောင်း၊ ယင်းသို့ ပစ်ခတ်ပြီးနောက် ရေယာဉ်တွင် အစောင့်လိုက်ပါသည့် လက်နက်ကိုင်လုံခြုံရေးများက ပြန်လည်သတိပေးပစ်ခတ်ခဲ့ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်သည် မိနစ် ၂၀ ခန့်ကြာမြင့်ခဲ့ပြီး ပင်လယ်ဓားပြလှေများ အဝေးသို့နောက်ကြောင်း ပြန်လည်ထွက်ခွာသွားကြောင်း အိန္ဒိယသမုဒ္ဒရာရေပြင်တွင် ကင်းလှည့်စောင့်ကြပ်မှုများပြုလုပ်နေသည့် ဥရောပသမဂ္ဂရေတပ်ဖွဲ့က ပြောကြားသည်။ ဓာတုပစ္စည်းတင်ရေယာဉ်နှင့် ရေယာဉ်ဝန်ထမ်းများ ဘေးကင်းလုံခြုံမှုရှိသည်ဟု အတည်ပြုနိုင်ကြောင်း ယင်းရေတပ်မှ ပြောကြားသည်။

တန်ချိန် ၅၀၀၀၀ ခန့်ရှိသည့် အဆိုပါဓာတုပစ္စည်းတင်သင်္ဘောသည် အိုမန်နိုင်ငံ ဆိုဟာဆိပ်ကမ်းမှ တောင်အာဖရိကနိုင်ငံ ကိပ်တောင်းမြို့သို့ ဦးတည်ခုတ်မောင်းသည့်လမ်းကြောင်းတွင် ယင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် ပင်လယ်ဓားပြတိုက်မှုနှင့် ဆက်နွှယ်မှုရှိပုံရပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းကစ၍ အဆိုပါရေပြင်ဒေသတွင် ပထမဆုံးဖြစ်ပွားခဲ့သော တိုက်ခိုက်မှုဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

## ယီမင်နိုင်ငံ အေဒင်မြို့၌ အသေခံအမြှာပုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း အိုင်အက်စ်အဖွဲ့ ကြေညာ

**အေဒင် ဖေဖော်ဝါရီ ၂၅**

ယီမင်နိုင်ငံတောင်ပိုင်းမှ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် အေဒင်မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်က ဖြစ်ပွားခဲ့သော အသေခံအမြှာ ပုံးဖောက်ခွဲမှုကို ၎င်းတို့ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စလာမ့်စ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ကြေညာခဲ့သည်။ ယင်းအသေခံ အမြှာပုံးဖောက်ခွဲမှုသည် အေဒင်မြို့ရှိ အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့ ဌာနချုပ်အား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်အဖွဲ့က ၎င်းဖောက်ခွဲတိုက်ခိုက်မှုနှစ်ရပ်နှင့်ပတ်သက်သည့် ထိခိုက်သေကျေမှုများကိုမူ အသေးစိတ်ထုတ်ပြန်ခြင်းမရှိပေ။

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)က ထောက်ခံအားပေးမှုပြုထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့ဌာနချုပ်အား အသေခံပုံးဖောက်ခွဲရေးသမားနှစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ယာဉ်များဖြင့် ပစ်မှတ်ထား ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အေဒင်မြို့မှ သတင်းရင်းမြစ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ အသေခံပုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ယီမင်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး တပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာရခဲ့သည်။ ပေါက်ကွဲမှုနှစ်ခုသည် အေဒင်မြို့ရှိ ခွဲထွက်ရေးလိုလားသည့် ယီမင်တောင်ပိုင်း အသွင်ကူးပြောင်းရေးကောင်စီရုံးဝင်းအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးတပ်ဖွဲ့ဌာနချုပ်အနီးရှိ ယီမင်တောင်ပိုင်း အသွင်ကူးပြောင်းရေးကောင်စီရုံးဝင်းတွင် လုံခြုံရေးတပ်ဖွဲ့များ တာဝန်ထမ်းဆောင်နေပြီး အဆောက်အအုံနှစ်ခုအား စီးနင်းတိုက်ခိုက်ရန် ကြိုးပမ်းနေသည့် စစ်သွေးကြွများအား ပြန်လည် တိုက်ခိုက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယီမင်အခြေစိုက် အယ်လ်ခိုင်ဒါအဖွဲ့ခွဲနှင့် အစ္စလာမ့်စ် နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) နှစ်ဖွဲ့တို့သည် မော်တော်ယာဉ်များပေါ်တွင် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်ကာ အေဒင်ပြည်နယ်တွင်း၌ အလားတူ တိုက်ခိုက်မှုများလုပ်ဆောင်လေ့ရှိသည်။

အေဒင်မြို့သည် ယီမင်နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ပြီး ယီမင်နိုင်ငံ၏ယာယီမြို့တော်အဖြစ် ယူဆရကာ ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံအားပေးထားသည့် ယီမင်အစိုးရအဖွဲ့က ၂၀၁၅ ခုနှစ်ကတည်းကပင် ယင်းမြို့၌ အခြေစိုက်ခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်းကပင် အယ်လ်ခိုင်ဒါအဖွဲ့၏ အာရေဗျကျွန်းဆွယ်အဖွဲ့ခွဲ(အေကျူအေပီ)နှင့် အစ္စလာမ့်စ်နိုင်ငံတော် ထူထောင် ရေးအဖွဲ့(အိုင်အက်စ်)အပါအဝင် အခြားအကြမ်းဖက်အဖွဲ့အစည်းများက ယီမင်နိုင်ငံတောင်ပိုင်းတွင် အခြေစိုက်လှုပ်ရှားလျက်ရှိကြသည်။

**ဆင်ဟွာ။**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးကို လူထုအခြေပြုဗဟိုဌာန(Community Centre)အဖြစ် အဆင့်မြှင့်တင်ပြောင်းလဲရေးတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်အား ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို လူထုအခြေပြုဗဟိုဌာနများအဖြစ် အများပြည်သူအကျိုးရှိစွာ အသုံးပြုနိုင်မည့်နေရာ၊ အသုံးဝင်မည့်နေရာ၊ မရှိမဖြစ်နေရာ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး ကလေးစာဖတ်ခန်း၌ ရောက်ရှိနေကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှတ်တရအရုပ်များ ပေးအပ်ခဲ့ပြီး ပြင်ပကလေးကစားကွင်း လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဒုတိယမြောက် အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်လှစ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

ရုပ်ရှင်ချစ်ပရိသတ်များ သုတ၊ ရသ၊ ဟာသ စုံလင်စွာ ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်ရန် ခေတ်မီပြစက် အသံစနစ်များ ပါဝင်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ဒုတိယမြောက် အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖြစ်သော တောင်ကြီးမြို့ အေးသာယာမြို့သစ် အမှတ်(၄)ရပ်ကွက်ရှိ Paradiso(အေးသာယာ)3D အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီးကို ယနေ့ နံနက်ပိုင်းတွင် အေးသာယာမြို့အဝင်မုခ်ဝအနီးရှိ အဆိုပါရုပ်ရှပ်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့် နာမည်ကျော် ရုပ်ရှင်အနုပညာရှင်များ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။




အေးသာယာရုပ်ရှင်ရုံသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Paradiso Cinemas Co., Ltd. မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ရုံများထဲတွင် တစ်ရုံအပါအဝင်ဖြစ်ပြီး အောင်ပန်းရုပ်ရှင်ရုံပြီးလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ဒုတိယမြောက် ရုပ်ရှင်ရုံဖြစ်ကာ ရုံ ၁၀၀ စီမံကိန်းအတွက် ၁၃ ရုံမြောက် ဖွင့်လှစ်သော ရုပ်ရှင်ရုံသစ်လည်းဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း မြို့ကြီးများတွင် ယခင်က ရုပ်ရှင်ရုံများရှိခဲ့ပြီး ယခုဆိုလျှင် မြို့အတော်များများတွင် ရုပ်ရှင်ပြသမှုမရှိတော့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တောင်ကြီးမြို့တွင် မြသုခရုပ်ရှင်ရုံတစ်ရုံရှိပြီး လူနေထူထပ်သည့် အေးသာယာ၊ ရွှေညောင်မြို့များတွင် ရုပ်ရှင်ရုံလိုအပ်မှုရှိနေခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း၊ မည်သည့်ဖျော်ဖြေရေးများရှိရှိ ရုပ်ရှင်ရုံအတွင်း ကြည့်ရှုရသည့် အရသာကို ရုပ်ရှင်ရုံရှိမှသာ ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အေးသာယာမြို့အတွက် ပြည်သူလူထုအပန်းဖြေနိုင်မည့် ရုပ်ရှင်ရုံသစ်ပေါ်ထွန်းလာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဒေါက်တာညီညီအောင်က ပြောသည်။

Paradiso 3D ရုပ်ရှင်ရုံကြီးများကို မော်ဘီ၊ မုံရွာ၊ ဖျာပုံ၊ အောင်ပန်း၊ ကျောက်ပန်းတောင်း၊ သထုံ၊ ရွှေဘို၊ ဘိုကလေး၊ မတ္တရာ၊ မော်လမြိုင်၊ ကလေးနှင့် မအူပင်မြို့တို့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ရာ ယခုအခါတွင်လည်း အေးသာယာအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကြီးကို ဖွင့်လှစ်ခြင်းဖြစ်သည်။ ဆက်လက်၍ ပျဉ်းမနား၊ ရမည်းသင်း၊ ဟင်္သာတနှင့် အခြားမြို့တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ရုံသစ်များ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက ဦးအောင်လွင်က "အရင်က ရုပ်ရှင်ရုံပေါင်း ၄၀၀ ကျော်ရှိခဲ့ပါတယ်၊ ၁၉၆၈ ခုနှစ်မှာ ရုပ်ရှင်ရုံတွေကို ပြည်သူပိုင် သိမ်းလိုက်တဲ့အတွက် ရုပ်ရှင်ဟာ မှေးမှိန်သွားခဲ့တယ်၊ လက်ရှိမှာ ရုပ်ရှင်ရုံ ၄၀ တောင် မပြည့်တော့ပါဘူး၊ အဲဒီအတွက် ရုပ်ရှင်လောကသားတွေပူးပေါင်းပြီး ရုပ်ရှင်ရုံမရှိတဲ့ နေရာတွေမှာ ရုပ်ရှင်ချစ်ပရိသတ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ရုပ်ရှင်ကားတွေကို ပြသနိုင်ရေး ရည်ရွယ်ချက်တွေနဲ့ ရုပ်ရှင်ရုံ ၁၀၀ ဖြစ်အောင် ကြိုးစားဆောက်လုပ်နေတာပါ၊ ရုပ်ရှင်ရုံတွေရှိမှသာ ရုပ်ရှင်ဆိုတဲ့ရသကို ပြည်သူတွေ အပြည့်အဝခံစားနိုင်မှာပါ"ဟု ပြောသည်။

အေးသာယာရုပ်ရှင်ရုံတွင် ခားဖိုးကင်းရုပ်ရှင် ဇာတ်ကား ရုံတင်ပြသလျက်ရှိပြီး နေ့စဉ်ပြသမည့်ပွဲချိန်များမှာ တနင်္လာမှ သောကြာအထိ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၆ နာရီခွဲ နေ့စဉ် ပွဲချိန်နှစ်ပွဲသာ ပြသလျက်ရှိပြီး စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ ပွဲချိန်သုံးပွဲ ပြသမည်ဖြစ်ရာ ည ၉ နာရီခွဲ ပွဲစဉ်ကိုလည်း လိုအပ်သလို တိုးမြှင့်ပြသပေးသွားမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများ အနေဖြင့် 2D ရုပ်ရှင်ဇာတ်ကားများကို ငွေကျပ် ၁၂၀၀၊ ၁၇၀၀၊ ၂၂၀၀ နှင့် နှစ်ယောက်တွဲခုံ ငွေကျပ် ၅၄၀၀ သတ်မှတ်ထားကာ 3D ရုပ်ရှင်ဇာတ်ကားများအတွက် ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် နှစ်ယောက်တွဲခုံ ငွေကျပ် ၆၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**အေးမင်းသူ**

## တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းလုပ်သားများ ကျန်းမာရေးနှင့် စားဝတ်နေရေးအဆင်ပြေဟုဆို

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လောဆာကျေးရွာရှိ တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်းတွင် လုပ်ကိုင်နေကြသော လုပ်သားများမှာ မိသားစုစားဝတ်နေရေးအဆင်ပြေမှုရှိပြီး ကျန်းမာရေးထိခိုက်မှုမရှိဘဲ အဆင်ပြေမှုရှိသည်ဟု ယင်းအလုပ်သမားများထံမှ သိရသည်။

အဆိုပါ တစ်သျှူးငှက်ပျောစိုက်ခင်းမှာ ဝိုင်းမော်မြို့နယ် လောဆာကျေးရွာအနီးတွင်ရှိပြီး လုပ်သားအများစုမှာ ရပ်ဝေးမှ လာရောက်လုပ်ကိုင်သူများဖြစ်ကြပြီး ဒေသခံလုပ်သားအနည်းငယ်သာရှိကြောင်း သိရသည်။

"ကျွန်တော် ဒီမှာလုပ်နေတာ ကိုးနှစ်လောက်ရှိပါပြီ၊ ဒီမှာလုပ်ရတာ အဆင်ပြေပြီး မိသားစုအတွက် ဖူလုံမှုရှိပါတယ်၊ ဓာတုဆေးတွေ အသုံးပြုနေရတယ်ဆိုပေမယ့် ကျန်းမာရေး ထိခိုက်တာတွေမရှိပါဘူး၊ အားလုံးကောင်းပါတယ်"ဟု အဆိုပါလုပ်ကွက်မှ လုပ်သားခေါင်းဆောင် ဦးသိန်းထွန်းက ပြောသည်။

အဆိုပါ တစ်သျှူးငှက်ပျောလုပ်သားများ၏နေ့စားလုပ်အားခမှာ အမျိုးသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ အထိရှိပြီး အမျိုးသမီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိရှိကြောင်း အဆိုပါလုပ်သားများထံမှ သိရသည်။

**မင်းမင်းဦး**

# တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်သန့်ရှင်းရေး စုပေါင်းအမှိုက်ကောက်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန် တံတားပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေး Clean Mandalay Campaign မှ ဦးဆောင်ကာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ Trash Hero (MDY)အဖွဲ့ဝင်များ၊ ဟိုတယ်လုပ်ငန်းများနှင့် စိတ်ဝင်စားသူများ စုပေါင်း၍ ယနေ့နံနက်ပိုင်းက အမှိုက်ကောက် လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဦးပိန်တံတားပတ်ဝန်းကျင်မှာ အမှိုက်တွေ စည်းကမ်းမရှိ စွန့်ပစ်ထားတော့ ကမ္ဘာလှည့်ခရီးသွားတွေအတွက် မြင်မကောင်းဘူး၊ မြန်မာ့ပုံရိပ်မကျဆင်းအောင် အဖွဲ့စုံစုစည်းပြီးလုပ်ကြတာပါ၊ နောက်ပိုင်းမှာ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ဦးပိန်တံတားသာမကဘဲ အခြား ခရီးသွားနယ်မြေတွေမှာ ဆက်လုပ်သွားမယ်၊ ဦးပိန်တံတားမှာ အရင်အဖွဲ့တွေကလည်း အမှိုက်ကောက်တာ လုပ်ကြပါတယ်"ဟု Unique Discovery မှ ဦးသန့်ဇော်က ပြောသည်။



တောင်သမန်အင်းနှင့် ဦးပိန်တံတားသည် Tourism Site ဖြစ်၍ နိုင်ငံခြားခရီးသွားတိုင်းနီးပါး လာရောက်ခြင်းကြောင့် မြန်မာ့ပုံရိပ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ကြောင်း၊ ယနေ့ပြုလုပ်သည့် အမှိုက်ကောက်လှုပ်ရှားမှုတွင် ခရီးသွားလုပ်ငန်းတစ်ခုမှ နိုင်ငံခြားသားများ၊ ရတနာပုံ တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ ပါဝင်လာသည့်အပြင် စည်ပင်သာယာကလည်း အမှိုက်သိမ်းယာဉ်ဖြင့် ပူးပေါင်းကူညီခဲ့ကြသည်။

အဆိုပါနေရာသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားများတွင် ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းခရီးသွားများ စသည့် အလွှာပေါင်းစုံပါဝင်ခြင်းကြောင့် နိုင်ငံပုံရိပ်မကျဆင်းစေရန်အတွက် ဒေသခံများနှင့် ပြည်တွင်းဧည့်သည်များကလည်း စနစ်တကျအမှိုက်စွန့်ပစ်ကြရန်လိုကြောင်း၊ Tourism Site များတွင် ပထမ ရည်မှန်းလုပ်ဆောင်ရာမှ နောက်ပိုင်းတွင် အခြားနေရာများတွင်လည်း Clean Mandalay Campaign အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ့အမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါစို့

## မာလာအောင်(ယဉ်ကျေးမှု)

အမိမြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များကို ပေါကြွယ်ဝစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ဟုဆိုရာတွင်လည်း ထိတွေ့ကိုင်တွယ်နိုင်သော ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်နှင့် ထိတွေ့ကိုင်တွယ်၍မရသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဟူ၍ ရှိပါသည်။ ထိတွေ့ကိုင်တွယ်နိုင်သော ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်တွင် အထိမ်းအမှတ်အဆောက်အအုံများ၊ အဆောက်အအုံအစုအဝေးများနှင့် ရှေးဟောင်းနေရာဒေသများ ပါဝင်ကြပါသည်။ ထိတွေ့ကိုင်တွယ်၍မရသော ဒြပ်မဲ့ယဉ်ကျေးမှုသည် လူမှုအသိုက်အဝန်းရှိ လူသားတို့၏ စွမ်းဆောင်နိုင်မှုများ၊ ကျွမ်းကျင်မှုများ၊ အလေ့အထများ၊ ရိုးရာယုံကြည်မှုဆိုင်ရာ ဓလေ့ထုံးစံများ၊ ရိုးရာအစားအစာလုပ်နည်း၊ ရိုးရာအားကစားနည်းများ၊ လက်မှုအတတ်ပညာများ အစရှိသည့် လူမှုအသိုင်းအဝိုင်းအဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ယဉ်ကျေးမှုအမွေအနှစ်များ ဖြစ်ပေသည်။ သဘာဝအမွေအနှစ်များတွင် မူလပုံစံမပျက် သဘာဝအတိုင်းတည်ရှိနေသည့် သက်ရှိသတ္တဝါများ၊ အပင်များ၊ သဘာဝနေရာများ၊ သဘာဝအရင်းအမြစ်များ၊ သဘာဝအလှအပများနှင့် တော၊ တောင်ရှုခင်းများ ပါဝင်ပါသည်။

### အဓိပ္ပာယ်ဖွင့်ဆို

အထိမ်းအမှတ်အဆောက်အအုံဆိုသည်မှာ သမိုင်းကြောင်းတစ်ခုအတွက် အထိမ်းအမှတ်အဖြစ် ဖန်တီးထားသည့် ဗိသုကာအဆောက်အအုံများ၊ ပန်းပုရုပ်တုများ၊ ပန်းချီကားများ၊ လူသားများနေထိုင်ခဲ့ဖူးသည့် ဂူများနှင့် စာအရေးအသားများ ထွင်းထုထားသည့် နေရာများကို ခေါ်ဆိုခြင်းဖြစ်ပြီး အဆောက်အအုံအစုအဝေးများသည် မြေယာရှုခင်းတစ်ခုအတွင်း၌ တစ်ဆက်တစ်စပ်တည်း (သို့မဟုတ်) ပြန့်ကျဲ၍ တည်ရှိနေသော ပုံစံတူဗိသုကာအဆောက်အအုံနေရာများနှင့် သမိုင်းကြောင်းတစ်ခုအတွင်း လူသားမျိုးနွယ်များ ဖန်တီးလုပ်ဆောင်ထားသော နေရာတစ်ခုကို ရှေးဟောင်းနေရာ၊ ဒေသဟူ၍ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များဆိုင်ရာ ၁၉၇၂ ခုနှစ် ပဋိညာဉ်စာချုပ်၌ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

အဆိုပါ ၁၉၇၂ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များဆိုင်ရာ ပဋိညာဉ်စာချုပ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၁၉၇၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ယူနက်စကို (UNESCO- United Nations Educational, Scientific and Cultural Organization- ကုလသမဂ္ဂပညာရေး၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း) အထွေထွေညီလာခံအတွင်း ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို မျက်မှောက်ကာလမှ နောင်မျိုးဆက်သစ်များထိတိုင်အောင် တည်တံ့စေရေး နိုင်ငံတကာပူးပေါင်းပြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ညှိနှိုင်းရေးဆွဲချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

### စံချိန်/စံညွှန်းသတ်မှတ်ချက်

ပဋိညာဉ်စာချုပ်တွင် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို တည်တံ့စေရေး ဆောင်ရွက်ရာ၌ ကမ္ဘာ့တန်ဖိုးထားချက်များ (Outstanding Universal Value)အဖြစ် စံချိန်/စံညွှန်းသတ်မှတ်ချက် အောက်ဖော်ပြပါ ၁၀ ချက် သတ်မှတ်ထားရှိရာ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းပါက အနည်းဆုံး စံနှုန်းချက်နှင့် ကိုက်ညီရပါမည်-

စံချိန်/စံညွှန်း(၁)၊ ဖန်တီးနိုင်သောလူသားတို့၏ အပြောင်မြောက်ဆုံးလက်ရာကို ကိုယ်စားပြုမှုကို ဖော်ပြနိုင်ရမည်။ ယဉ်ကျေးမှုတစ်ခုအတွင်း မြင့်မားသည့် အသိဉာဏ်ရှိ၍ အနုပညာလက်ရာမြောက်မှု၊ အတတ်ပညာပိုင်း (သို့မဟုတ်) နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုတို့ဖြင့် သက်သေပြနိုင်ရပါမည်။

စံချိန်/စံညွှန်း(၂)၊ အချိန်ကာလတစ်ခုအတွင်း ဗိသုကာဆိုင်ရာ၊ နည်းပညာဆိုင်ရာ အထိမ်းအမှတ် အနုပညာလက်ရာဆိုင်ရာတို့အား လူသားတို့ ဖန်တီးထားမှုနှင့်အတူ မြို့ပြတည်ထောင်ထားမှု၊ မြေပြင်ရှုခင်းအကွက်ချစီမံထားမှုတို့ကို ဖော်ပြနိုင်ရပါမည်။

စံချိန်/စံညွှန်း(၃)၊ ယခုတိုင်တည်ရှိနေသော (သို့မဟုတ်) ပျောက်ကွယ်သွားသော မြို့ပြယဉ်ကျေးမှုတစ်ခု (သို့မဟုတ်) ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ခုတို့သည် ပြိုင်ဘက်ကင်း၍သော်လည်းကောင်း၊ ထူးခြားထင်ရှား၍သော် လည်းကောင်း သက်သေပြနိုင်ရပါမည်။

စံချိန်/စံညွှန်း(၄)၊ လူ့ဘောင်သမိုင်းတွင် ပြောင်းလဲမှုအဆင့်ဆင့်ကို ဖော်ပြပေးသည့် ထူးခြားထင်ရှားသော အဆောက်အအုံ၊ ဗိသုကာနှင့် နည်းပညာတို့ ပေါင်းစည်းထားသည့် အဆောက်အအုံတို့နှင့် မြေယာရှုခင်းပုံဖော်ထားမှုတို့ ရှိရပါမည်။

စံချိန်/စံညွှန်း(၅)၊ အထူးသဖြင့် နဂိုမူရင်းအခြေအနေအတိုင်း ပြန်လည်ပြင်ဆင်၍ မရနိုင်တော့သည့် လူ့ယဉ်ကျေးမှု (သို့မဟုတ်) လူသားနှင့် သဘာဝပတ်ဝန်းကျင် အပြန်အလှန်အကျိုးပြုယှဉ်တွဲနေထိုင်မှုကို ပြဆိုနိုင်သောသာဓကများကို ဖော်ပြရမည်။

စံချိန်/စံညွှန်း(၆)၊ တိတိကျကျ (သို့မဟုတ်) သေချာမှုရှိသည့် အထောက်အထားများပြနိုင်ပြီး ထူးခြားထင်ရှားသော ရိုးရာဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်မှုများ၊ အနုပညာလက်ရာများနှင့် စာပေဆိုင်ရာလက်ရာများ ဖော်ပြနိုင်ရပါမည်။

> ကမ္ဘာ့တန်ဖိုးထားချက်များ (Outstanding Universal Value) ရှိသည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို မျက်မှောက်ကာလမှ နောင်မျိုးဆက်သစ်များလက်ထက်အထိ တည်တံ့စေရေး နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ၁၉၇၂ ခုနှစ် ပဋိညာဉ်စာချုပ်၌ မြန်မာနိုင်ငံက ၁၉၉၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အဆိုပြုစာရင်း (Tentaive List) ကို တင်သွင်းခဲ့

စံချိန်/စံညွှန်း(၇)၊ အနုပညာရသခံစားမှုပါဝင်ပြီး အရေးပါ၍ ထူးခြားစွာ သဘာဝအလှတရားရှိသည့် နေရာဒေသများဖြင့် သက်သေပြနိုင်ရမည်။

စံချိန်/စံညွှန်း(၈)၊ ဇီဝကမ္မဖြစ်စဉ် (သို့မဟုတ်) ထူးခြားထင်ရှားသည့် ဘူမိဖြစ်စဉ် (သို့မဟုတ်) မြေမျက်နှာသွင်ပြင်တို့ ပေါ်ထွန်းမှုတို့ ပါဝင်သည့် ကမ္ဘာ့မြေသမိုင်းနှင့် သက်ဆိုင်သည့်အရာများကို ဖော်ပြနိုင်ရမည်။

စံချိန်/စံညွှန်း(၉)၊ အပင်နှင့် သတ္တဝါအုပ်စုတို့နှင့် ပင်လယ်ဂေဟစနစ်၊ ကမ်းရိုးတန်းဂေဟစနစ်၊ ရေချိုဂေဟစနစ်၊ ကုန်းတွင်းပိုင်းဂေဟစနစ်တို့ ဆင့်ကဲပြောင်းလဲတိုးတက်မှုဖြစ်စဉ်တို့ ပါဝင်သည့် ကုန်းမြေနယ်နိမိတ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ပြနိုင်ရမည်။

စံချိန်/စံညွှန်း(၁၀)၊ ထိန်းသိမ်းရေးရှုထောင့်မှလည်းကောင်း၊ သိပ္ပံနည်းပညာရှုထောင့်မှလည်းကောင်း ကမ္ဘာ့လူသားများနှင့် သက်ဆိုင်သည့် အထင်ကရတန်ဖိုးရှိနေသည့် အခြိမ်းခြောက်ခံနေရသော မျိုးစိတ်များပါဝင်သည့် ဇီဝမျိုးကွဲများ၏ မူရင်းအနေအထားအတိုင်း ထိန်းသိမ်းပြုပြင် စောင့်ရှောက်ခြင်းအတွက် အရေးပါဆုံးနှင့် အထင်ရှားဆုံးသော သဘာဝမှီတင်းနေထိုင်မှုတို့ကို ဖော်ပြနိုင်ရမည်။

### မူရင်းအစစ်အမှန်ဖြစ်မှု

အဆိုပါစံချိန်/ စံညွှန်းတို့၌ စံချိန်/စံညွှန်း (၁) မှ (၆) သည် ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရေးနှင့်သက်ဆိုင်ပြီး အဆိုပါ စံချိန်/စံညွှန်းတို့သည် မူရင်းအစစ်အမှန်ဖြစ်မှု (Authenticity)နှင့် စုစည်းခိုင်မာမှု (Integrity) ရှိရပါမည်။ စံချိန်/ စံညွှန်း (၇) မှ (၁၀) သည် သဘာဝအမွေအနှစ်စာရင်း တင်သွင်းရေးနှင့်သက်ဆိုင်ပြီး မူရင်းအစစ်အမှန်ဖြစ်မှု (Authenticity)ရှိရပါမည်။ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ် ပေါင်းစပ်စာရင်း (Mix Culture) တင်သွင်းမည်ဆိုပါက ယဉ်ကျေးမှုအမွေအနှစ်သတ်မှတ် စံချိန်/စံညွှန်း တစ်ချက်နှင့် သဘာဝအမွေအနှစ်သတ်မှတ်စံချိန်/စံညွှန်း တစ်ချက် လိုအပ်ပါသည်။

စာရင်းတင်သွင်းမည်ဆိုလျှင် စာတွဲ(မူကြမ်း) (Nomination Dossier) ကို ဦးစွာတင်သွင်းရပါသည်။ အဆိုပါ စာတွဲတွင် အမွေအနှစ်ပစ္စည်းအား ခွဲခြားသတ်မှတ်ခြင်း (Identification of the Property)၊ ဖော်ပြချက်များ (Description )၊ ကမ္ပည်းကျောက်စာ၊ စာပေအထောက်အထားအကြောင်း ခိုင်လုံမှု (Justification for Inscripition)၊ ထိန်းသိမ်းရေးဆိုင်ရာလုပ်ဆောင်ထားမှုအခြေအနေ (State of conservation and factors affecting the Property)၊ စီမံခန့်ခွဲမှုနှင့်ကာကွယ်ထိန်းသိမ်းရေးအစီအစဉ် (Protection and Management of the Property)၊ စောင့်ကြည့်စစ်ဆေးရေး (Monitoring)၊ အထောက်အထားများ (Documentation)၊ ဆက်သွယ်ဆောင်ရွက်ရမည့် အာဏာပိုင်တို့၏အချက်အလက်များ (Contact Information of Responsible Authorities) နှင့် အစိုးရအဖွဲ့၏ လက်မှတ် (Signature on Behalf of the State Party) တို့ ပါဝင်ရပါသည်။

### အဆိုပြုစာရင်း

ကမ္ဘာ့တန်ဖိုးထားချက်များ (Outstanding Universal Value)ရှိသည့် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို မျက်မှောက်ကာလမှ နောင်မျိုးဆက်သစ်များလက်ထက်အထိ တည်တံ့စေရေး နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ၁၉၇၂ ခုနှစ် ပဋိညာဉ်စာချုပ်၌ မြန်မာနိုင်ငံက ၁၉၉၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် အဆိုပြုစာရင်း (Tentaive List) ကို တင်သွင်းခဲ့ပါသည်။ အဆိုပြုစာရင်းဆိုသည်မှာ နိုင်ငံတော်အစိုးရမှ ကမ္ဘာ့အမွေအနှစ်အဖြစ် မှတ်ပုံတင်ရန် သင့်လျော်သည်ဟုဆုံးဖြတ်ထားသည့် အမွေအနှစ်ဒေသများ၏ အသေးစိတ်စာရင်းစစ်တမ်း ဖြစ်ပါသည်။ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမည်ဆိုပါက အဆိုပြုစာရင်းတွင် တစ်နှစ်ကြိုတင်ပါဝင်ပြီးဖြစ်ရပါမည်။ နိုင်ငံတိုင်းသည် အဆိုပြုစာရင်းကို အနည်းဆုံး ၁၀ နှစ်တစ်ကြိမ် ပြန်လည်စစ်ဆေးရန် လိုအပ်ပါသည်။ ယခုအချိန်တွင် ၁၉၉၆ ခုနှစ်က အဆိုပြုစာရင်းကို ပြန်လည်စိစစ်တည်းဖြတ်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

### ရေးဆွဲပြဋ္ဌာန်း

ပဋိညာဉ်စာချုပ်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်၍ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဝန်ကြီးဌာနများဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ရန်ကုန်မြို့ရှိ ယူနက်စကိုရုံးခွဲတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်လျက်ရှိပြီး လိုအပ်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

အမိမြန်မာနိုင်ငံတော်၌ ရှင်သန်ခဲ့သော ခေတ်အဆက်ဆက် သမိုင်းကြောင်းတစ်လျှောက် ဘိုးဘွားတို့ တည်ထောင်ခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာရေးအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ၊ နန်းတော်များ၊ မြို့တော်များ၊ လူမှုရေးအဆောက်အအုံများကို နေရာအနှံ့တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့၌ ပျူတို့ တည်ဆောက်ထားခဲ့သည့် နန်းတော်ရာများ၊ ဘာသာရေးအဆောက်အအုံများ၊ လူမှုရေး အဆောက်အအုံများ၊ စိုက်ပျိုးရေးအတွက် ဖန်တီးထားသည့် ရေသွင်းစနစ်များနှင့် ရေနုတ်မြောင်းများ အစရှိသော ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံသာမက ကမ္ဘာကသိရှိစေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာတက္ကသိုလ်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသတွင်းပြည်သူများ၊ ပြည်တွင်းပညာရှင်များ၊ ပြည်ပပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များနှင့် ရုံးပိုင်းဆိုင်ရာပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းခဲ့ရာ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်း၌ စာရင်းဝင်နိုင်ခဲ့ပါသည်။

### ပျူဒေသများ

ပျူဒေသများသည် ကမ္ဘာ့တန်ဖိုးထားချက်များ (Outstanding Universal Value) များမှ စံချိန်/စံညွှန်း (၂)ဖြစ်သော အချိန်ကာလတစ်ခုအတွင်း ဗိသုကာဆိုင်ရာ၊ နည်းပညာဆိုင်ရာ အထိမ်းအမှတ် အနုပညာလက်ရာဆိုင်ရာတို့အား လူသားတို့ ဖန်တီးထားမှုနှင့်အတူ မြို့ပြတည်ထောင်ထားမှု၊ မြေပြင်ရှုခင်းအကွက်ချစီမံထားမှုတို့ကို ဖော်ပြနိုင်ခြင်း၊ စံချိန်/စံညွှန်း(၃)ဖြစ်သည့် ယခုတိုင်တည်ရှိနေသော (သို့မဟုတ်) ပျောက်ကွယ်သွားသော မြို့ပြယဉ်ကျေးမှုတစ်ခု(သို့မဟုတ်) ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုတို့သည် ပြိုင်ဘက်ကင်းပြီး ထူးခြားထင်ရှားသောသက်သေတို့ကို ပြနိုင်ခြင်းနှင့် စံချိန်/စံညွှန်း(၄)ဖြစ်သည့် လူ့ဘောင်သမိုင်းတွင် ပြောင်းလဲမှုအဆင့်ဆင့်ကို ဖော်ပြပေးသည့် ထူးခြားထင်ရှားသောအဆောက်အအုံ၊ ဗိသုကာနှင့် နည်းပညာတို့ ပေါင်းစည်းထားသည့် အဆောက်အအုံတို့နှင့် မြေယာရှုခင်းပုံဖော်ထားမှုတို့ ရှိနေခြင်းတို့ဖြင့် သက်သေပြနိုင်ခဲ့ပါသည်။

### တန်ဖိုးပြယုဂ်များ

ယခုအခါ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသဖြစ်သည့် ပုဂံဒေသသည် ကမ္ဘာ့တန်ဖိုးထားချက်များ(Outstanding Universal Value)များမှ စံချိန်/စံညွှန်း(၃)တွင်ရှိရမည့် ယခုတိုင် တည်ရှိနေသော (သို့မဟုတ်) ပျောက်ကွယ်သွားသော မြို့ပြယဉ်ကျေးမှုတစ်ခု (သို့မဟုတ်) ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုတို့သည် ပြိုင်ဘက်ကင်းပြီး ထူးခြားထင်ရှားသောသက်သေတို့ကို အေဒီ ၁၁- ၁၃ ရာစုအတွင်း ပုဂံမြို့ပြယဉ်ကျေးမှု၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ခြင်း၊ ဗုဒ္ဓဘာသာကုသိုလ်ကောင်းမှုဓလေ့များနှင့် ထူးခြားထင်ရှားသည့် ယဉ်ကျေးမှုတန်ဖိုးပြယုဂ်များဖြင့်လည်းကောင်း၊ စံချိန်/စံညွှန်း(၄)တွင်ရှိရမည့် လူ့ဘောင်သမိုင်းတွင် ပြောင်းလဲမှုအဆင့်ဆင့်ကို ဖော်ပြပေးသည့် ထူးခြားထင်ရှားသော အဆောက်အအုံ၊ ဗိသုကာနှင့် နည်းပညာတို့ ပေါင်းစည်းထားသည့် အဆောက်အအုံတို့နှင့် မြေယာရှုခင်းပုံဖော်ထားမှုတို့အဖြစ် အေဒီ ၁၁-၁၃ ရာစုရှိ ဗုဒ္ဓဘာသာဆိုင်ရာ ဗိသုကာလက်ရာများဖြင့်လည်းကောင်း၊

စာမျက်နှာ ၈ သို့ »»

# ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်း ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့သော ကျေးရွာများသို့ ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းကြည့်ရှု ထောက်ပံ့အားပေး

**ပဲခူး ဖေဖော်ဝါရီ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ ပြည်သူကိုတိုက်ရိုက်အကျိုးရှိစေမည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မသန်စွမ်းများ၏ အခွင့်အရေးဖော်ဆောင်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကံတော်ကျေးရွာအနီးတွင် စစ်တောင်းမြစ်ကမ်းပါး ရေတိုက်စားပြိုကျနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး



ကံတော်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကဝမြို့နယ်အတွင်း စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့် ပြောင်းရွှေ့ရမည့် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။ စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုကြောင့် ပြောင်းရွှေ့ရသည့် ကျေးရွာခြောက်ရွာမှ ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၂၈၄၇၈၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၂၇၁၀၀၀၀၀ တို့ကို ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်ရာ ကျေးရွာအသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်သူများ၏ကိုယ်စား ကဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှသန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့အပြင် ကျေးရွာများတွင် နေ့ပိုင်းစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များ ရှေးဦးအရွယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မိခင်ဝိုင်းများဆောင်ရွက်ရန် ထောက်ပံ့ငွေကျပ် ၁၃၇၇၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးငယ်များအတွက် အာဟာရမုန့်နှင့် ကစားစရာအရုပ်များကိုလည်း ဝေငှပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကဝမြို့နယ် ငွေတောင်ရွာမှ မမောက်ရွာအထိ စစ်တောင်းမြစ်ကမ်း ယာယီရေငန်တားတာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် အခြေအနေများနှင့် လိုအပ်ချက်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် အလှူတော်အိုးသူကြီး မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းများ ပျောက်ကွယ်မသွားစေလိုသည့်ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပမည်ဖြစ်သော ဒုတိယအကြိမ်မြောက် "အလှူတော်အိုးသူကြီး" မြန်မာ့ရိုးရာအိုးကြီးချက် အလွတ်တန်းပြိုင်ပွဲကြီးနှင့် ဈေးရောင်းပွဲတော်အား မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင် ကွင်းအမှတ်(၁)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီပွဲတော်များ၊ ရှင်ပြုနားသပွဲများနှင့် မင်္ဂလာပွဲအမျိုးမျိုးကို စဉ်ဆက်မပြတ်ကျင်းပလျက်ရှိပြီး နယ်မြို့များနှင့် ကျေးရွာများတွင် ရွာလုံးကျွတ်ကလေးပါမကျန် အဝစား ကျွေးမွေးလှူဒါန်းလျက်ရှိကာ အိုးသူကြီးအများစုမှာလည်း အကျိုးအမြတ်ကို ပဓာနမထားဘဲ လုပ်အားပေးချက်ပြုတ်ကြသော စေတနာ့ဝန်ထမ်းများဖြစ်ကြကြောင်း၊ ယခုအခါ ပြောင်းလဲလာသော ခေတ်နှင့် အစားအသောက်ဓလေ့စရိုက်များအရ အလှူကြီးများနည်းပါးလာသကဲ့သို့ ပညာရှင်များလည်း ရှားပါးလာပြီး တိမ်မြုပ်လုနီးနီးဖြစ်နေသော မြန်မာ့အိုးကြီးချက်ပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် အကျိုးအမြတ်ကိုမကြည့်ဘဲ စေတနာရှေ့ထား၍ ကူညီတတ်ကြသော အိုးသူကြီးများကို ချီးမြှင့်မြှောက်စားပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာ အစားအသောက်ကဏ္ဍ ပိုမိုမြင့်တက် လာစေရေးတို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

ပြိုင်ပွဲလုပ်မည့်ပုံစံအရ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်း ၄၈ သင်းထဲမှ အသင်း ၁၆ သင်းအား ဆန်ခါတင်ရွေးချယ်ပြီး ပထမရက်



ပြိုင်ပွဲဖြစ်သော မတ် ၂၃ ရက်တွင် အသင်း ရှစ်သင်း ယှဉ်ပြိုင်ရမည်ဖြစ်ကာ ထိုအထဲမှ အသင်း နှစ်သင်းသာ ဗိုလ်လုပွဲသို့ တက်လှမ်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကြီး၏ ဒုတိယရက်ဖြစ်သော မတ် ၂၄ ရက်တွင်လည်း ပထမရက်ကဲ့သို့ပင် အသင်းရှစ်သင်း ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုအထဲမှ အသင်းနှစ်သင်းသာ ဗိုလ်လုပွဲသို့ တက်လှမ်းယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲရက်ဖြစ်သော မတ် ၂၅ ရက်တွင် ပထမရက်နှင့် ဒုတိယရက်များ၌ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ယူခဲ့ကြသော အသင်းလေးသင်းမှ တစ်ပြိုင်တည်း ယှဉ်ပြိုင်သွားရမည်ဖြစ်ပြီး ထိုအသင်းလေးသင်းမှ ဒုတိယအကြိမ်မြောက် "အလှူတော်အိုးသူကြီး" မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲ ပထမဆုကြီးအား ထိုက်တန်စွာ ရရှိသွားမည်ဖြစ်ကာ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများအား ရွေးချယ်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ လာရောက် လျှောက်ထားလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရိုးရာ အိုးကြီးချက် အလွတ်တန်းပြိုင်ပွဲ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ဒေါက်တာဦးကျော်ဇောလင်းက "ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပြိုင်ပွဲဝင်တွေနဲ့ လာရောက်ကြည့်ရှုအားပေးကြတဲ့ ဧည့်ပရိသတ်များအတွက် ကျန်းမာရေးအရ အရေးပေါ်တစ်စုံတစ်ရာ ဖြစ်ပေါ်လာမယ်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ဖို့ စီစဉ်ထားပါတယ်၊ ပြိုင်ပွဲမှာလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ကြဖို့ ဖိတ်ခေါ်ထားပါတယ်"ဟု ပြောသည်။

အဆိုပါပြိုင်ပွဲမှ ပထမဆုဆွတ်ခူးရရှိသည့် အသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၊ ဒိုင်းဆု၊ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ဒုတိယဆုဆွတ်ခူးရရှိသည့် အသင်းအား ဆုကြေးငွေကျပ် သိန်း ၃၀ နှင့် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ တတိယဆုဆွတ်ခူးရရှိသည့်အသင်းအား ဆုကြေးငွေကျပ် သိန်း ၂၀ နှင့် ကြေးတံဆိပ်ဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်၌လည်း လူသုံးကုန်ပစ္စည်းများ၊ စားသောက်ဆိုင်များကို ခင်းကျင်းပြသ ရောင်းချကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ချက်ပြုတ်ထားသည်များကို လာရောက်ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များအတွက် စတုဒိသာပြန်လည်တည်ခင်းကျွေးမွေးသွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာ အိုးကြီးချက်အလွတ်တန်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ သိရသည်။

**ပွင့်သစ္စာ**

# အခြေခံမြားပစ်သင်တန်း ၁/၂၀၁၈ ဖွင့်ပွဲ ကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် မင်းတပ်ခရိုင်၊ မြို့နယ်တို့ပူးပေါင်း၍ အခြေခံမြားပစ်သင်တန်း ၁/၂၀၁၈ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က မင်းတပ်မြို့ရှိ ဦးဝမ္မသူးဟာရှိန်း (မိုးလုံလေလုံအားကစားခန်းမ)၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အားကစားပညာရပ်များအကြောင်း အကျယ်တဝင့် ပြောကြားသည်။

ယင်းနောက် အားကစားပစ္စည်းများပေးအပ်ရာ ချင်းပြည်နယ်လွှတ်တော်အမတ် ဦးတိတ်ထန်းနှင့် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းတို့က လက်ခံခဲ့ကြပြီး လက်ဆောင်ပြန်လည်ပေးအပ်ကြသည်။

အခြေခံမြားပစ်သင်တန်းကို ယခုတတိယအကြိမ်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ပထမအကြိမ် ၂၀၀၁ ခုနှစ်တွင် ဖွင့်လှစ်သည့်သင်တန်းမှ မြန်မာ့ဂုဏ်ဆောင် (မြားပစ်) ဒေါ်အောင်ငိုမ်း၊ ဒေါ်ကေသီ၊ ဒေါ်စန်းယုထွေး၊ ဒေါ်မေရီဆန်တို့ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ကွန်ကရစ်လမ်းခင်း

**မိုင်းပျဉ်း ဖေဖော်ဝါရီ ၂၅**

ဒေသခံပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ရှမ်းပြည်နယ်(အရှေ့) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ခုန်နားကျောင်းကျေးရွာတွင် ဆောင်ရွက်နေသော ကွန်ကရစ်လမ်းခင်းနေမှုအား ဖေဖော်ဝါရီ ၂၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ရှိသူများသည် မိုင်းပျဉ်းမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ခုန်နားကျောင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကွန်ကရစ်လမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မရှိ လမ်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးစေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းကာ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွန်ကရစ်လမ်းအား ဖေဖော်ဝါရီလကုန်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကာ လမ်းပြီးစီးသွားပါက အိမ်ခြေ ၁၀၂ အိမ်၊ လူဦးရေ ၅၃၆ ဦးရှိ ဒေသခံပြည်သူများ ရာသီမရွေး ကောင်းမွန်စွာသွားလာနိုင်ပြီဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မြသလွန်ခြေတော်ရင်းမှ သဲသောင်ပြင် အပန်းဖြေသူများဖြင့် စည်ကားလာ

**မကွေး ဖေဖော်ဝါရီ ၂၅**

မကွေးမြို့ မြသလွန်စေတီတော်မြတ်၏ခြေရင်း ဧရာဝတီမြစ်အရှေ့ကမ်း အနီးမြစ်ရိုးမှာ တစ်စထက်တစ်စ ကျဉ်းမြောင်းလာပြီး ကမ်းနှင့် ပေ ၁၀၀ ခန့်အကွာတွင် ကျယ်ပြန့်သော သောင်ပြင်တစ်ခုဖြစ်ပေါ်လာခြင်းကို အကြောင်းပြု၍ စားသောက်ကုန်ရောင်းချသူများ၊ အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

"ကျွန်တော်တို့မြို့အတွက် အပန်းဖြေစရာနေရာတစ်ခု တိုးလာတာပေါ့၊ သောင်ပြင်အကျယ်ကြီးမှာ ငါးကင်၊ အကြော်နဲ့ အသုပ်မျိုးစုံရောင်းတဲ့ဆိုင်တွေ ရှိပါတယ်၊ တစ်နေကုန်နီးပါး လူသွားလူလာသိပ်မပြတ်ဘူး၊ ညနေပိုင်းကတော့ အစည်ဆုံးပဲ၊ တချို့က ဘော်လီဘောပုတ်ကြတယ်၊ ဘောလုံးကန်ကြတယ်၊ စွန်လွှတ်ကြတယ်၊ ကလေးတွေ လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကြတယ်၊ နေဝင်ဆည်းဆာကို အရသာခံကြည့်ကြတဲ့သူတွေကတော့ ပိုများပါတယ်၊ လာတာကတော့ အရွယ်စုံပေါ့"ဟု မကွေးဒေသခံ ကိုခိုင်ဖြိုးက ပြောသည်။

မြသလွန်စေတီအဝင် ဘီလူးနှစ်ကောင်အနီး၌ ဆိုင်ကယ်များအပ်နှံကြပြီး မြစ်ကမ်းဘက်သို့ဆင်းကာ သောင်ပြင်အထိ ၁၀ မိနစ်ခန့် လမ်းလျှောက်သွားကြသူများရှိသကဲ့သို့ မြသလွန်ရင်ပြင်တော်ထိ အရောက်သွားကာ ဆီမီးကိုးထောင် ထွန်းညှိရာ လှေကားထစ်များမှ အောက်ခြေထိဆင်း၍ သောင်ပြင်သို့ အလည်အပတ်သွားနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

သောင်ပြင်သို့သွားနိုင်ရန် မြစ်ကိုဖြတ်၍ ပေ ၁၀၀ အရှည်ခန့်ရှိ ဝါးတံတားနှစ်စင်း ခင်းထားသည်။ "ဒီသောင်ကြီးပေါ်လာတာကတော့ တစ်နှစ်လောက်ရှိပြီ၊ နောက်နှစ်လောက်ဆိုရင် ကမ်းနဲ့ဆက်သွားမလားပဲ၊ ရေတက်ချိန်မှာ ကမ်းလုံးပြည့်ရေရှိပေမယ့် ရေပြန်ကျချိန်တွေမှာ သောင်တွေကအနေအထား အမျိုးမျိုး ပြောင်းသွားတတ်ပါတယ်၊ မြစ်ရိုးကလည်း ကျဉ်းကျဉ်းလာတယ်၊ ဒီနှစ်သောင်ထွန်းတာလှတော့ အပန်းဖြေသူတွေအတွက်ရော စီးပွားရှာသူတွေပါ အဆင်ပြေတာပေါ့" ဟု ဘုရားအနီး နံကပ်ကျွန်းရွာနေ ဒေသခံတစ်ဦးက ပြောပြသည်။

ဧရာဝတီမြစ်အတွင်းရှိ သဲသောင်ပြင်သို့ ဝါးတံတားမှတစ်ဆင့် မသွားမီ ကမ်းဘက်ရှိကုန်းသောင်တွင် အကြော်တဲ၊ ဓာတ်ပုံအလှရိုက်သူများပြားသည့် နေကြာခင်းနှင့် သဘာဝအရိုင်းပန်းအလှနေရာများတွင်လည်း လူစည်ကားကြောင်း သိရသည်။

"သောင်ပြင်ကနေ အနောက်ဘက်ကမ်းကို မျှော်ကြည့်လိုက်ရင် မင်းဘူးမြို့က စက္ကိန်းတဲဘုရားကို ဖူးနိုင်ပါတယ်၊ မန်းရေနံမြေနဲ့ အနောက်ရိုးမတောင်တန်းတွေရဲ့ အလှကလည်း ကြည့်လို့ကို မဝဘူး" မကွေးမြို့မှ ကျောင်းဆရာကြီးတစ်ဦးဖြစ်သူ ဆရာမွန်က ပြောသည်။

ဧရာဝတီမြစ်၏ရေစီးသံနှင့်အတူ စုန်၊ ဆန်သွားလာနေသော သင်္ဘောနှင့် စက်လှေများ၊ လှေငယ်လေးများ၏ ရွေ့လျားမှုကို အလှတရားတစ်ခုအဖြစ် မြင်တွေ့နိုင်ပြီး မကွေးမြို့နှင့် မင်းဘူးမြို့တို့၏ ရင်းနှီးကျွမ်းဝင်မှုကို အဓွန့်ရှည်စေသည့် ဧရာဝတီမြစ်ကူးတံတားကြီး၏ အလှနှင့် တန်ဖိုးကိုလည်း ခံစားခွင့်ရခဲ့ကြောင်း မိသားစုဖြင့် အလည်အပတ်လာရောက်သူ ဦးအောင်သိန်းလင်းက ပြောပြသည်။

ဝါးတံတားအဆုံး သောင်ပြင်အစပ်တွင် သောင်ကျွန်းကိုပတ်ကာ အပျော်စီးနိုင်သည့် စက်လှေငယ် လေး၊ ငါးစင်းခန့် ရှိနေတတ်ပြီး လူတစ်ဦး စီးနင်းခ ကျပ် ၅၀၀ ယူကြောင်း၊ မြစ်ကူးတံတားအောက်ထိ လည်ပတ်ချင်သူများကိုလည်း ငွေကျပ် ၁၀၀၀ ဖြင့် လိုက်ပို့ရတတ်ပြီး မြသလွန်စေတီအဝင် ဘီလူးနှစ်ကောင်အနီးရှိ ဆိုင်ကယ်များအပ်နှံရာသို့ လမ်းမလျှောက်ချင်၍ လှေဖြင့် ပြန်လိုသူများကိုလည်း လှေစီးခ ကျပ် ၃၀၀ ဖြင့် ပြန်ပို့ပေးကြောင်း စက်လှေပိုင်ရှင်တစ်ဦးဖြစ်သူ ဦးနုက ပြောသည်။

မကွေးမြို့တွင် အဓိကလည်ပတ်ရန်နေရာများအဖြစ် ကမ်းနာလမ်းရှိ လက်ဖက်ရည်ဆိုင်များ၊ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်ပန်းခြံ၊ ရွှေလင်မျှော်စေတီနှင့် မြသလွန်စေတီမြတ်တို့သာ ယခင်ကရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် နှီးဘုရား၊ ကံ့ကော်တစ်ထောင်နှင့် ဧရာဝတီမြစ်သောင်ပြင်တို့မှာလည်း လည်ပတ်သွားလာစရာ စာရင်းဝင်လာခဲ့ပြီဖြစ်သည်။

စိတ်၏တင်းကျပ်မှုတစ်စုံတစ်ရာကို မူးယစ်စေတတ်သောနေရာများ၌ ဖြေလျှော့မည့်အစား လူသား၏ အနုပညာစိတ်နှင့် သဘာဝအလှတရားတို့ ဟန်ချက်ညီပေါင်းစပ်ထားသော နေရာများ၌ ဖြေလျှော့စေနိုင်မှသာ နေထိုင်ရာပတ်ဝန်းကျင်နှင့် လောက၏ သာယာငြိမ်းချမ်းမှုကို ဆောင်ကျဉ်းနိုင်မည်ဖြစ်သည်။

**ဇေယျာတု(မကွေး)**



## ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ-မတ်လထုတ် Renaissance Myanmar မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ-မတ်လထုတ် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယခုလထုတ်မဂ္ဂဇင်းကို မြန်မာ့စီးပွားရေးအထူးကဏ္ဍအဖြစ် ထုတ်ဝေထားပြီး မောင်သက်ဆွေ၊ မျိုးဇော်၊ ရဲထွန်း (သီပေါ)၊ တင်မောင်သန်း (သင့်ဘဝ)၊ ဘိုဘိုကျော်ငြိမ်း၊ စောနိုင် (ဘောဂဗေဒ)၊ သန်းစိုးနိုင်၊ မင်းသေ့၊ ဇေယျာသူ၊ ဒေါက်တာ နိုင်ဆွေဦး၊ ဦးဇော်ဦး၊ ဝေလင်းမောင်၊ စောနန္ဒာအောင်၊ ယဉ်မြ၊ ဒေါ်လှမျက်ခြယ်၊ တင့်တင့်လွင်တို့၏ ဆောင်းပါးများ ပါရှိသည်။

ယခုလထုတ်တွင် မောင်သက်ဆွေ၏ အိမ်နီးချင်း၏ အကျိုးစီးပွားနှင့် ပင်လယ်ဖြတ်ကျော်လှေစီးသူများ၊ မျိုးဇော်၏ ကမ္ဘာ့စီးပွားရေး၊ မြန်မာ့စီးပွားရေးနဲ့ ပြုပြင်ပြောင်းလဲရေးဟူသည့် အလုပ်ကိစ္စ၊ ရဲထွန်း၏ တရုတ် - မြန်မာ ဆက်ဆံရေး အပြောင်းအလဲနှင့် မြန်မာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်လာနိုင်ခြေ၊ တင်မောင်သန်း (သင့်ဘဝ) ၏ အောင်မြင်သွားသော နိုင်ငံများ၏ မူဝါဒ (၁၀)ချက်ဖြင့် ချိန်ထိုးသုံးသပ်ရမည့် ပြုပြင်ပြောင်းလဲရေး၊ ဘိုဘိုကျော်ငြိမ်း၏ ကူးပြောင်းကာလ စီးပွားရေးစိန်ခေါ်မှုများ၊ စောနန္ဒာအောင်၏ လယ်ယာစီးပွား ကြိုးစားရဦးမည်၊ ဇေယျာသူ၏ ပြည်သူ့ဆန္ဒ စီးပွားရေး၊ ဦးဇော်ဦး၏ မြန်မာ့ပဲကဏ္ဍ ကုန်သွယ်မှု အကျပ်အတည်းနှင့် ရေရှည်ရေတိုဖြေရှင်းရေး နည်းလမ်းများစသည့် ဆောင်းပါးများပါရှိသည်။

အဆိုပါမဂ္ဂဇင်းကို အထက်မြန်မာပြည်ဖြန့်ချိရေး ဝင်းဖေမောင် Amarapura Partners ဖုန်း-၀၉-၂၅၃၁၀၄၆၇၃ မန္တလေးမြို့၊ နေပြည်တော်ဖြန့်ချိရေး ဂျမ်းဘုံစာပေနှင့် စတိုး ဖုန်း-၀၉-၇၉၀၄၂၂၇၉၀ ပျဉ်းမနားမြို့နှင့် အောက်မြန်မာပြည်ဖြန့်ချိရေး စာပေနန်းတော် ဖုန်း-၀၉-၂၆၀၂၄၅၂၂၄ ရန်ကုန်မြို့မှ တာဝန်ယူဖြန့်ချိထားကြောင်း သိရသည်။ **ကြေးမုံ**

**❖ ကျောဖုံးမှ**

ဘေးအန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ဓာတ်အားလိုင်းဖြတ်သန်းရာ တစ်လျှောက်ရှိကျေးရွာများ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန်၊ လျော်ကြေးငွေများကို စနစ်တကျစိစစ်တွက်ချက်၍ ပေးအပ်သွားရန်၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင်နှင့် (၂၃၀/၆၆/၁၁) ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင်၊ ဘိုကလေးခရိုင်၊ မအူပင်ခရိုင်အတွင်းရှိ မြို့/ရွာများ၊ ဒေးဒရဲမြို့၊ ကျိုက်လတ်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအား လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကင်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲသို့ရောက်ရှိပြီး Data Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အောက်မြန်မာပြည်ရုံးခွဲ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရုံးအဆောက်အအုံများ ဖွဲ့စည်းနေရာချထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၆ မှ

စံချိန်/စံညွှန်း (၆)ဖြစ်သည့် တိတိကျကျ (သို့မဟုတ်) သေချာမှုရှိသည့် အထောက်အထားများပြနိုင်ပြီး ထူးခြားထင်ရှားသော ရိုးရာဓလေ့များ၊ အတွေးအခေါ်များ၊ ယုံကြည်မှုများ၊ အနုပညာလက်ရာများနှင့် စာပေဆိုင်ရာလက်ရာများအဖြစ် ဗုဒ္ဓဘာသာ၏အလေ့အထများဖြစ်သည့် ကုသိုလ်ပြုမှု၊ လှူဒါန်းမှု (ဒါနပြုမှု)တို့သည် ယနေ့တိုင် ရှင်သန်နေမှုရှိနေမှုတို့ဖြင့် လည်းကောင်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး သတ်မှတ်စံချိန်/စံညွှန်း ၁၀ ချက်အနက် စံချိန်/စံညွှန်း (၃)၊ (၄) နှင့် (၆) တို့ဖြင့် သက်သေပြနိုင်ပါသည်။

စံချိန်/စံညွှန်း(၃)၊ (၄)နှင့် (၆) တို့နှင့်အတူ စာတွဲ(မူကြမ်း)တွင် အလွန်အရေးပါသည့် လူသားများအတွက် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့စေရန်ရည်ရွယ်၍ ရေးဆွဲထားသော စီမံခန့်ခွဲမှုအစီအမံများ (Management Plan)ဖြစ်သည့် ဘက်ပေါင်းစုံပေါင်းစပ်ထားသော စီမံခန့်ခွဲမှုမူဘောင်(Integrated Management Framework)၊ ဘက်ပေါင်းစုံပေါင်းစပ်ထားသော ဆောင်ရွက်မည့်အစီအမံများ(Integrat-ed Action Plan)၊ ခရီးသွားလာရေးလုပ်ငန်း မဟာဗျူဟာများ (Tourism Strategy Plan)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအမံ (Disaster Risk Management Plan)နှင့် ဒေသတွင်းအစီအမံများ(Regional Plan) အစရှိသည့် အချက်အလက်အပြည့်အစုံဖြင့် ရေးသားပြုစုထားသည့် ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး စာတွဲ(မူကြမ်း) (Nomination Dossier)ကို ယူနက်စကိုရုံးသို့ တင်သွင်းလျက်ရှိပါသည်။ တစ်ဆက်တည်းမှာပင် မြောက်ဦးဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးစာတွဲ (မူကြမ်း) (Nomination Dossier) ကို ပြုစုလျက်ရှိပါသည်။

ထိုသို့ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးဆောင်ရွက်ရာတွင် အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပညာရှင်များ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင်း၌ နေထိုင်ကြသည့် ပြည်သူများကလည်း မိမိဒေသ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးဆောင်ရွက်သည့်လုပ်ငန်းစဉ်သည် အောင်မြင်မှုရရှိမည်မှာ ဧကန်အမှန်ပင် ဖြစ်ပါသည်။ သို့ပါသောကြောင့် ဒေသတွင်းပြည်သူများနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ရိုးရာအခြေခံသည့် ခေတ်မီရက်ကန်းထည်များ ထုတ်လုပ်နိုင်ရန် လက်ခတ်သံစီမံချက် ဆောင်ရွက်မည်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

ရက်ကန်းလက်မှုပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရိုးရာအခြေခံသည့် ခေတ်မီဆန်းသစ်သော လက်ရက်ကန်းထည်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် လက်ခတ်သံစီမံချက်ဖြင့် သုံးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံချက်အရ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် UK နိုင်ငံမှ ပညာရှင်နှစ်ဦးက လက်ရှိ ရက်ကန်းကျောင်းများတွင်ရှိသော သင်ရိုးညွှန်းတမ်းများ လေ့လာဆန်းစစ်ခြင်း လုပ်ငန်းကို ကူညီဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့၏ အကြံပေးချက်ဖြင့် ရိုးရာအခြေခံသော ဒီဇိုင်းသစ်များဖြင့် တီထွင်ထုတ်လုပ်နိုင်စေရန် အထည်အလိပ် ဒီဇိုင်းဆိုင်ရာ သင်ကြားရေး ဆွေးနွေးပွဲကို ဇန်နဝါရီလတွင် တစ်နိုင်ငံလုံးရှိ ရက်ကန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ဆွေးနွေးပွဲကို ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းတွင် ပြုလုပ်ခဲ့သည့်အပြင် ယခုအခါ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ရက်ကန်းထည်ဆိုင်ရာပြပွဲနှင့် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ဗြိတိသျှကောင်စီ မြန်မာမှ စီမံကိန်းမန်နေဂျာ ဒေါ်နေခြည်သွင်က ပြောသည်။

"မြန်မာ့ရက်ကန်း အတတ်ပညာကို ကမ္ဘာကသိအောင် ဖော်ထုတ်ပြသချင်လို့ ဒီပြပွဲကို ကျင်းပပေးတာပါ။ ရက်ကန်းထည်နဲ့ ပတ်သက်ပြီး ပညာရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးပွဲတွေကိုလည်း ထည့်သွင်းပြုလုပ်တာ ဖြစ်ပါတယ်၊ ဒါ့အပြင် ဒီသုံးနှစ်အတွင်းမှာ သင်ရိုးညွှန်းတမ်းတွေ အဆင့်မြှင့်ပြီး ဆရာ ဆရာမတွေရဲ့ အရည်အချင်းတွေကို မြှင့်တင်ပေးမယ့် အစီအစဉ်တွေ၊ ရက်ကန်းပညာနဲ့ ပတ်သက်လို့ ကိုးကားချက်တွေကို အလွယ်တကူရရှိနိုင်ဖို့ အစီအစဉ်တွေလည်း ပါဝင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံကျောင်းအုပ်ကြီး ဒေါ်တင့်တင့်ကလည်း "ဒီလက်ခတ်သံ စီမံချက်က လက်ရက်ကန်းဆိုင်ရာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ ခေတ်နဲ့အညီ ထွက်ပေါ်လာစေဖို့အတွက် ရည်ရွယ်တာပါ၊ ဒါကြောင့် လက်ရက်ကန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဗြိတိသျှကောင်စီနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေသလို ကျွန်မတို့ကျောင်းမှာလည်း ရိုးရာရက်ကန်းထည်ကဏ္ဍ ဖော်ထုတ်မြှင့်တင်ပေးနေတဲ့အပြင် ခေတ်မီနည်းပညာရပ်တွေကိုလည်း သင်ကြားပေးနေပါတယ်"ဟု ပြောသည်။

အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိသော လက်ခတ်သံ ရိုးရာလက်ရက်ကန်းထည်ဆိုင်ရာ ပြပွဲနှင့် ဆွေးနွေးပွဲကို ဗြိတိသျှကောင်စီ၊ Swiss agency for development and cooperation, embassy of switzerland နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာ သိပ္ပံတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲတွင် လုပ်ငန်းရှင် ၁၁ ဦး၏ ရက်ကန်းထည်များကို ဖော်ထုတ်ပြသထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သက်ငယ်မုဒိမ်းမှုအား ကြီးလေးသောအပြစ်ဒဏ်ချမှတ်ရေး Photo Campaign ပြုလုပ်

**ပခုက္ကူ ဖေဖော်ဝါရီ ၂၅**

သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရန်နှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပေါ်ခဲ့ပါက ကြီးလေးသော အပြစ်ဒဏ်ချမှတ်ပေးရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် Photo Campaign ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ မြို့မလမ်းနှင့် ထင်းတန်းလမ်းထောင့် လွတ်လပ်ရေးပန်းခြံရှေ့၌ ပြုလုပ်သည်။



သက်ငယ်မုဒိမ်းမှုမဖြစ်ပေါ်စေရန် အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာ ပြည်သူများအား ဖြန့်ဝေပေးခြင်း၊ သက်ငယ်မုဒိမ်းမှုဖြစ်ပေါ်ခဲ့ပါက ကြီးလေးသော အပြစ်ဒဏ်ချမှတ်ပေးရေး ဆန္ဒပြုလက်မှတ်များ ကောက်ခံခြင်း၊ Photo Campaign တွင် ဓာတ်ပုံဝင်ရောက်ရိုက်ကူးစေခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ Photo Campaign ကို ဒေသခံလူငယ်များက တရားဝင်ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်းဖြစ်ပြီး နံနက်ပိုင်းတွင် လွတ်လပ်ရေးပန်းခြံရှေ့နှင့် ညနေ ၃ နာရီမှ ၆ နာရီအထိ ဗိုလ်ချုပ်ပန်းခြံရှေ့တို့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

ဖတ်စရာ၊ မှတ်စရာ

# ဖေဖေကြီးကို ချစ်တယ်

Facebook ပေါ်တက်လာသည့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပြီး ရင်ထဲမကောင်းပါ။ ဝတ္ထုမဟုတ်သော နိုင်ငံရပ်ခြားက အဖြစ်အပျက်လေးတစ်ခု၊ ထို့ထက်ဆိုးရွားသော ဖြစ်ရပ်တွေ အများကြီးရှိသော်လည်း အဆိုပါသတင်းလေးသည် စာရေးသူ၏ နှလုံးသားကို အတော့်ကို လှုပ်ခတ်သွားစေခဲ့သည်။

ဖြစ်ရပ်က ရိုးရိုးလေးဖြစ်သော်လည်း တစ်မျိုးလေးတော့ဆန်းသည်။ ဖခင်လုပ်သူက ကားဝါသနာအိုး၊ ခေတ်စကားဖြင့်ပြောရလျှင် ကား Crazy ဖြစ်ပုံရသည်။ ဝယ်လိုက် ရောင်းလိုက်ဖြင့် အသစ်အသစ်တွေကိုင်ရင်း တစ်နေ့အိမ်စီးကားသစ်လေးတစ်စီး ဝယ်လာခဲ့သည်။ ကားသစ်လေးကို တစိမ့်စိမ့်ကြည့်မဝ၊ ခြင်ထောင်ချသိပ်မတတ် တယုတယ၊ သမီးဖြစ်သူက ကျောင်းနေစ ပြောတတ်ဆိုတတ်၊ ရေးတတ်ဖတ်တတ်စအရွယ် လူမမယ်။ တစ်နေ့သောနံနက်ခင်း ဖခင်နှင့်သမီးတို့ ရယ်ရယ်မောမောပြောဆိုနေကြရင်း ဖခင်လုပ်သူက သီချင်းလေးတအေးအေးဖြင့် သူ့ကားလေးကိုသ၊ သမီးဖြစ်သူက အနားမှာ ပြေးလွှားဆော့ကစား၊ မြင်ကွင်းလေးက ကြည်နူးစရာ၊ မကြာမီအရုပ်ဆိုး အကြည်းတန်လှသည့် ကြမ္မာဆိုးဝင်ရောက်လာတော့မည်ဆိုသည်ကိုတော့ သားအဖနှစ်ဦးစလုံး မသိရှာ၊ ကိုယ့်ပီတိနှင့်ကိုယ် ရှိနေကြခိုက် သမီးဖြစ်သူက မည်သို့အတွေးပေါက်သည်မသိ၊ ပြေးလွှားဆော့ကစားနေရာမှ ခဏရပ်ပြီး ဖခင်ဖြစ်သူ၏ ကားရှိရာသို့ လှမ်းလာ၍ အနီးရှိ သံချွန်တစ်ချောင်းဖြင့် ကားကို စိတ်တိုင်းကျ တဂျစ်ဂျစ်ရေးခြစ်လေတော့သည်။ ဖခင်ဖြစ်သူကလည်း သူ့အာရုံနှင့်သူ အလုပ်ရှုပ်နေရာက အသံကြား၍ လှည့်ကြည့်လိုက်သောအခါ မျက်လုံးများပြာဝေသွားပြီး ဘာကိုမှမမြင်တော့ချေ။ ငယ်ထိပ်မြွေပေါက် ဒေါသတို့အထွတ်အထိပ်ရောက်လေပြီ။ ဘာမပြော ညာမပြော သမီးဖြစ်သူကို ဆောင့်ဆွဲလိုက်ရင်း နီးစပ်ရာကားပြင်သည့်ခွတိုဖြင့် စိတ်ရှိလက်ရှိ သမီး၏လက်ကို ထုရိုက်လေတော့သည်။ သမီးဖြစ်သူမှာ နာကျင်လွန်း၍ ငယ်သံပါအောင် အော်ဟစ်ငိုကြွေးရင်း မျက်ရည်များနှင့် တစ်ကိုယ်လုံး ရွှဲနစ်နေတော့၏။ သမီးငယ်၏ နုနယ်သောလက်ချောင်းလေးများကား အညိုအမည်းစွဲရင်း ရစရာမရှိအောင် ကြေမွသွားလေသည်။ ဖခင်လုပ်သူသည် သတိလက်လွတ်လုပ်မိရာက သတိပြန်ဝင်လာသည့်အခါ သမီးဖြစ်သူကိုပွေ့ချီ ကားပေါ်တင်ပြီး နီးစပ်ရာဆေးရုံသို့ အမြန်ပို့လေ၏။ ဆေးရုံတာဝန်ကျဆရာဝန် ဆရာမများကလည်း ရောက်သည်နှင့် ချက်ချင်း အစွမ်းကုန်ကြိုးစားကုသကြသော်လည်း ကလေးငယ်ရရှိထားသည့် ဒဏ်ရာသည် ဝန်နှင့်အားမမျှ၊ ကျိုးကြေမွနေသည့်အတွက် လက်ချောင်းလေးများ ပြန်ဆက်ဖို့ရာ မဖြစ်နိုင်တော့ချေ။ တစ်ဖန် ထိုအတိုင်းထားပြန်ကလည်း ကျန်သောကိုယ်အင်္ဂါ အစိတ်အပိုင်းများ ထိခိုက်သွားနိုင်သည်။ သို့ဖြစ်၍ အားချင်းဆိုသလို လက်ကောက်ဝတ်မှဖြတ်လိုက်ရသည်။ ဖခင်လုပ်သူသည် ယူကြုံးမရ သွေးရူးသွေးတန်းဖြင့် အရူးကြီးပမာ ရုတ်ချည်းအိမ်ကို ပြန်ပြေးလေ၏။ အိမ်ပြန်ရောက်သည်နှင့် သူအင်မတန်မြတ်နိုးတွယ်တာလှသည့်ကားကို ထုရိုက်ကန်ကျောက် ဖျက်ဆီးပစ်တော့သည်။ ထိုစဉ်သမီးငယ် သံချွန်ဖြင့် ရေးခြစ်သွားသောနေရာလေးကို သတိပြုမိပြီး အသေအချာဖတ်ကြည့်လိုက်သည့်အခါ "I Love my dad" ဖေဖေ့ကိုချစ်တယ် အဓိပ္ပာယ်ရသည့် စာသားကို တွေ့လိုက်ရသည်။ သင့်၏ မသင့်၏



မစဉ်းစားတတ်သေးသည့်၊ ဖခင်အပေါ် သိပ်ချစ်ကြောင်းပြလိုသည့် သမီးငယ်အပေါ် အရက်စက်ဆုံး ပြုမူခဲ့မိပြီ။ ဖခင်ဖြစ်သူသည် လှိုက်၍လှိုက်၍ ရင်ထဲဆို့တက်လာသည့် ဝေဒနာကို ဆက်လက်ခံစားဖို့ရာ မစွမ်းသာ၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတော့သည်။ အတိတ်ဝဋ်ကြွေးဟုပင် ဆိုရမည်လား၊ သဗ္ဗေသတ္တာ ကံမသကာ၊ သတ္တဝါတစ်ခု ကံတစ်ခုဟု ဆိုကြသော်လည်း မဆင်ခြင်မိုက်မှား ဖခင်လုပ်သူ၏ ပစ္စည်းပေါ်တပ်မက်လွန်းသည့် လောဘ၊ ခက်ထန်လွန်းသည့် ဒေါသ၊ အမှားအမှန်ဆင်ခြင်နိုင်စွမ်းမရှိသည့် မောဟတို့ကြောင့် လျှပ်တစ်ပြက်အတွင်း မထင်မှတ်ဘဲ ဘဝပျက်ခဲ့ကြရသည်။

ဒေါသသည် လွန်စွာကြောက်မက်ဖွယ်ရာကောင်း၏။ ရှို့မီးလောင်စာနှင့်တူပြီး အဆိုးဘက်သို့သာ ဦးတည်လေ့ရှိသည်။ ထိုဖြစ်ရပ်လေးမှာ ဖခင်လုပ်သူသည် ဆင်ခြင်တုံတရားမဲ့သူဖြစ်သော်လည်း သမီးလေးအပေါ် မေတ္တာမဲ့သူကားမဟုတ်။ မေတ္တာမဲ့ပါက ထိုသူသည် နောင်တရစရာ၊ ကြေကွဲစရာအကြောင်းမရှိ။ ဒေါသရှေ့ထား မှားတတ်ကြသော်လည်း လောက၌ သားသမီးအပေါ် မေတ္တာပျက်သည့်၊ မုန်းတီးသည့် မိဘဟူသည်မရှိ။ သားသမီးများအပေါ်ထားရှိသည့် မိဘတို့၏ မေတ္တာတရားကား အတိုင်းအဆမရှိ ကြီးမားလှသည်။ သို့ဖြစ်၍ ဗုဒ္ဓဘုရားရှင်က မိဘများကို အနန္တဂိုဏ်းဝင်အဖြစ် သတ်မှတ်ဟောကြားတော်မူခဲ့သည်။

တချို့သောမိဘများ သားသမီးကို ကောင်းစေချင်၍ ဆိုဆုံးမကြရာက လက်လွန်ခြေလွန်ဖြစ်ပြီး သားသမီးများ အပြင်းအထန်ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း စသည့် သတင်းများ မကြာခဏ မကြားချင်ဘဲ ကြားနေရသည်။ သတိလက်လွတ် မဖြစ်သင့်ကြပေ။ နောင်မှ နောင်တရသည့်အဖြစ်ဆိုးမျိုး မကြုံကြစေလို။ ထိုဆန္ဒဖြင့် ဤဆောင်းပါးကို ရေးသားရပါသည်။

အဆိုတော် ကိုမြကြီး သီဆိုထားသည့် "ဖေဖေကြီးကိုချစ်တယ်" သီချင်းထဲကလို ကြည်နူးပြုံးပျော်စရာကောင်းသည့် မိသားစုဘဝများ ပိုင်ဆိုင်နိုင်ကြပါစေ. . . .

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးလုပ်ငန်းအပေါ် လေ့လာဆန်းစစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

သံလွင်(နိုင်ငံသားစွမ်းရည်မြှင့်)အဖွဲ့က လေ့လာဆန်းစစ်ထားသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးလုပ်ငန်း သုတေသန မိတ်ဆက်ခြင်းကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ City Star ဟိုတယ်၌ ကျင်းပခဲ့သည်။

"ဒီပွဲရဲ့အဓိကရည်ရွယ်ချက်ကတော့ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရဲ့လုပ်ငန်းတွေ၊ အားနည်းချက်တွေ၊ အခက်အခဲတွေကို ပြုပြင်နိုင်ဖို့အတွက် လုပ်တာပါ။ အဲဒါကို အထောက်အပံ့ဖြစ်စေမှာကတော့ ကော်မတီတွေသာမက သိမ်းဆည်းခံလယ်သမားတွေအတွက်လည်း မြေပြန်လည်ရရှိရေးကို အထောက်အပံ့ဖြစ်စေမှာပါ"ဟု ဦးသီဟသူ (ဒါရိုက်တာ၊ သံလွင်အဖွဲ့)က ပြောသည်။



အဖွဲ့၏ ကွင်းဆင်းသုတေသနပြုလုပ်ချက်များအရ တွေ့ရှိရသည့် အားနည်းချက်များမှာ ဗဟိုကော်မတီ၏ မူဝါဒပိုင်းများသာမက လယ်ယာမြေပြဿနာများနှင့် ပတ်သက်သည့်တိုင်ကြားစာများကိုလည်း မည်သည့်ကော်မတီအဆင့်မှ စတင်တိုင်ကြားရမည်ဆိုသည့်စနစ်ကို ထားရှိခြင်းမရှိသည့်အတွက် တိုင်စာများရှုပ်ထွေးဖောင်းပွနေခြင်းများဖြစ်ပေါ်နေကြောင်း ဦးသီဟသူက ဆက်လက်ပြောသည်။

"အားနည်းချက်တွေအနေနဲ့က ဗဟိုကော်မတီရဲ့မူဝါဒတွေအားနည်းတယ်၊ နောက်တစ်ခုက ဗဟိုကော်မတီရဲ့ ညွှန်ကြားချက်တွေအောက်မှာမလုပ်ဘူး၊ ရှုပ်ထွေးနေတာတွေရှိတယ်၊ ဘယ်လိုလဲဆိုရင် အရင်အစိုးရလက်ထက်တုန်းက မြေစုံစမ်းရေးကော်မရှင်တစ်ခုတည်းထားတယ်၊ အဲဒီမှာ တိုင်စာတွေကိုတစ်ခုတည်းလုပ်တယ်၊ အခုကျတော့ အမျိုးမျိုးတိုင်တော့ တိုင်စာတွေဖောင်းပွတယ်၊ register လည်းမလုပ်နိုင်ဘူး၊ အဓိကပြောချင်တာက အရင်တုန်းက မြေသိမ်းဆည်းမှုမှာ အဓိကပါဝင်နေတဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရယ်၊ မြေစာရင်းဦးစီးဌာနရယ်၊ ဒီလူတွေကမြေ၊စစ်ကော်မတီမှာ အဓိကကျတဲ့အခန်းကဏ္ဍကပြန်ပါနေတဲ့အတွက် သူတို့လုပ်ပြီးသားအမှုတွေကို ပြန်စစ်ရတာဆိုတော့ တရားသူကြီးလည်းသူတို့ လုပ်ခဲ့တာလည်းသူတို့ဆိုသလိုဖြစ်နေတယ်၊ အစိုးရအနေနဲ့ မြေ၊စစ်ကော်မတီကို ပြန်လည်ပြုပြင်ပြီး ကောင်းအောင်လုပ်နိုင်ဖို့အတွက် တိုက်တွန်းချင်ပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့လူမှုအဖွဲ့အစည်းအတွင်း ဒီမိုကရေစီ အလေ့အထများပိုမိုဖွံ့ဖြိုးစေရန်နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ အားကောင်းလာစေရန် ရည်ရွယ်ချက်ဖြင့် သံလွင်အဖွဲ့ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့အနေဖြင့် နိုင်ငံတွင်း လယ်ယာအဓိကလုပ်ကိုင်ရာဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်၊ မအူပင်ခရိုင်များမှ သိမ်းဆည်းခံတောင်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး အဆင့် (မြေ၊စစ်) ကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်းကာရရှိခဲ့သည့် စစ်တမ်းအရ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် မြေယာသိမ်းဆည်းခံရမှုများကြောင့် ဆုံးရှုံးနစ်နာခဲ့မှုများကို ပြန်လည်ကုစားရန် အစိုးရဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ထိရောက်သော အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခင်ဇာလီ**

# ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသည့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(AGRICULTURE DEVELOPMENT SUPPORT PROJECT - ADSP) ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (နေပြည်တော်)ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့အား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(နေပြည်တော်)လက်ထောက်ညွှန်ကြားရေးမှူးက စီမံကိန်းဆိုင်ရာများနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဝင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအပေါ် သတ်မှတ်ပုံစံအတိုင်း စနစ်တကျဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ADSP စီမံကိန်းမှာ ဆင်သေလက်ဝဲမြောင်းရေသောက်စနစ် မြောင်းမကြီး အာဒီ-၁၄၀၀၀မှ ၅၉၀၀၀ ထိ မြောင်းပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့် အာဒီ-၁၄၀၀၀ မှ ၄၁၀၀၀အတွင်း လိုအပ်သောနေရာများတွင် ကျောက်ကြီးလိုင်နင်စီခြင်းလုပ်ငန်း၊ တူးမြောင်းအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ဆင်သေလက်ဝဲမြောင်းရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းပြီးစီးပါက ရေလေလွင့်ဆုံးရှုံးမှု ၄၀ ရာခိုင်နှုန်းသက်သာမည့်အပြင် ရေပေးဝေရာတွင် သတ်မှတ်နေရာများသို့ လုပ်ငန်းမဆောင်ရွက်မီ အချိန်ထက် ငါးဆပိုမိုဆောလျင်စွာ ရောက်ရှိနိုင်မည်ဖြစ်ကာ စိုက်ပျိုးမြေဧရိယာများသို့ ပိုမိုတိုးချဲ့ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၇ ဒသမ ၂၂၄ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၀၂၃ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | - | ၂၀.၅၀၀* | - | ၄၃.၀၀၀* |
| ၂။ | စက်မှုကဏ္ဍ | ၉ | ၂၄.၂၃၄* | ၈ | ၂၃.၇၁၅ |
| ၃။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၂၄၂.၃၉၀ | - | - |
| ၄။ | အိမ်ယာအဆောက်အဦကဏ္ဍ | - | - | ၁ | ၇၂.၀၀၀ |
| ၅။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၂ | ၇.၁၀၀ | - | - |
| ၆။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၁ | ၁၃.၀၀၀ | ၂ | ၃၅.၁၀၀ |
| ၇။ | လယ်ယာကဏ္ဍ | - | - | ၁ | ၂.၂၀၈ |
| | စုစုပေါင်း | ၁၃ | ၃၀၇.၂၂၄ | ၁၂ | ၁၇၆.၀၂၃ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၂၆၈၄၈၉ ဒသမ ၁၃၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် ၁၂၉၂၉၇ ဒသမ ၂၇၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဒီဇင်ဘာလ | | ဇန်နဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁ | ၄၄.၇၁၅.၂၆၇ | - | - |
| ၂။ | အိမ်ယာ အဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၃၆,၀၀၀.၀၀၀ | ၁ | ၅,၅၀၀.၀၀၀ |
| ၃။ | စက်မှုကဏ္ဍ | ၁ | ၈၄,၉၆၂.၁၆၀ | ၂ | ၁,၄၇၀.၁၁၆ |
| ၄။ | ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ | ၁ | ၁၀.၀၀၀.၀၀၀ | ၂ | ၇၅,၈၀၀.၀၀၀ |
| ၅။ | ဆောက်လုပ်ရေးကဏ္ဍ | - | - | - | ၂.၇၀၇.၄၉၃* |
| ၆။ | မွေးမြူရေး နှင့် ရေလုပ်ငန်း ကဏ္ဍ | - | - | ၂ | ၁၀၀.၀၀၀ |
| ၇။ | လျှပ်စစ်ဓါတ်အား ကဏ္ဍ | ၁ | ၉၁.၉၃၁.၃၅၀ | - | - |
| ၈။ | လယ်ယာလုပ်ငန်း | ၁ | ၈၀.၀၀၀ | - | - |
| ၉။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၈၀၀.၃၆၀ | ၅ | ၄၃,၇၁၉.၆၆၁ |
| | စုစုပေါင်း | ၇ | ၂၆၈,၄၈၉.၁၃၇ | ၁၂ | ၁၂၉,၂၉၇.၂၇၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာလ | ဇန်နဝါရီလ |
| ၁။ | လယ်ယာကဏ္ဍ | - | ၂၃ |
| ၂။ | မွေးမြူရေး နှင့် ရေလုပ်ငန်းကဏ္ဍ | ၉၂ | - |
| ၃။ | စက်မှုကဏ္ဍ | ၈,၂၉၁ | ၄,၀၈၄ |
| ၄။ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၆၄ | - |
| ၅။ | အိမ်ယာအဆောက်အဦတည်ဆောက် ဖွံ့ဖြိုးမှု ကဏ္ဍ | - | ၅၃၀ |
| ၆။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၇ | ၁၂၄ |
| | စုစုပေါင်း | ၈,၄၆၄ | ၄,၇၆၁ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဒီဇင်ဘာလအတွင်း | ဇန်နဝါရီလအတွင်း |
| ၁။ | လျှပ်စစ်ဓါတ်အားကဏ္ဍ | ၄၆ | - |
| ၂။ | စက်မှုကဏ္ဍ | ၂၂၄ | ၃၃၁ |
| ၃။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၁၂၅ | ၄၈၈ |
| ၄။ | အိမ်ယာ နှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှု ကဏ္ဍ | ၂,၆၀၀ | ၂၇၉ |
| ၅။ | မွေးမြူရေး နှင့် ရေလုပ်ငန်း ကဏ္ဍ | - | ၆၃ |
| ၆။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | ၅၈ | - |
| ၇။ | လယ်ယာကဏ္ဍ | ၃၁ | - |
| ၈။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၁၈ | ၁,၀၃၃ |
| | စုစုပေါင်း | ၃,၁၀၂ | ၂,၁၉၄ |

**သတင်းစဉ်**

# တန်ဖိုးထား မြတ်နိုးထိုက်သော အစွမ်းထက်သည့် မြန်မာ့တိုင်းရင်းဆေးပညာ

**မင်းလပြည့်**

တောင်ပေါ် ဆောင်းရာသီမို့ မြူနှင်းများကျ၍ အေးစိမ့်နေသည်။ ညာဘက်လက်က မြောက်၍မရ နာကျင်နေသည်။ လွန်ခဲ့သော နှစ်လခန့်က ခြံဝင်းထဲ မြက်ရှင်းရင်း လက်ထောက်မိ၍ နာနေခဲ့သည်ကို သတိရမိသည်။ ပြည်နယ်တိုင်းရင်းဆေးမှူး ဦးခင်မောင်ဝင်းကို ပြောပြမှ သူက လက်အကြောကပ်နေကြောင်း၊ ကုသရန်လိုကြောင်း ပြောသဖြင့် ဟားခါးမြို့နယ် တိုင်းရင်းဆေးခန်းသို့ သွားရောက်ခဲ့သည်။ တိုင်းရင်းဆေးခန်းတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ရည်မှန်းချက်၊ အရသာ ခြောက်ပါး အကျိုးသွား၊ ဥတုဘောဇန သင်္ဂဟ၊ နက္ခတ်နှင့်ယှဉ် ရာသီခွင် အစဉ်သတိပြု ကျန်းမာမှု၊ အအေးမိနှာစေး၊ ချောင်းဆိုးဖြစ်လာလျှင်၊ ဥတုအကြိုက်နေထိုင်လိုက်မှ ကျန်းမာသုခပြည့်စုံရ၊ ကျမ်းဂန်လာ ၁၂ လရာသီ ပန်းဆေးသုံးနည်းများ၊ အနှိပ်ဆရာနှင့် အကြောပြင်ဆရာ ကွာခြားချက်ဟူသော တိုင်းရင်းဆေးပညာပေး ကျန်းမာရေးပိုစတာများ ကပ်ထားသည်ကို စိတ်ဝင်စားဖွယ် ဖတ်ရှုတွေ့ရှိရသည်။

**တိုင်းရင်းဆေးပညာအရေးပါမှု**

အနှိပ်ဆရာသည် ကျရောက်သောရောဂါကို လက်ဖြင့် သို့မဟုတ် အခြားအကြောပြင်နည်းဖြင့် အသုံးပြုသင့်သည်ကိုလည်းကောင်း၊ မည်သည့်ပညာရပ်ကိုမှ သိရှိနားလည်မှုမရှိဘဲ အညောင်းပြေ၊ အပျင်းပြေ၊ အဖျော်ဖြေခံ၊ အဖြည့်ခံလူများကို လက်ဖြင့် နှိပ်ခြင်း၊ ပွတ်ခြင်း၊ ပုတ်ခြင်း၊ ချိုးနည်းမျိုးစုံတို့ ဆောင်ရွက်သူသာ ဖြစ်ကြောင်း၊ အကြောပြင်ဆရာသည် အကြောနှင့်ဆိုင်ရာ နှိပ်ကွင်း၊ နှိပ်ကွက်၊ အန္တရာယ်ပြုနိုင်သော သေကွင်းဌာန (မမ္မဌာန)တို့ကို သိရှိရပြီး ရောဂါပြုပြင်ကာကွယ်ဟန်ကို တတ်မြောက်ကျွမ်းကျင်သူဖြစ်ရမည့်အပြင် အကြောနှင့် ဆိုင်ရာခန္ဓာဗေဒကို အထူးသိရှိနားလည်ထားသူကို ဆိုလိုကြောင်း သိရှိရသည်။ တိုင်းရင်းဆေးခန်းသို့ နေ့တိုင်းသွား၍ ကုသသည့်အခါ မြို့နယ်တိုင်းရင်းဆေးမှူးမှ အကြောပြင်ပေးခြင်း၊ မုန်ညင်းဆီ သို့မဟုတ် နှမ်းဆီဖြင့် စိမ်၍ အဝတ်ထုပ်ငယ်တွင် ကြက်ဆူရိုးနီရွက်၊ ပဒိုင်းရွက်၊ ကြောင်ပန်းရွက်၊ သက်ရင်းကြီးရွက်၊ ရှောက်ရွက်၊ ဖုံးမသိန်ရွက်များထည့်၍ ကြပ်ထုပ်ထိုးပေးခြင်းဖြင့် ပြုလုပ်သဖြင့် သက်သာပျောက်ကင်းလာပါသည်။ မြန်မာ့တိုင်းရင်းဆေးအပေါ်တွင် ယုံကြည်ကိုးစားမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ မြန်မာ့တိုင်းရင်းဆေးအပေါ် စိတ်ဝင်စားလာပြီး ဆေးပညာ၏အရေးပါမှုကို ရေးသားတင်ပြရန် စိတ်ကူးပေါ်လာခဲ့ပါသည်။ ဟားခါးမြို့နယ် တိုင်းရင်းဆေးကုခန်းနှင့် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများသည် ဒေသခံပြည်သူများနှင့် ရပ်ဝေးမှ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၌ ဖြစ်လေ့ဖြစ်ထရှိသော အကြော၊ အရိုးအဆစ်ရောဂါများ၊ ထိခိုက်ဒဏ်နာ ဖြစ်သူများ၊ ကလေးသူငယ်ရောဂါများ၊ အမျိုးသမီးရောဂါများ၊ အနာပေါက်၊ နှင်းခူ၊ လိပ်ခေါင်း၊ ဝဲ/ယားနာ ရောဂါများ၊ လေထိုးလေအောင့် အစာမကြေရောဂါများအား နေ့စဉ်လာရောက်ကုသနေကြောင်း တွေ့ရပါသည်။

**နယကြီး လေးပါး**

မြန်မာ့တိုင်းရင်းဆေးပညာတွင် နယကြီး လေးပါးရှိကြောင်း သိရှိရပါသည်။ ၎င်းတို့မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယ၊ ဝိဇ္ဇာဓရဆေးပညာဟူ၍ ဖြစ်ပါသည်။ ဒေသနာနယဆိုသည်မှာ မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာဒေသနာ တရားတော်ကို အခြေခံပြီး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော ဓာတ်ကြီး လေးပါးနှင့် ရုပ်တရား၊ နာမ်တရားတို့တွင် အနာရောဂါဝေဒနာဖြစ်ပေါ်မှုကို စမ်းသပ်စစ်ဆေးကုသသည့် ဆေးပညာရပ်ဖြစ်ပါသည်။ ဘေသဇ္ဇနယဆိုသည်မှာ အာယုဗေဒဆေးပညာကို အခြေပြုပြီး ဒေါသ သုံးပါး၊ ဓာတ် ခုနစ်ပါး၊ မလ ၁၂ ပါး တို့ဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်တွင် အနာရောဂါဝေဒနာဖြစ်ပေါ်လာမှုကို စမ်းသပ်စစ်ဆေးကုသသည့် ဆေးပညာတစ်ရပ်ဖြစ်ပါသည်။ နက္ခတ္တဗေဒနယ ဆေးပညာဟူသည်မှာ ကောင်းကင်ရှိ နေ၊ လ၊ ဂြိုဟ်နှင့်တကွ အာကာသနက္ခတ်၊ ဓာတ်နက္ခတ်၊ ကိန်းနက္ခတ်တို့ကို တွက်ချက်၍ စမ်းသပ်စစ်ဆေးကာ ဓာတ်တိုင်တူ၊ ဓာတ်စာပေးသည့် နည်းစနစ်ဖြစ်သည်။ ဝိဇ္ဇာဓရ ဆေးပညာဆိုသည်မှာ လောကီ၊ လောကုတ္တရာအကျိုးစီးပွားအတွက် ရုပ်ဓာတ် ကိုးပါး၊ နာမ်ဓာတ် ကိုးပါးတို့ကို နည်းပညာဖြင့် ဆေးဝါးအသွင်ပြုပြင်၍ လည်းကောင်း၊ ဘုရားရှင်ဟောကြားတော်မူသော ပရိတ်တရားတော်ကို အသုံးပြု၍လည်းကောင်း စမ်းသပ်စစ်ဆေးကုသသည့် ကျန်းမာရေးဆေးပညာဖြစ်သဖြင့် လေးစားဂုဏ်ယူမိပါသည်။

**အထောက်အပံ့ဖြစ်စေ**

ကျန်းမာရေးအတွက် မျက်လုံးများသည် အလွန်အရေးကြီးပါသည်။ မျက်လုံးကြည်လင်ကောင်းမွန်စေရန် ရေကြည်သန့်သန့်ကို အသုံးပြုခတ်ပေးသင့်ပါသည်။ အလားတူ အပူအစပ်များကိုရှောင်ခြင်း၊ အညောင်းထိုင်ခြင်းမှ သက်သာစေရန် လမ်းလျှောက်ခြင်းနှင့် အခြားကစား ခုန်စားမှုများကို ပြုလုပ်ပေးခြင်းဖြင့် ကိုယ်ခန္ဓာ နှလုံးသွေးလည်ပတ်၍ ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ ကျန်းမာရေးအတွက် ဆီးစစ်ဆေးသင့်ပါသည်။ ဆီးဖြူသည်၊ ဝါသည်ကိုလည်းကောင်း သုံးလတစ်ကြိမ် (သို့မဟုတ်) ခြောက်လတစ်ကြိမ် ဆရာသမားနှင့် စစ်ဆေးကာ ရောဂါဘယကင်းရှင်း၊ ကျန်းမာခြင်း ရှိ၊ မရှိ စိစစ်ရပါမည်။ စာအုပ် စာတမ်းများကိုလည်း ဖတ်ရှုလေ့လာရပေမည်။ အာဟာရပြည့်ဝရန် အစားအသောက်များအား ရွေးချယ်စားသုံးခြင်း၊ ရေကောင်းရေသန့် သောက်သုံးခြင်း၊ သန့်ရှင်းသောလေအား ရှူရိုက်ခြင်း၊ လမ်းလျှောက်ခြင်း၊ ခန္ဓာကိုယ် လှုပ်ရှားမှုပြုလုပ်ခြင်းအပြင် ဆေးလိပ်၊ ကွမ်း၊ အရက် စသည်တို့ကို ရှောင်ကြဉ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်၍ အသက်ရှည်စေနိုင်ပါမည်။

**ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ**

ကမ္ဘာ့လူသားအများစုသည် သွေးချို၊ ဆီးချိုရောဂါရှိခြင်း၊ ဝလွန်းခြင်း၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ မျက်စိမှုန်နှင့် ခုခံအားကျဆင်းမှုရောဂါ၊ သွေးအားနည်းရောဂါဖြစ်သူများ၊ အရက်အလွန်အကျွံ သောက်သူများဖြင့် သေဆုံးလျက်ရှိပါသည်။ သွေးချို၊ ဆီးချိုရောဂါရှိသူများသည် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် ဟူသော အရသာ ခြောက်ပါးအနက် အေး၊ ချို၊ ဆိမ့်၊ ဖန် အရသာကို လွန်ကဲစွာ စားသုံးမိခြင်းကြောင့် ရောဂါဖြစ်ပွားကြရပါသည်။ သွေးချို၊ ဆီးချို ကျဆင်းစေရန် ပြည်ပန်းညို၊ ဆူးဖြူ၊ ပိတ်သင်းခတ်၊ ပြည်ညောင်၊ ညောင်သပြေ၊ ညောင်ဗောဓိ၊ ပိုးစာပင်၊ ပင်စိမ်းနက်၊ သပြေချဉ်၊ ထောက်ရှာ၊ ဒန္တသုခပင်၊ ဆေးခါးကြီး၊ ကောက်လှိုင်းတီ၊ ဆင်နှာမောင်းကြီး၊ နန္ဒင်းခါး၊ မြက်မုန်ညင်းပင်တို့ကို သိပ္ပံနည်းကျ သုတေသနပြုပြီး ဖော်စပ်ထားရာ ထိရောက်မှုရှိသဖြင့် အနာဂတ်တိုင်းရင်းဆေးလောကအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

**အသက်ရှည်စေ**

အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသကဲ့သို့ ကြက်ဟင်းခါးသီးသည်လည်း ဆီးချိုရောဂါရှင်များအတွက် အသုံးဝင်သော ဆေးတစ်မျိုး ဖြစ်ပါသည်။ အလားတူပင် လေနာရောဂါဖြစ်သူများအတွက် ဆင်တုံးမနွယ်အမှုန့်ကို ပျားရည်နှင့်တေ၍စားခြင်း၊ ဆင်တုံးမနွယ်ကို ပြာချ၍၊ ယင်းပြာကို ဆားချက်ပြီးလျှင် ပျားရည် ၅၀ ကျပ်သား၌ ဆား တစ်ကျပ်သားထည့်၍ တစ်ခါစား ထမင်းစားဇွန်းတစ်ဇွန်းခန့် နံနက် တစ်ဇွန်း၊ ည တစ်ဇွန်းစားပါက ကောင်းမွန်ကြောင်း သိရှိရသည်။ ၎င်းအပြင် ကျွဲ၊ နွားများ ခွာနာ၊ လျှာနာဖြစ်ပါက ဆင်တုံးမနွယ်ကို စဉ်း၍ ဆန်ဆေးရေနှင့် တိုက်ပါက ရောဂါဟူသမျှ ပျောက်ကင်း၍ အသက်ရှည်စေကြောင်း သိရှိရပါသည်။ ဆီးချိုရောဂါရှင်များအတွက် အိပ်ပျက်ခံခြင်း၊ ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ပူသောနေရာများတွင် နေထိုင်ခြင်း၊ ငန်၍ဆားများသော အစာများ စားသုံးခြင်း၊ ဆီကြော်မုန့်အမျိုးမျိုးနှင့် ဆီများသော အစားအစာများ စားသုံးခြင်း၊ ကြေကျက်ခဲသော အစာများစားသုံးခြင်း၊ အေး၊ ချို၊ ဆိမ့်အရသာရှိသော အစာများ၊ ဖျော်ရည်နှင့် ချိုသော အသီးများ၊ ထန်းလျက်၊ သကြားတို့နှင့်ပြုလုပ်သော မုန့်များ၊ ရောဂါပြင်းထန်ပါက ကစီဓာတ်များသော ထမင်း၊ ဂျုံတို့ကို ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

**ဆေးဖက်ဝင်**

ရောဂါဝေဒနာရှင်များ ကျန်းမာရေးအတွက် တိုင်းရင်းဆေးဝါးဖော်စပ်ရာတွင် ပိတ်ချင်းသီး၊ ပိတ်ချင်းမြစ်၊ ချင်းစစ်၊ စရို၊ ကန့်ချုပ် ဟူသော ပဉ္စကူ(၅)ပါးကို အသုံးပြု၍ ဖော်စပ်ရကြောင်း၊ ချင်းတွင် ရိုးရိုးချင်း၊ ချင်းမင်း၊ ချင်းပုံ၊ ချင်းခါး၊ ချင်းဆူးပေါက်၊ ချင်းမြစ်ပုံ၊ ချင်းခြောက်ဟူ၍ရှိကြောင်း၊ မြန်မာ့တိုင်းရင်းဆေးတွင် ချင်းဖီး၊ ချင်းဖြီးဟူ၍ တွေ့ရကြောင်း၊ ချင်းဖြီး ဟူသည် အဆိပ်၊ မြွေဆိပ်၊ သစ်ပင်တို့မှဖြစ်သော အဆိပ်တစ်ပါးပါးကို ဆိုလိုကြောင်း၊ ချင်းသည် ဆေးဖက်ဝင်ကြောင်း သိရှိရသည်။ အလားတူပင် ပျားရည်သည်လည်း ဆေးဖက်ဝင် ဆေးတစ်မျိုးပင် ဖြစ်ပါသည်။ ပိန်သောသူများ ပျားရည်သောက်ပါက ဝလာရသည်မှာ ခန္ဓာကိုယ်အတွင်းရှိ အငုတ်အခိုး၊ အပုပ်အခိုးတို့ကို သန့်စင်သွားအောင် ကူညီပေးသောကြောင့် ဖြစ်ပါသည်။ ပျားရည်ကို သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ သွေးအညစ်အကြေး၊ ကစီ၊ ချွဲသလိပ်နှင့် ဒေါသလေတို့ကို စွန့်ပယ်စေသောကြောင့် ဝသောသူများသည်လည်း ပိန်စေပါသည်။ ဆေးဖက်ဝင် အသီးတစ်မျိုးဖြစ်သော ဆီးဖြူသီးသည်လည်း ပိတ်ချင်းသီးအမှုန့်၊ ပျားရည်တို့ဖြင့် ရောကျွေးပါက ကြို့ထိုးရောဂါ ပျောက်ကင်းစေကြောင်း၊ ဆီးအောင့်၊ ဆီးလွန်၊ မီးယပ်ဖြူဆင်းရောဂါ၊ လျှာကွဲခြင်း၊ ပါးစပ်ကွဲခြင်း၊ အဖုပေါက်ခြင်း၊ မျက်စိမှုန်ဝေ အားနည်းခြင်းများကိုလည်း ပျောက်ကင်းစေသော သတ္တိရှိသဖြင့် မှီဝဲစားသုံးသင့်ပါသည်။ မြင်းခွာရွက်သည် ဆေးဖက်ဝင်ပြီး ရေမြင်းခွာ၊ မြင်းခွာကြီး၊ ပန်းမြင်းခွာ၊ ဆေးမြင်းခွာ တို့ရှိကြောင်း သိရှိရသည်။ မြင်းခွာရွက် ခြောက်ကျပ်သား၊ ပိတ်ချင်းသီး သုံးကျပ်သား၊ ငရုတ်ကောင်း နှစ်ကျပ်သား၊ ချင်းခြောက် တစ်ကျပ်သားအား ပျားရည်နှင့်တေစားပါက ဆီးအောင့်၊ ဆီးကျင်သောရောဂါ၊ မျက်စိမှုန်ခြင်း၊ မှတ်ဉာဏ်အားနည်းသောရောဂါ၊ ခုခံအား၊ ကိုယ်ငွေ့အားနည်းသူများအတွက် အထူးသင့်လျော်သော ဆေးဖြစ်ကြောင်း သိရှိရပါသည်။

**ဆင်တုံးမနွယ်**

လေဘုရင်ဟု ထင်ရှားသော ဆင်တုံးမနွယ်သည် နေရာမရွေး ပေါက်ရောက်တတ်ပြီး အညှီ၊ အညစ်အကြေးပိတ်ဆို့မှုကို ချေဖျက်နိုင်ပြီး ရောဂါဟူသမျှအား ကာကွယ်ပေးရန် အကျိုးပြုတတ်သောကြောင့် တိုင်းရင်းဆေးပညာရှင်များအတွက် အသုံးဝင်သော ဆေးဖက်ဝင်အနွယ်တစ်မျိုးဖြစ်ပါသည်။ လေထိုး လေနာ ဖြစ်သူများသည် ဆင်တုံးမနွယ်ကို ဆားနှင့်သွေး၍ အနည်းငယ် သောက်သင့်ပါသည်။ အဆိပ်အတောက်မိသူများသည် ဆင်တုံးမနွယ်ကို သုံးခွက် တစ်ခွက်တင် ကျို၍သောက်သုံးသင့်ပါသည်။ ၎င်းအပြင် ဆေးဖက်ဝင် ဆေးတစ်မျိုးဖြစ်သော ပရန္ဓဝါ(ဆင်ဖြာသဲပင်)၌ အဖြူ၊ အပြာ၊ အနီ သုံးမျိုးရှိပြီး ဝမ်းမီးကို တောက်စေခြင်း၊ ဝမ်းသက်စေခြင်း၊ ဆီးရွှင်စေခြင်း၊ ချွေးထွက်စေခြင်း၊ သလိပ်ကို ပယ်ဖျောက်ခြင်း၊ အန်ခြင်း၊ အူရောင်ခြင်း၊ ဖောရောင်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။ ၎င်းအပြင် ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ ဆီးဖြူသီး၊ အိပ်မွေ့သီး၊ ကံ့ကော်ဝတ်ဆံ၊ ပိတ်ချင်းသီး၊ လင်းနေ၊ ဖာလာစေ့၊ သဘော်၊ ချင်းခြောက်၊ မြက်မုန်ညင်း၊ ငရုတ်ကောင်း၊ သစ်ကြံပိုးခေါက်၊ ကရဝေးရွက်၊ မန်ကျည်းသီး၊ မန်ကျည်းမြစ်၊ ဆူးပန်းပင်၊ ကြောင်လျှာပင်၊ ကန့်ချုပ်နီပင်၊ ယာကဲ၊ မီးကွင်းဂမုန်းပင်၊ ရှားစောင်းသိင်္ဂနိုက်၊ လက်ပံပွင့်၊ ဥသျှစ်သီး၊ ရှားစောင်းလက်ပပ်၊ မန်ကျည်းပနီခေါက်၊ ဆူးကောက်နက်အခေါက်၊ ငရုတ်ကောင်း၊ ပေါက်ပန်းဖြူရွက်၊ တမာရွက်၊ နနွင်းမှုန့်၊ ကန့်ကလာပဥ္စငါးပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကံ့ကော်ပွင့်၊ ကံ့ကော်ဝတ်ဆံအမှုန့်၊ စံကားဝါပွင့်၊ စံပယ်ပွင့်၊ မြတ်လေးပန်းပွင့်၊ ခတ္တာပန်း၊ ယင်းမာပွင့်၊ သဇင်ပန်းပွင့်၊ ခွာညိုပန်း၊ ပေါက်ပန်းဖြူပွင့်၊ သရဖီ ဝတ်ဆံမှုန့်၊ ရေခဲဖုံး ကချင်တောင်တန်းမှ အံ့ဖွယ် ရှီးပဒီး ခေါ် ပိုးဆေးနွယ်ရှင်ဆေးဘုရင်အပြင် မချစ်ဥ၊ ခန်းတောက်မြစ်တို့သည်လည်း ဆေးဖက်ဝင်အပင်များဖြစ်၍ လူသားများအား အကျိုးပြုသော နွယ်မြက်သစ်ပင်များပင်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရသည် တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးကျမ်းများ၊ ကုထုံးဆေးနည်းများ ပြန်လည်ဖော်ထုတ်ပေးလျက်ရှိပြီး မျိုးဆက်သစ် တိုင်းရင်းဆေးပညာရှင်များအား ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်ကို မန္တလေးမြို့၌ ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းဆေးတက္ကသိုလ် သင်ရိုး စတင်သင်ကြားပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်လှစ်ခဲ့ပြီး ခုတင် ၁၀၀ ဆံ့ ဆေးရုံ သုံးခု၊ ခုတင် ၅၀ ဆံ့ ဆေးရုံ ကိုးခု၊ ၂၅ ခုတင်ဆံ့ ဆေးရုံ လေးခု၊ ၁၆ ခုတင်ဆံ့ ခြောက်ခု စုစုပေါင်း တိုင်းရင်းဆေးရုံ ၂၂ ခုအား ၂၀၁၇ ခုနှစ်အထိ ဖွင့်လှစ်ပြီး ၂၀၁၈ ခုနှစ်တွင် ဆက်လက်ဖွင့်လှစ်သော ဆေးရုံများလည်းရှိကြောင်း သိရပါသည်။ ယခင်က ဌာနသုံး တိုင်းရင်းဆေးဝါး ၂၀ သာ ထုတ်လုပ်ခဲ့ရာမှ သောက်ဆေး သုံးမျိုး၊ စည်းဆေး နှစ်မျိုး၊ လိမ်းဆေး တစ်မျိုးတို့အား ထပ်မံထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါသည်။ ၎င်းအပြင် ဖောင်းတောနှင့် ရေဆင်း ပရဆေးဥယျာဉ်၌လည်း ကြောင်လျှာပင်၊ သက်ရင်းကြီးပင်၊ ကန့်ချုပ်နီပင်၊ ယာကဲနှင့် ချင်းပင်များအား တိုးချဲ့စိုက်ပျိုးလျက်ရှိသဖြင့် တိုင်းရင်းဆေးဝါးဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုအထောက်အကူပြုမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**ကျန်းမာရေးအသိအမြင်များ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်၍ သိပ္ပံသုတေသန အကောင်းဆုံးဆုများ ပေးအပ်ခြင်း၊ ပြည်သူလူထုအခြေပြုကွင်းဆင်းဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ ကျင်းပပြုလုပ်ပေးခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် ပြည်သူလူထုအား အကောင်းဆုံး ပြုစုစောင့်ရှောက်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများအား အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက် ထုတ်ပြန်ပေးခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောကြောင်း စစ်ဆေးတွေ့ရှိသဖြင့် အများပြည်သူများသိရှိရန် အသိပေးနှိုးဆော်ခြင်း၊ တိုင်းရင်းဆေးဝါးထုပ်ပိုးပုံစံဖြင့် ထုပ်ပိုးထားပြီး မှတ်ပုံတင်မရှိဘဲ အနောက်တိုင်းဆေးဝါး ပါဝင်သည်ဟု ဖော်ပြထားသော ဆေးဝါး နှစ်မျိုးအား ထုတ်ပြန်ပေးခြင်းဖြင့် ပြည်သူများအား ကျန်းမာရေးအသိအမြင်များ ဖြန့်ဝေပေးလျက်ရှိပါသည်။ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းမြင့်မားရေး၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရေး၊ အရည်အသွေးမြင့်မားသော မြန်မာ့တိုင်းရင်းဆေးများ ပေါ်ထွက်လာစေရေးဟူသော တိုင်းရင်းဆေးပညာဦးစီးဌာန၏ ရည်မှန်းချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးသည် အဓိကကျသောကြောင့် နိုင်ငံခြားဆေးဝါးများကဲ့သို့ အစွမ်းထက်သော မြန်မာ့တိုင်းရင်းဆေးပညာအား ပြည်သူလူထုအပေါင်းမှ စိတ်ပါဝင်စားခြင်း၊ မြတ်နိုးလေးစားတန်ဖိုးထားခြင်း၊ လေ့လာသင်ယူခြင်း၊ ယုံကြည်စွာ မှီဝဲသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာ၍ ရောဂါပျောက်ကင်းစေနိုင်သော မြန်မာ့တိုင်းရင်းဆေးကို အားပေးမြှင့်တင်ပေးရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ဆေးဖက်ဝင် ဆေးပင်များ၊ အသီးအနှံများ၊ အရွက်များ၊ ပန်းပွင့်များရှိသော်လည်း ဆေးဖက်ဝင်ကြောင်း မသိရှိခြင်း၊ သုံးစွဲရန်မရှိခြင်း၊ တိုင်းရင်းဆေးပညာအပေါ် စိတ်ပါဝင်စားမှု နည်းပါးခြင်းကြောင့် ရောဂါကုသရန် အခွင့်အရေး ဆုံးရှုံးလျက်ရှိပါသည်။

**ပြည်သူများမှ အားကိုးယုံကြည်**

ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ထန်တလန်မြို့များသို့ သွားရောက်၍ ပြည်သူလူထုကို တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းကြောင့် ပြည်သူများမှ အားကိုးယုံကြည်လျက်ရှိကြောင်း သိရှိရပါသည်။ ပတ္တမြားရတနာသည် ရွှံ့ညွန်တို့ဖြင့် လိမ်းကျံစေကာမူ ပင်ကိုတောက်ပသော အရောင်အား ဖုံးကွယ်ရန် မစွမ်းနိုင်သကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာသည်လည်း နိုင်ငံတော်အစိုးရ၏အားပေးမြှင့်တင်မှု၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၏ ဆေးဝါးများမပြတ် တီထွင်စမ်းသပ်ကြိုးပမ်းအားထုတ်မှု၊ ပြည်သူလူထု၏ ယုံကြည်စွာ သုံးစွဲအားပေးထောက်ခံမှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ပါက ကမ္ဘာ့အလယ်တွင် ထွန်းတောက်ကျော်ကြားသော ဆေးပညာရပ်တစ်ခုအဖြစ် အနာဂတ်တွင် ပေါ်ထွက်လာမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

***(တိုင်းရင်းဆေးပညာစာအုပ်များ၊ စေတနာလှိုင်(ရေစကြို)၊ အရှင်နာဂသေနာဘိဝံသ၏ အိုမှုနှင့် ဆိုင်ရာ ပြဿနာစာအုပ်နှင့် မြန်မာ့တိုင်းရင်းဆေးပညာလက်စွဲစာအုပ်များအား မှီငြမ်း ပြုစုရေးသားပါသည်။)***

# မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်များလိုက်လံခိုးယူနေသူအား ဖမ်းဆီးရမိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်များအတွင်း ဆိုင်ကယ်များလိုက်လံခိုးယူနေသူအား သတင်းအရ ဖမ်းဆီးရမိခဲ့ပြီး မြို့ပေါ်ရပ်ကွက်များတွင် ခိုးယူထားသော ဆိုင်ကယ်သုံးစီးနှင့် လက်ကိုင်ဖုန်းခိုးယူမှုများ ပေါ်ပေါက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူတပ်ဖွဲ့ခွဲမှ ရဲအုပ် အောင်နိုင်ဦး ဦးစီး၍ ရဲအုပ် မင်းသူရစိုးနှင့်တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်စဉ် ရပ်ကွက်များအတွင်း ဆိုင်ကယ်များလိုက်လံခိုးယူသူ အမရပူရမြို့နယ် သပွတ်ပင်ရပ်ကွက်နေသူ မျိုးကို (၂၀)နှစ်အား မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၁၉)လမ်းနှင့် (၈၉)လမ်းထောင့်တွင် တွေ့ရှိသဖြင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးသို့ခေါ်ဆောင်၍ စစ်မေးခဲ့သည်။ ယင်းသို့စစ်မေးရာ ၎င်းသည် လွန်ခဲ့သောတစ်လခန့်က အမရပူရမြို့နယ် ရွှေကြက်ယက်ဘုရားတံတားဖြူအနီး လမ်းမပေါ်တွင် ရပ်ထားသော TOYOMAX အမျိုးအစား 125 ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ပြီး အောင်မြေသာစံမြို့နယ် မဂ်လာတောင်ညွန့်ရပ်ကွက်နေသူ ကိုခင်ဇော်ထံ ငွေကျပ် ၄၀၀၀၀ ဖြင့် ပေါင်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ရာ သက်သေများနှင့်အတူ ကိုခင်ဇော်၏နေအိမ်သို့ သွားရောက်ရှာဖွေသိမ်းဆည်းခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ မျိုးကိုအား တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ဒုရဲအုပ် အောင်ကျော်မင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အမရပူရမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြစ်မှုကျူးလွန်သူ မျိုးကိုအား ကွင်းဆက်အမှုများဆက်လက်စစ်မေးရာ ၎င်းသည် လွန်ခဲ့သောနှစ်လခွဲကျော်ခန့် ညပိုင်းက ချမ်းအေးသာစံမြို့နယ် (၃၃) လမ်းနှင့် (၈၆) လမ်းထောင့် ရွှေတချောင်းမြောင်းဘေးအနီးတွင် ရပ်ထားသည့် TOYOMAX အမျိုးအစား 125 ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ပြီး ချမ်းအေးသာစံမြို့နယ် မန်းမြန်မာပလာဇာ အပေါ်ထပ်ရှိ SUNDAY Café ဆိုင်တွင် အလုပ်လုပ်သည့် မချိုချိုထွေး၏ ခင်ပွန်းဖြစ်သူ ကိုကျော်ဇင်လင်းထံ ငွေကျပ် ၁၁၀၀၀၀ ဖြင့် ရောင်းချထားကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ရာ သက်သေများ



နှင့်အတူ ကိုကျော်ဇင်လင်း၏ နေအိမ်သို့သွားရောက်ရှာဖွေရာ တွေ့ရှိသိမ်းဆည်းခဲ့သည်။ ပြစ်မှုကျူးလွန်သူ မျိုးကိုအား အမှတ်(၆) နယ်မြေရဲစခန်းတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းအကူတပ်ဖွဲ့ခွဲမှ ဒုရဲအုပ်ခိုင်ဝင်းမြင့်က အမှုဖွင့်အရေးယူခဲ့သည်။

ယင်းအပြင် ပြစ်မှုကျူးလွန်သူ မျိုးကိုအား ဆက်လက်စစ်ဆေးမေးမြန်းရာ စုစုပေါင်းဆိုင်ကယ်သုံးစီးနှင့် ဖုန်းအမျိုးအစား ငါးလုံးကို ခိုးယူထားကြောင်း ထွက်ဆိုသဖြင့် ဆက်လက်သိမ်းဆည်းခဲ့ပြီး သက်ဆိုင်ရာ နယ်မြေရဲစခန်းများတွင် အသီးသီးအမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# တရားမဝင်ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

**ယင်းမာပင် ဖေဖော်ဝါရီ ၂၅**

ယင်းမာပင်ခရိုင်အတွင်း တရားမဝင် သစ်များ ရှာဖွေဖမ်းဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲက ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် မြို့မဘိနယ် ချင်းပုန်းကျေးရွာအနောက်ဘက်တွင် တရားမဝင်ပိတောက်ခွဲသား ၁၆ ချောင်း (၂ ဒသမ ၀၂၈၈ တန်) တင်ဆောင်ရပ်တန့်ထားသည့် ခြောက်ဘီးအဖြူရောင်ယာဉ်တစ်စီးကို မုံရွာခရိုင် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်လင်းအောင်ဦးစီးသော ခရိုင်စစ်ကြောင်းအဖွဲ့နှင့် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာန၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းအဖွဲ့က ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ်များအား ယင်းမာပင်မြို့နယ် မြို့မညောင်ကိုင်းဘိနယ်စခန်းတွင် လုံခြုံစွာသယ်ယူထိန်းသိမ်းထားရှိပြီး ယာဉ်အား ကွေ့ချောင်းဘိနယ်စခန်းတွင်ထားရှိကာ ယာဉ်နှင့်သစ် ဆက်စပ်ပတ်သက်မှုများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မိုင်းပေါက်ကွဲမှုကြောင့် ကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ်၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခန့်တွင် ကေအိုင်အေအဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ဒသမတန်းကျောင်းသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကာမိုင်းမြို့နယ်ရှိ လဝါးကျေးရွာအုပ်စု ခွန်ဆန်ယန်ကျေးရွာ၏ အရှေ့မြောက်ဘက် လေးဖာလုံခန့်အကွာတွင် ယင်းနေ့နံနက်က လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုကြောင့် ဝါးခုတ်ရန် ရောက်ရှိလာသည့် ဒသမတန်းကျောင်းသား ဇိန်ထုံးလဆန် (၁၆)နှစ်မှာ ယာဘက်ခြေထောက် မိုင်းစထိမှန်ပြီး ခြေချင်းဝတ် ကြေမွဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

မိုင်းထိခိုက်ဒဏ်ရာရရှိသူ ဇိန်ထုံးလဆန်အား မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၅၀၊ သွင်းကုန် ၇၅၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၂၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၉၅၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းဖြစ်သည့် ကွာရီကျေးရွာအနီး ပျဉ်းကတိုးကုန်းသချိုင်းလမ်း ရော်ဘာတောအတွင်း ရှောင်တခင်သွားရောက် စစ်ဆေးခဲ့ရာ ရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Toyota WISH မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်) ကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေးဟောပြော



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရွာသစ်ကျေးရွာရှိ ပရဟိတဘုန်းတော်ကြီးကျောင်း၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောဆွေးနွေးရာ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသူများ၊ အလုပ်သမများအပါအဝင် စုစုပေါင်း ၁၀၅ ဦး တက်ရောက်ကြသည်။

**ဇာနည်မောင်**



**ရန်ကုန်မြို့ လသာမြို့နယ် (၆)ရပ်ကွက် လသာလမ်း(အပေါ်လမ်း)တွင် ဖေဖော်ဝါရီ ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဟောပြောရာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြစဉ်။**

ကြေးမုံ

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၆-၂-၂၀၁၈ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၅း၀၀ | - | အဖွင့် |
| | - | သာယာငြိမ့်အေးမင်္ဂလာတေး |
| ၅း၂၀ | - | ပြည်သူ့နီတိ “အချက်မသိတော့” |
| ၅း၄၅ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၅း၅၅ | - | The Land Of Countless Temples- Bagan Trip (Ep-2) |
| ၆း၁၅ | - | Civic Duty |
| ၆း၃၀ | - | Family of Toys |
| ၆း၅၅ | - | Surprise Meals |
| ၇း၁၅ | - | မြွေဖမ်းသမားရဲ့ ဒိုင်ယာရီ |
| ၇း၂၅ | - | အမေရေယာဉ်နတ်ပွဲ (အပိုင်း-၂) |
| ၇း၄၅ | - | ရင်ထဲစွဲထင် တေးဂန္ထဝင် |
| ၈း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း- ၈၂) |
| ၈း၄၀ | - | MRTV Entertainment Music |
| ၉း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း-၁၆၄) |
| ၉း၃၀ | - | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၄၀ | - | နိုင်ငံခြားရုပ်ရှင် "Rush" |
| ၁၁း၃၀ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၁၁း၄၅ | - | မြန်မာဗီဒီယိုဇာတ်လမ်း “သူမ” |
| ၁း၄၅ | - | Return of Superman (Ep-83) |
| ၂း၃၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၂) |
| ၃း၀၅ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း-၁၆၄) |
| ၃း၃၅ | - | မြန်မာဗီဒီယိုဇာတ်လမ်း “ကြယ်ကလေးများ” |
| ၅း၃၀ | - | Cartoon "Chhota Bheem (Episode-107)" |
| ၆း၀၀ | - | Return of Superman (Ep-84) |
| ၆း၄၅ | - | MRTV Entertainment Music |
| ၇း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း- ၈၃) |
| ၇း၃၅ | - | MRTV Entertainment Music |
| ၈း၀၀ | - | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း” (အပိုင်း- ၁၆၅) |
| ၈း၃၀ | - | Game Show "10 to Million Myanmar" (Epi-84) |
| ၉း၂၀ | - | နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ |
| ၉း၃၀ | - | မြန်မာဗီဒီယိုဇာတ်လမ်း “ဖူးစာနက္ခတ်” |
| ၁၁း၅၀ | - | To The Land Of Countless Temples- Bagan Trip (Ep-2) |

**၂၇-၂-၂၀၁၈ (အင်္ဂါနေ့)**

| | | |
|---|---|---|
| ၀၀း၁၅ | - | Civic Duty |
| ၀း၃၀ | - | နိုင်ငံခြားရုပ်ရှင် "Rush" |
| ၂း၁၀ | - | နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းတွဲ “ဆုံစည်းခဲ့လေသူ” (အပိုင်း-၈၃) |
| ၂း၄၀ | - | ဆန်းသစ်လှပ မြန်မာ့အက |
| ၂း၅၅ | - | ပြည်သူ့နီတိ “အချက်မသိတော့” |
| ၃း၁၅ | - | မြန်မာဗီဒီယိုဇာတ်လမ်း “ကြယ်ကလေးများ” |
| ၅း၀၀ | - | အစီအစဉ်ပြီး၏။ |

# ရက်ရှ်ဖို့ဒ် မန်ယူတွင်သာ ဆက်နေသင့်ဟု ဂယ်ရီနီဗီးလ် တိုက်တွန်း



မန်ယူတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အနေဖြင့် လတ်တလောအနေအထားအရ ပွဲထွက်ခွင့် ပျောက်ဆုံးနေသော်လည်း အနာဂတ်ကိစ္စရပ်အပေါ် အလောတကြီး ဆုံးဖြတ်ခြင်းထက် မန်ယူတွင်သာ ဆက်နေသွားရန် တိုက်တွန်းထားကြောင်း သိရသည်။ ရက်ရှ်ဖို့ဒ်သည် ဒီဇင်ဘာလက မန်ယူအတွက် နောက်ဆုံးပွဲထွက်ခွင့်ရခြင်းဖြစ်ကာ မန်ယူသို့ ဆန်းချက်ဇ် ရောက်ရှိလာကတည်းက ပွဲထွက်ခွင့်ပျောက်ဆုံးနေသူဖြစ်သည်။ နည်းပြမော်ရင်ဟိုက လူကာကူ၊ ဆန်းချက်ဇ်၊ မာရှယ်လ်၊ မာတစ်တို့အတွဲကို တိုက်စစ်ပိုင်းတွင် အသုံးပြုနေရာ ရက်ရှ်ဖို့ဒ်မှာ အရန်ခုံတွင် အချိန်ကုန်နေရခြင်းဖြစ်သည်။

ထို့ကြောင့် သီယာရီအွန်နရီနှင့် ဒန်းနစ်ဝိုက်စ်တို့က ရက်ရှ်ဖို့ဒ်အနေဖြင့် အနာဂတ်ကိစ္စရပ်ကိုဆုံးဖြတ်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း တိုက်တွန်းထားချိန်တွင် ဂယ်ရီနဗီးလ်က ယင်းမှာဖြစ်ရိုး ဖြစ်စဉ်အနေအထားသာဖြစ်သည်ဟု ဆိုခဲ့ပြီး "မားကပ်စ်ရက်ရှ်ဖို့ဒ် မန်ယူကနေ ဘာလို့ခွာမှာလဲ။ မန်ယူဘက်ကလည်း သူ့ကိုဘယ်လိုလုပ်ထွက်ခွာခွင့်ပေးမလဲ။ မဖြစ်နိုင်ပါဘူး။ သူ့အနေနဲ့ အသင်းကထွက်ခွာသင့်တယ်လို့ပြောတာတွေက အဓိပ္ပာယ်မရှိတဲ့အမြင်တွေပါ။ ဒါက အမှိုက်တွေလိုပဲ"ဟု မန်းသတင်းဌာနသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက ရက်ရှ်ဖို့ဒ်အနေဖြင့် ဆန်းချက်ဇ်ဆီမှ သင်ယူစရာများစွာရှိလိမ့်မည်ဟု ပြောကြားထားဖူးသည်။ မော်ရင်ဟိုသည် လတ်တလောတွင် ကွင်းလယ်လူ ပေါ့ဘာနှင့်လည်း ဆက်ဆံရေး မပြေမလည်ဖြစ်နေပြီး မော်ရင်ဟိုသာ မန်ယူအသင်းကို ဆက်လက်ကိုင်တွယ်မည် သေချာပါက လာမည့် နွေရာသီအပြောင်းအရွှေ့ကွက်တွင် မန်ယူမှ ပေါ့ဘာထွက်ခွာတော့မည်ဖြစ်ကြောင်း သတင်းများထွက်နေသည်။

ဂယ်ရီနဗီးလ်သည် ၉၂ အကယ်ဒမီမှ ပေါ်ထွန်းလာသည့် ကြယ်ပွင့်ကစားသမား တစ်ဦးဖြစ်ပြီး ကလေးငယ်တိုင်း၏ မိဘများကမန်ယူအသင်းသို့ သွားရောက်ပူးပေါင်းရန် တိုက်တွန်းကြမည်ဖြစ်ကြောင်းလည်း သူ၏ အမြင်ကို ပြောကြားခဲ့သည်။



# မန်စီးတီး ပရိသတ်များ၏ မှားယွင်းမှုကို ထုတ်ဖော်ပြောကြားလိုက်သည့် ဇင်ချန်ကို

မန်စီးတီးပရိသတ်တွေဟာ သူ့ကိုမြင်ရင်အသင်းရဲ့ စူပါစတားကစားသမား ကီဗင်ဒီဘရိုင်းနဲ့ မှားယွင်းတတ်ကြပေမယ့် သူက ပိုကြည့်ကောင်းပါတယ်လို့ ဟာသနှောပြီး ပြောကြားခဲ့ပါတယ်။ အသက်(၂၁)နှစ်အရွယ် ဇင်ချန်ကိုရဲ့ဆံပင်၊ အသားအရေဟာ ကီဗင်ဒီဘရိုင်းနဲ့ တူတာကြောင့် ရုတ်တရက်ကြည့်လိုက်ရင် သူ့ကို ဒီဘရိုင်းလို့ ပရိသတ်တွေက မှားယွင်းတတ်ကြတာဖြစ်ပါတယ်။

ဇင်ချန်ကိုက "သူတို့ကကျွန်တော့်ကို ယုံကြည်တယ်ဆိုတာ အမြဲကြားနေရပါတယ်။ လူတိုင်းက ကျွန်တော့်ကို ကီဗ်လို့ ခေါ်တတ်ကြတယ်။ ဘတ်စ်ကားစီးသွားရင် ပရိသတ်တွေက ကိဗ်ရေ ကျွန်တော်နဲ့ ဓာတ်ပုံတစ်ပုံလောက် တွဲရိုက်ပေးပါလားဗျာလို့ တောင်းဆိုတတ်ကြတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ထက်ပိုကြည့်ကောင်းတယ်ဆိုတာ သေချာတာပေါ့ဗျာ"လို့ တယ်လီဂရပ်သတင်းဌာနသို့ ဟာသနှောပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့ကွက်က ခေါ်ယူခဲ့တဲ့ မန်ဒီး ဒူးဒဏ်ရာကြောင့် ကာလကြာရှည် အနားယူခဲ့ရပြီးနောက်မှာ ဇင်ချန်ကိုဟာ ဂွါဒီယိုလာရဲ့အစီအစဉ်မှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။ ဇင်ချန်ကိုဟာ ယခုနှစ်ဘောလုံးရာသီမှာမန်စီးတီးအတွက် ကိုးပွဲကစားခွင့်ရရှိထားပြီး သူနောက်ဆုံး ကစားခဲ့တဲ့ပွဲဟာ လွန်ခဲ့တဲ့နှစ်ပတ်က ယှဉ်ပြိုင်ခဲ့တဲ့ လက်စတာနဲ့ ပွဲစဉ်ဖြစ်ပါတယ်။

**မေလှဲ့သင်း - ရေးသားသည်**

**❍ ရတနာပုံအသင်းမှ**

ဇွဲကပင်အသင်းမှာလည်း အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အဝေးကွင်း၌ ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက ဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်အသင်း၏ တုံ့ပြန်မှုကြောင့် ရှန်းကန်ခဲ့ရသည်။ ဇွဲကပင်အသင်းသည် ပေါ်လိုနှင့် ကင်မ်တို့၏ တိုးအားများဖြင့် ရတနာပုံနောက်တန်းကို အခက်တွေ့အောင်လုပ်နိုင်ခဲ့ပြီး ဂိုးသမားချမ်းငြိမ်းကျော် အမှားမရှိခဲ့၍သာ ဂိုးမပေးရခြင်းဖြစ်သည်။ ၃၆ မိနစ်တွင် ရတနာပုံအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး တောင်ပံကစားသမား စည်သူအောင်က သွင်းယူခဲ့ကာ လေးပွဲဆက်ဂိုးပေါက်ပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက တိုက်စစ်ပိုမြှင့်လာခဲ့ပြီး ရတနာပုံနောက်တန်း ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ဇွဲကပင်အသင်း၏ ဂိုးသွင်းမှုများကို ဂိုးသမား ချမ်းငြိမ်းကျော် ကာကွယ်နိုင်ခဲ့၍ ရတနာပုံအသင်း အနိုင်ရလဒ်အား ထိန်းထားနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ပဲခူးကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက Southern အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းသည် ၆၇ မိနစ်တွင် သွင်းယူသည့် ရန်နိုင်အောင်၏ဂိုးဖြင့် သုံးပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၇)အပြီးတွင် ရန်ကုန်အသင်းက ၁၉ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရတနာပုံ၊ မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၂ မှတ်၊ Southern နှင့် ရခိုင်အသင်းက ရှစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခုနစ်မှတ်၊ ဧရာဝတီအသင်းက ခြောက်မှတ်၊ စစ်ကိုင်းအသင်းက ငါးမှတ်၊ GFA အသင်းက လေးမှတ်နှင့် မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ယခုတစ်ပတ်ကစားမည့် မြဝတီနှင့် စစ်ကိုင်းပွဲကို မတ် ၁၁ ရက်သို့ ရွှေ့ဆိုင်းထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



ဓာတ်ပုံ-MFF

# AFC Cup ပြိုင်ပွဲဝင်အသင်းများ၏ ပြင်ဆင်ထားမှု AFC မှ တာဝန်ရှိသူများ လာရောက်စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)မှ ကိုယ်စားလှယ်အဖွဲ့သည် ကလပ်လိုင်စင် ကိစ္စရပ်များနှင့် ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်ရန် ယမန်နေ့က မြန်မာနေရှင်နယ်လိဂ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းအား သွားရောက်စစ်ဆေးမှု ပြုလုပ်ခဲ့သည်။

Mr. Joren နှင့် Mr. Marcel တို့ပါဝင်သည့် AFC Club Licensing Compliance Audit အဖွဲ့နှင့်အတူ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ Club Licensing နှင့် ပတ်သက်သည့် ပဏာမ စိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)နှင့် အဖွဲ့ဝင် ဦးဇော်မင်းစိန်၊ ဦးမြင့်ဦးနှင့် မြန်မာနေရှင်နယ်လိဂ် ကလပ်လိုင်စင် မန်နေဂျာ ဦးမိုးသွင်းထွန်းတို့က ပုလဲမြို့သစ်ရှိ ရှမ်းယူနိုက်တက်အသင်း ရုံးခန်း၌ ကလပ်လိုင်စင်နှင့် ပတ်သက်၍ ဖြည့်ဆည်းထားမှုများ၊ ဘဏ္ဍာရေးအခြေအနေ စသည်တို့ကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပြီး လေ့ကျင့်ရေးကွင်းနှင့် ကစားသမားအဆောင် အစရှိသည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းထားမှုကို ဆက်လက်ကြည့်ရှုကြသည်။

အဆိုပါအဖွဲ့သည် ယနေ့တွင် Yangon United Sports Complex သို့ သွားရောက်ပြီး ကလပ်လိုင်စင်နှင့်ပတ်သက်၍ ဖြည့်ဆည်းထားမှုများ၊ ဘဏ္ဍာရေးအခြေအနေ၊ အခြေခံအဆောက်အအုံများ အစရှိသည်တို့ကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်း အထွေထွေမန်နေဂျာ ဦးစောခရစ်ယာန်လောနှင့် အသင်းတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

ယင်းနောက် စစ်ဆေးရေးအဖွဲ့သည် AFC Cup အုပ်စုပွဲစဉ်များကို လက်ခံကျင်းပရာ သုဝဏ္ဏကွင်းသို့ရောက်ရှိ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဘေးရှိ မြက်ခင်းတုကွင်း၌ ကျင်းပလျက်ရှိသည့် MPT-University Football Tournament 2018 Opening Ceremony သို့ သွားရောက်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# MPT University Football Tournament 2018 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ၊ MPT နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် MPT University Football Tournament 2018 ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှနှင့် MPT Joint Operation COO Mr.Yoshiaki Benino တို့က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒု-ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှ၊ MPT Joint Operation မှ COO Mr.Yoshiaki Benino တို့က ပြိုင်ပွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူများသည် ခြေစမ်းပွဲကစားမည့်နှစ်သင်းမှ ကစားသမားများအား လိုက်လံနှုတ်ဆက်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ်ဖြင့် တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်းနှင့် MFF Youth အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တက္ကသိုလ်လက်ရွေးစင်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား Title Sponsor အဖြစ် ပံ့ပိုးကူညီနေသည့် MPT သည် လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန် လူငယ်ပြိုင်ပွဲနှင့် တက္ကသိုလ်အဆင့်ပြိုင်ပွဲများကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီတို့နှင့် သဘောတူညီမှုရထားသည်။ ယခုပြိုင်ပွဲတွင် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အထက်မြန်မာပြည်ဇုန်တွင် ခြောက်သင်း၊ အောက်မြန်မာပြည်ဇုန်တွင် ရှစ်သင်းဖြင့် မေလ သို့မဟုတ် ဇွန်လတွင် စတင်ကျင်းပမည်ဖြစ်သည်။ ဇုန်အလိုက်အသင်းများ ဖွဲ့စည်းနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တက္ကသိုလ်ပေါင်းစုံပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး ပြိုင်ပွဲများပြီးဆုံးပါက အသင်းများ ဖွဲ့စည်းမည်ဖြစ်သည်။ ပြိုင်ပွဲများအပြီးတွင် ခြေစွမ်းပြနိုင်သည့် ကစားသမားများဖြင့် အထက်မြန်မာပြည်ကိုယ်စားပြု နှစ်သင်း၊ အောက်မြန်မာပြည်ကိုယ်စားပြု နှစ်သင်း ဖွဲ့စည်းကာ ဩဂုတ်တွင် ရန်ကုန်၌ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်ရှိုင်း**

# သန့်ရှင်းသော ပျံသန်းသူ သို့မဟုတ် လင်းတ မြီးရင်ဖြူ

နိုင်လင်း (WCS)

"လင်းတမှိုင် မှိုင်သည်"၊ "စာသူငယ်ကြား လင်းတနားသကဲ့သို့" စသဖြင့် သူတို့ကို "လန်းဆန်းတက်ကြွမှု မရှိခြင်း"၊ "ကြီးမား၍ အကျည်းတန်သော ငှက်"အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခိုင်းနှိုင်းပြောဆိုကြသည်။ အပုပ်အသိုးနှင့် အသေကောင်တို့ကို စားသောကြောင့် အောက်လမ်း၊ မကောင်းဆိုးရွား စသည်တို့နှင့် ဆက်စပ်မှုရှိသော "ငှက်" အဖြစ်လည်း လူတွေက ကြောက်လန့်ရွံ့ရှာကြသည်။ "ကျက်သရေမင်္ဂလာမရှိသော ငှက်"အဖြစ်လည်း သတ်မှတ်ထားကြသည်။

ထိုငှက်ကိုပင် မြန်မာအများစုက အတိတ်ဆိုး၊ နိမိတ်ဆိုး၏ ရှေ့ပြေးအဖြစ် ရိုးရာအစဉ်အလာအတိုင်း လက်ခံယုံကြည်ထားကြသည်။ ဆိုရလျှင် အိမ်မြှောင် စုတ်ထိုးခြင်း၊ မကောင်းသော အိပ်မက်မက်ခြင်း၊ ငှက်ဆိုးထိုးခြင်း၊ ရွာအတွင်းသို့ တောတိရစ္ဆာန်ဝင်ခြင်းများကဲ့သို့ပင် ထိုငှက်တို့ ခေတ္တလာရောက်နားခိုပါက "အတိတ်နိမိတ်ဆိုး"အဖြစ် လက်ခံထားကြဆဲဖြစ်သည်။ ထိုသို့ လွဲမှားသော ယုံကြည်မှုများက သူတို့ကို မျိုးသုဉ်းလုနီးပါး အခြေအနေသို့ တွန်းပို့နေပါသည်။

**ခြိမ်းခြောက်မှုများဖြစ်ပေါ်**

ထိုငှက်မျိုးစိတ်မှာ လင်းတငှက် ဖြစ်သည်။ လင်းတငှက်တို့သည် တစ်နေရာရာတွင် ခေတ္တနားခိုသည်မှာ အစားတစ်ခုခုမြင်၍ သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့်လည်း ဖြစ်နိုင်သည်ဟူ၍ အစဉ်အလာကို ဖောက်ထွက်၍ ယုံကြည်သူနည်းပါသည်။ ထိုသို့ ယုံကြည်သူနည်းပါးမှုက လင်းတများအပေါ်တွင် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာနေပါသည်။

မြန်မာနိုင်ငံတွင် များစွာသော ငှက်မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခဲ့ရမှု ဖြစ်စဉ်တွေ ရှိပါသည်။ သာဓကပြရလျှင် မြန်မာနိုင်ငံတွင် ရှင်သန်ကျက်စားခဲ့သော ဘဲခေါင်းပန်းရောင် (Pink-headed Duck) မှာ ၁၉၅၀ ဝန်းကျင်ကတည်းက ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားခဲ့ပါပြီ။ ယခုအချိန်တွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်နှင့် ရင်ဆိုင်နေရသော သားငှက်တိရစ္ဆာန်မျိုးစိတ်အရေအတွက် များစွာထဲတွင် လင်းတငှက်မျိုးစိတ်အချို့လည်း ပါဝင်နေပါပြီ။ ကမ္ဘာအရပ်ရပ်ရှိ အချို့နိုင်ငံများတွင် လင်းတငှက်အမျိုးမျိုးမှာ အခြားသားငှက်များနည်းတူ မျိုးသုဉ်းသွားခဲ့ပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် လင်းတ မျိုးရင်း၊ မျိုးစိတ်ပေါင်း များစွာရှိသော်လည်း မျိုးခွဲနှစ်မျိုးသာ ဖြစ်ပါသည်။ တစ်မျိုးမှာ သိမ်း၊ စွန်၊ လင်းယုန် အနွယ်ဝင်ဖြစ်သော "ကမ္ဘာဟောင်း လင်းတ" (Falconiformes or Old World Vultures) နှင့် အခြားတစ်မျိုးမှာ ခရုတုတ်၊ ငှက်ကျားစသည့် ရေငှက်ကြီးများနှင့် အမျိုးတော်သူ "ကမ္ဘာသစ် လင်းတ" (Ciconiiformes or New World Vultures) ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ကျက်စားသော လင်းတမျိုးစိတ် ခြောက်မျိုးရှိသည်။ လင်းတမျိုးစိတ် သုံးမျိုးမှာ ဆောင်းခိုငှက် (Migrating Bird) ဖြစ်သည်။ ကျန်သုံးမျိုးမှာ ဌာနေငှက်မျိုးရင်း (Resident Bird) ဖြစ်ပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် (Critical Endangered)အဖြစ် ရင်ဆိုင်နေရပါပြီ။

ထိုလင်းတမျိုးစိတ်သုံးမျိုးမှာ (က) လင်းတမြီးရင်ဖြူ (White-rumped Vulture Gyps bangalensis)၊ (ခ) နှုတ်သီးလုံးချော လင်းတ (Slender-billed Vulture Gyps tenuirostris) နှင့် ဦးခေါင်းနီလင်းတ (Red-headed Vulture Aegypius clvus) တို့ဖြစ်ပြီး ယင်းတို့အနက် လင်းတမြီးရင်ဖြူ မျိုးစိတ်အကြောင်းကို တင်ပြချင်ပါသည်။

**အထနှေးကွေး**

လင်းတမြီးရင်ဖြူသည် အထနှေးကွေးသော ငှက်မျိုးစိတ်ဖြစ်ပြီး သင့်တော်သော အပူချိန်ရှိမှသာ ပျံဝဲ၍ အစာရှာသည်။ လေဟုန်စီးပျံဝဲနေသောအချိန်တွင် မြင်ရသော အသေကောင်ကို အောက်သို့ ထိုးဆင်း၍ စားလေ့ရှိသည်။ ထိုလင်းတသည် အစာရှိရာ ဝန်းကျင်ရှိ သစ်ပင်ကြီးများတွင် နားလိုက်၊ အောက်သို့ ထိုးဆင်း၍ စားလိုက်ဖြင့် လုပ်လေ့ရှိသည်။ လူသူ အနှောင့်အယှက်များရှိပါကလည်း မစားဘဲ နီးစပ်ရာသစ်ပင်ကြီးများပေါ်တွင် ညအိပ်နားလေ့ရှိသည်။ ဆောင်းရာသီဆိုလျှင် မြူများ ဆိုင်းနေပါက မြူကင်းရှင်း၍ နေရောင်ခြည် ကောင်းစွာရသော အချိန်ရောက်မှ နီးစပ်ရာ သစ်ပင်ပေါ်ကဆင်း၍ စားသည်။ အစာစားပြီးချိန်တွင် အနီးအနား၌ ရေအိုင်၊ ချောင်း၊ မြောင်းတို့ရှိပါက ရေချိုး၊ ရေသောက်ခြင်း အလေ့အထလည်း ပြုလုပ်သည်။

အသိုက်ကိုလည်း အလွန်မြင့်မားသော သစ်ပင်ကြီးများပေါ်တွင် သစ်ကိုင်း၊ သစ်ရွက်တို့ဖြင့် ဆောက်လုပ်လေ့ရှိသည်။ အများအားဖြင့် သူတို့ နေထိုင်ကျက်စားသော ဝန်းကျင်အနီးမှ လူသူအရောက်အပေါက်နည်းသော သစ်ပင်များ၊ ချောက်ကမ်းပါးမြင့်များတွင် အသိုက်ပြုလုပ်ခြင်းဖြစ်သည်။

လင်းတမြီးရင်ဖြူတို့သည် အောက်တိုဘာလမှ ဧပြီလအတွင်း မျိုးပွားကြပြီး လင်းတတစ်စုံအတွက် အသိုက်တစ်သိုက်တွင် ဥတစ်လုံးသာ အုံ၍ တစ်ကောင်သာပေါက်ပါသည်။ အကောင်ပေါက်ကလေးများသည် မေ သို့မဟုတ် ဇွန်လခန့်တွင် အတောင်စုံ၍ မိဘများနှင့်အတူ အစာရှာ ထွက်နိုင်သည်။ အကောင်ပေါက်များ (Juvenile) အရွယ်ရောက်၍ အကောင်ကြီးအဆင့် (adult vulture) ရောက်ရန် သုံးနှစ်မှ လေးနှစ်အထိ ကြာမြင့်သည်။ ထိုအချိန်ရောက်မှ မိတ်လိုက်ခြင်း၊ မျိုးပွားခြင်း တာဝန်ကို ထမ်းဆောင်နိုင်ကြသည်။



**ပေါများစွာတွေ့နိုင်**

လင်းတမြီးရင်ဖြူကို မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘူတန်၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ အာဖဂန်နစ္စတန်နှင့် အီရန်နိုင်ငံတို့တွင်လည်းတွေ့နိုင်သည်။ ယခင်က တရုတ်နှင့် မလေးရှားနိုင်ငံတို့တွင် တွေ့နိုင်သော်လည်း လက်ရှိတွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ယူဆရသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်က နိုင်ငံတစ်ဝန်းတွေ့နိုင်သော်လည်း ယခုအချိန်တွင် မြောက်ပိုင်း(ကချင်ပြည်နယ်)၊ အနောက်ပိုင်း (ရခိုင်နှင့် ချင်း) နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင်သာ တွေ့ရတော့သည်။ မြန်မာနိုင်ငံ မြောက်ပိုင်း ဟူးကောင်းဒေသနှင့် အင်းတော်ကြီးဒေသတစ်ဝိုက်တွင်တော့ ပေါများစွာ တွေ့နိုင်ပါသေးသည်။

လင်းတငှက်များကို ရှေးယခင်က ပေါများစွာ တွေ့ရှိရပြီး ယခုအခါ လွန်စွာရှားပါးလာခြင်းမှာ သူတို့နေထိုင်ရာဒေသများ ပျက်စီးဆုံးရှုံးလာခြင်း၊ သူတို့ အသိုက်ဆောက်မျိုးပွားသော အပင်များ ဖျက်ဆီးခံရခြင်း(တောင်ယာခုတ်၊ တောမီးရှို့၊သစ်ထုတ်)၊ လူတို့၏ အကြောင်းအမျိုးမျိုးကြောင့် (ဖမ်းဆီးသတ်ဖြတ် ခံရခြင်း၊ အဆိပ်သင့် သေဆုံးသော အကောင်များကို စားသုံးမိခြင်း) သေဆုံးခြင်းတို့ဖြစ်သည်။

သာဓကတစ်ခုမှာ အိန္ဒိယ၊ နီပေါနှင့် တချို့နိုင်ငံများတွင် ကျွဲ၊ နွားရောဂါ ကာကွယ်ဆေး (အရောင်ကျဆေး)အဖြစ် အသုံးပြုသော Declofenac (non-steroidal anti-inflammatory drug) ဆေးများကြောင့် လင်းတအများအပြား သေဆုံးခဲ့သော ဖြစ်ရပ်များ ရှိပါသည်။ ယင်းဆေးထိုးထားသော ကျွဲ၊ နွား အသေများကို လင်းတများ စားသုံးမိရာက ကျောက်ကပ်များ ပျက်စီးကာသေဆုံးခြင်းဖြစ်သည်။

လင်းတငှက်များသည် အပုပ်၊အသိုးများကို စားသောကြောင့် လူအများစုသည် "ရွံရှာဖွယ်ကောင်းသော ငှက်၊ အတိတ်နိမိတ် မကောင်းသော ငှက်"အဖြစ် ရှေးယခင်မှစ၍ ယခုအချိန်အထိ ထင်မြင်နေကြဆဲဖြစ်သည်။ အမှန်မှာ လင်းတများသည် လူသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ကို နှောင့်ယှက်ဖျက်ဆီးခြင်း မရှိဘဲ လူသားတို့အတွက် ရောဂါဖြစ်လာနိုင်သော အပုပ်အသိုး၊ အနံ့အသက်များကို ရှင်းလင်းပေးခြင်းဖြင့် "ကျေးဇူးပြုသော ငှက်" ဖြစ်သည်။

**မိတ်ဆွေငှက်**

လင်းတများကဲ့သို့ လူအများ သတ်မှတ်ထားသော ငှက်ဆိုးဟု ခေါ်သည့် လင်ကောင်ပိုး (ခေါ်) မိန်ကို ဒုနိမတ္တိ (နိမိတ်မကောင်းသော ငှက်) အဖြစ် သတ်မှတ်ထားကြသည်။ အမှန်မှာထိုငှက်သည် လယ်သမားတို့၏အဓိကရန်သူဖြစ်သော ကြွက်တို့ကို ကျယ်ကျယ်ပြန့်ပြန့်သုတ်သင်ပေးသော "မိတ်ဆွေငှက်"သာ ဖြစ်သည်။

ဤသို့ ငှက်များကို အတိတ်နိမိတ်မကောင်းသော ငှက်အဖြစ် ထင်မြင်သတ်မှတ်ခံနေရခြင်းများသည် လင်းတငှက်မျိုးများအပါအဝင် ငှက်များ လျော့နည်းလာရခြင်း၏ အဓိကအချက်ဖြစ်ပါသည်။

ကချင်ပြည်နယ်ရှိ လင်းတများ ကျက်စားရာ တစ်ဝိုက်က ဒေသခံများကို မေးမြန်းကြည့်ရာ အများမှာ လင်းတများကို "နိမိတ်မကောင်းသော ငှက်"အဖြစ် မယူဆဘဲ "ကျေးဇူးရှင်ငှက်"ဟု သတ်မှတ်ထားကြသည်။အကြောင်းမှာ ဒေသခံတို့၏ လယ်ယာများတွင် သေဆုံးနေသော ကျွဲ၊ နွားများကို ရှင်းပေးခြင်းဖြင့် ကူညီ၍ ဖြစ်သည်။ ထိုဒေသမှ ဒေသခံများသည် ကျွဲ၊ နွားများကို အမှတ်အသားထား၍ တောထဲတွင် လွှတ်ထားလေ့ရှိသည့်အတွက် လင်းတများ ကောင်းကင်တွင် ပျံဝဲနေသည်ကို ကြည့်ကာ မည်သူ့ကျွဲ၊ နွားသေဆုံးနေသည်ကို သိရှိကြသည်။

**မိတ်ဆွေကဲ့သို့ သဘောထား**

ထို့ကြောင့် ကချင်ပြည်နယ်တွင် ဒေသခံများက လင်းတများအပေါ် မကောင်း မမြင်ခြင်း၊ အနှောင့်အယှက်မပေးခြင်း၊ မိတ်ဆွေကဲ့သို့ သဘောထားခြင်းတို့ကြောင့် အခြားဒေသများထက် ပေါများစွာ ကျန်ရှိနေခြင်းဖြစ်သည်။

လင်းတမြီးရင်ဖြူသည် ယခင်က ကမ္ဘာပေါ်၌အကောင်ရေ သန်းချီရှိနိုင်သော်လည်း ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် သေကျေပျက်စီးမှု အလွန်များပြားလာခြင်းကြောင့် အကောင်ရေလျင်မြန်စွာ ကျဆင်းလာခဲ့ရာ ယခုအချိန်တွင် ၂၅၅၀ မှ ၉၉၉၉ အတွင်းသာ ကျန်ရှိတော့သည်။ ထို့ကြောင့် ၅နှစ်မှ ၁၀ နှစ်အတွင်း စနစ်တကျ ထိန်းသိမ်းကာကွယ်မှုများ မပြုလုပ်လျှင် လုံးဝပျောက်ကွယ်သွားနိုင်သည်ဟု ကမ္ဘာ့ငှက်ပညာရှင်များက ခန့်မှန်းထားသည်။

သို့ဖြစ်၍ ထိုငှက်မျိုးစိတ်ရှိသော နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိန်းသိမ်းရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်နေကြပါပြီ။ မြန်မာနိုင်ငံတွင်လည်း လင်းတထိန်းသိမ်းရေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက ပြုလုပ်နေပါသည်။

**ထိန်းသိမ်းကာကွယ်**

လင်းတများကို ကျွဲ၊ နွား အသေကောင်များ ကျွေးခြင်း၊ ယင်းတို့၏ အစားအစာများကို ဖြည့်ဆည်းပေးခြင်း၊ အကောင်အရေအတွက် စာရင်းကောက်ယူခြင်း၊ မျိုးပွားကျက်စားရာ ဒေသများကို ရှာဖွေဖော်ထုတ်၍ သုတေသနပြုလုပ်ခြင်း၊ ဒေသခံများအား လင်းတငှက်များ အပေါ် ထိန်းသိမ်းရေးအမြင်တိုးပွားလာစေရန် ပညာပေး အစီအစဉ်များ ပြုလုပ်နေပါပြီ။ ဒေသခံများနှင့် ပူးပေါင်း၍ မျိုးပွားကျက်စားရာ နေရာများကို ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများပြုလုပ်၍ ရှားပါးလာသည့် လင်းတငှက်များ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်နေပါပြီ။

သို့ကြောင့် လင်းတငှက်များသည် အခြားအဖိုးတန်သယံဇာတများနည်းတူ သဘာဝတရားကြီးမှ လူသားများအတွက် ပေးထားသော အမွေပစ္စည်းတစ်ခုဖြစ်၍ ထိုအမွေပစ္စည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လူသားအားလုံးတွင်လည်း တာဝန်ရှိပါကြောင်း တင်ပြလိုက်ရပါသတည်း။

> လင်းတများသည် လူသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ကို နှောင့်ယှက်ဖျက်ဆီးခြင်းမရှိဘဲ လူသားတို့အတွက် ရောဂါဖြစ်လာနိုင်သော အပုပ်အသိုး၊ အနံ့အသက်များကို ရှင်းလင်းပေးခြင်းဖြင့် "ကျေးဇူးပြုသောငှက်" ဖြစ်

# မြို့တွင်းလမ်းများဆောင်ရွက်နေမှုနှင့် တက္ကသိုလ်နယ်မြေ သန့်ရှင်းရေး ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

မြစ်ကြီးနားမြို့တွင်းလမ်းများ တိုးချဲ့ခင်းကျင်းဆောင်ရွက်နေမှုနှင့် တက္ကသိုလ်နယ်မြေသန့်ရှင်းသာယာလှပစေရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဆေးဝါးကုသခံလာရောက်သည့်လူနာများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဝင်/ထွက်သွားလာနိုင်ရေး အဝင်/အထွက်လမ်းသစ်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ဆေးရုံအတွင်းဖွင့်လှစ်ထားသည့် ဈေးဆိုင်ခန်းများ စနစ်တကျဖြင့် သန့်ရှင်းသပ်ယပ်စွာ နေရာချထားပေးနိုင်ရေးကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ထိုမှတစ်ဆင့် ခေမာသီရိရပ်ကွက်၊ မဟာဗန္ဓုလလမ်း အရှည်ပေ ၆၉၂၅ ကို နိုင်လွန်ကတ္တရာခင်းကျင်း ဆောင်ရွက်နေမှုနှင့် လမ်းသားချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။



ယင်းနောက် မြစ်ကြီးနားတက္ကသိုလ်ကျောင်းဝင်းအတွင်း ဘောလုံးကွင်းတည်ဆောက်ရေးအတွက် မြေယာပြုပြင်ဆောင်ရွက်နေမှု၊ ခြံစည်းရိုးကာရံနိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်ဒေါက်တာအောင်ဝင်း၊ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်နယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် လူငယ်များကို အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး အကောင်းဆုံးသင်ကြားပြသပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဆရာ ဆရာမများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မြေငလျင်ဆိုင်ရာအသိပညာပေးဟောပြော

**ချမ်းအေးသာစံ ဖေဖော်ဝါရီ ၂၅**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် မြန်မာနိုင်ငံမြေငလျင်ကော်မတီ(မန္တလေး)တို့ ပူးပေါင်းကျင်းပသော မြေငလျင်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ငလျင်များနှင့် နေထိုင်ခြင်း စာအုပ်များလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်၉ နာရီက ချမ်းအေးသာစံမြို့နယ် ၆၈ လမ်းရှိ မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်က မန္တလေးမြို့သည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ဗဟိုတွင် ကျရောက်နေသည့်အတွက် မြေငလျင်ကြောင့်ဖြစ်လာမည့် ထိခိုက်မှုများကိုတွက်ဆပြီးမြေငလျင်ဘေးမှလွတ်မြောက်စေရေး ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဖွဲ့စည်းထားရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုလျော့နည်းစေရန် အဆောက်အအုံဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလုပ်ဆောင်ခြင်း၊ ငလျင်ဒဏ်ခံနိုင်သောနေရာများ ဖော်ထုတ်ထားရှိကြောင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရန် ပြည်သူလူထုအား အသိပညာပေးလုပ်ငန်းများဆောင်ရွက် ထားရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ငလျင်လှုပ်ရှားခြင်းနှင့် ငလျင်ရပ်ဝန်းများ၊ ငလျင်ကြောများကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာမြင့်က မြေငလျင်ဆိုင်ရာ ဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနညွှန်ကြားရေးမှူး ဦးအေးမင်းသူက မြေငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ကြိုတင်ပြင်ဆင်မှုများကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးဦးမျိုးသစ်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

## တမူးနှင့်ခန္တီးမြို့နယ်မြေလွတ်မြေရိုင်းများကိုလယ်ယာမြေဧက ၇၀၀ ခန့် ဖော်ထုတ်ကာ တောင်သူများအား ပေးအပ်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရစီစဉ်

**မုံရွာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်နှင့် ခန္တီးမြို့နယ်ရှိ မြေလွတ်မြေရိုင်းများကိုလယ်ယာမြေအဖြစ် ဧက ၇၀၀ခန့် ဖော်ထုတ်ပေးအပ်ရန် စီမံကိန်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးထံမှသိရသည်။

"ဒီနှစ် မြေလွတ်မြေရိုင်းကနေ လယ်ယာမြေအဖြစ် တမူးနဲ့ ခန္တီးမှာ ဖော်နေပြီဖြစ်ပါတယ်။ ဧကဘယ်လောက်ရမှာလဲဆိုတာတော့ အတိအကျမသိရသေးဘူး။ အခုဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ပြီး တောင်သူတွေကို ပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးဦးစိုးဦးကပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ကျပ်သန်းငါးရာသုံးစွဲပြီး ရေဦးမြို့နယ်တွင် လယ်ယာမြေဧက ၂၀၀၊ ကသာမြို့နယ်တွင် လယ်ယာမြေဧက ၂၀၀၊ ဖောင်းပြင်မြို့နယ်တွင် လယ်ယာမြေဧက ၂၀၀၊ ဟုမ္မလင်းမြို့နယ်တွင် လယ်ယာမြေ ၃၇၅ ဧက စုစုပေါင်းလယ်ယာမြေ ၉၇၅ ဧကအား လယ်မဲ့ယာမဲ့တောင်သူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းထဲ လယ်ယာကဏ္ဍမြှင့်တင်ဖို့ မြေလွတ်မြေရိုင်းတွေဖော်ထုတ်ပြီး လယ်မရှိယာမရှိတောင်သူတွေကို ပေးအပ်တာနဲ့ မိသားစုစားဝတ်နေရေးကိုတစ်စိတ်တစ်ဒေသအထောက်အကူဖြစ်စေဖို့ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကိုသုံးပြီး ရေမြေအခြေအနေပေးတဲ့ မြေလွတ်မြေရိုင်းတွေကိုရှင်းလင်းပြုပြင်ပြီးတာနဲ့ စစ်ကိုင်းတိုင်းထဲမှာ စိုက်ပျိုးမြေ ၉၇၅ ဧကဖော် ထုတ်ပြီးလယ်မဲ့ယာမဲ့ တောင်သူတွေကိုပေးအပ်နိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးဦးစိုးဦးက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဝင်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ်ဝင် ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ တာချီလိတ်နယ်စပ်ဝင်/ထွက်ပေါက်မှတစ်ဆင့် နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၆၁ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၉၆ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၀၄ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရ နေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျန်ကျောင်း၊ ရုပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီစသည့် အထင်ကရ နေရာများသို့ သွားရောက် လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်အထိ နေ့ချင်းပြန် ခရီးသည် စုစုပေါင်းမှာ ၈၅၃၇၃၅ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၄၄၄၉ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၆၈၄၈ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာတော့မည် ဖြစ်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနကွပ်ကဲမှုအောက် ရှိနေပြည်တော်မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးသရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

နေပြည်တော်မြို့မဈေး ကြီး၏ အပြင်ပတ်လည်တွင် တပ်ဆင်ထားရှိသည့် မီးသတ်ရေငုတ်များမှ တိုက်ရိုက်ရေပက်ဖျန်းငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ရေပက်ဖျန်းငြိမ်းသတ်ခြင်းတို့ကို မီးသတ်တာဝန်ရှိသူများနှင့် သန္နေတပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများနှင့်အတူ လက်တွေ့ ပူးပေါင်းသရုပ်ပြခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ရွှေကုဏ္ဍို**

## မြင်းခြံမြို့တွင် လူငယ်နှင့်မူးယစ်ဆေးဝါး ပြည်သူ့စကားဝိုင်းကျင်းပ

**မြင်းခြံ ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို မြင်းခြံမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမတွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်က မူးယစ်ဆေးဝါးသုံးစွဲမှု၏နောက်ဆက်တွဲဆိုးကျိုးများ၊ ရဲမှူး မြင့်နိုင်က မြို့နယ်အတွင်း မူးယစ်ကင်းစင်ရေးဆောင်ရွက်ချက်များ၊ ဆေးရုံအုပ်ကြီးဒေါက်တာထွန်းဝင်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအကြောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်အေးချမ်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွန်းက ပြန်လည်ထူထောင်ရေးဆိုင်ရာများအကြောင်းကို ဟောပြောဆွေးနွေးကြသည်။

အဆိုပါ "လူငယ်နှင့်မူးယစ်ဆေးဝါး" ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ အစိုးရနည်းပညာကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ပရဟိတလူမှုကူညီရေးအဖွဲ့များ၊ NGO နှင့် INGO အဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

## တောင်သူများ၏အသက်သွေးကြောတာတမံများအားစနစ်တကျကြီးကြပ်ရန် မှာကြား

**ပဲခူး ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ် လဂွမ်းပြင် လယ်သမားတာ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်မိုးညွှန့်က လဂွမ်းပြင် လယ်သမားတာ တည်ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က တာ၊ တမံများသည် လယ်သမားများ၏ အသက်သွေးကြောဖြစ်ပြီး စိုက်ပျိုးရေရရှိရေး၊ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်နေရခြင်းဖြစ်ကြောင်း၊ တာ၊ တမံများ တည်ဆောက်ရာတွင် ခိုင်ခံ့မှုနှင့် လုံခြုံစိတ်ချရမှုသည် အလွန်အရေးကြီးကြောင်း၊ အကြိမ်ကြိမ်အခါခါ စနစ်တကျ ကြီးကြပ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။



အဆိုပါ လဂွမ်းပြင် လယ်သမားတာသည် မြေသားတာတမံအမျိုးအစားဖြစ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၃၈ ဒသမ ၅၈ သန်း၊ တာထိပ်အကျယ် ၁၄ ပေ၊ ပျမ်းမျှအမြင့် ၁၀ ပေ၊ အလျားနှစ်မိုင်၊ မြေကျင်း ၄၆၄၉၄ ဖြင့် တင်ဒါအောင်မြင်ခဲ့သော မြေလတ်သစ္စာကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မတ်လအတွင်း ဆောင်ရွက်ပြီးစီးမည်ဖြစ်၍ ပတ်ဝန်းကျင်ရှိ လသာအေး၊ လသာကုန်း၊ ကော့ခဲ၊ ဘုရားငုတ်တို၊ ထုံးကြီး စသည့် ကျေးရွာအုပ်စု ငါးအုပ်စုအတွင်းရှိ စိုက်ပျိုးမြေဧရိယာဧက ၅၀၀၀ အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## အစိုးရ၊ လွှတ်တော်၊ ပြည်သူနှင့်ဌာနဆိုင်ရာများလက်တွဲ၍ တက်ညီလက်ညီဝိုင်းဝန်းကြိုးစား

**မယ်စဲ့ ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘောလခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီခွဲက မယ်စဲ့မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မယ်စဲ့မြို့ ဧည့်ရိပ်သာ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးရာ ဌာနဆိုင်ရာများအနေဖြင့် ဌာနအတွက်အမှန်တကယ် လိုအပ်သည်များကို ဦးစားပေးလျာထားတင်ပြရန်၊ ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစေရန်၊ မြို့နယ်တွင်း တည်ဆောက်ရေးလုပ်ငန်းများအား မြို့နယ်တည်/ကော်အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များကို ပြည်နယ်အစိုးရကိုတင်ပြရန်၊ စစ်ဆေးချက်မှတ်တမ်းနှင့် မြေပြင်ကွာဟမှုမရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က မယ်စဲ့မြို့ရေပေါ်ဈေးတည်ဆောက်မည့်အခြေအနေ၊ ဧည့်ရိပ်သာအဆင့်မြှင့်တင်မည့်အခြေအနေများကို တင်ပြဆွေးနွေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် အခက်အခဲများကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်ကန်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၊ နန့်မန်းကျေးရွာမူလတန်းလွန်ကျောင်း၊ ဟိုဂျစ်ကျေးရွာနှင့် အ-ထ-က (ဟိုစဲ့)နှင့် အ-ထ-က (မယ်စဲ့)တို့ရှိ ဒေသခံပြည်သူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး မိမိတို့အနေဖြင့် ပြည်သူများ၏ အခြေခံ လိုအပ်ချက်ဖြစ်သည့် ရေ၊ မီး၊ လမ်းပန်းဆက်သွယ်ရေးကို အဓိကဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူနှင့် ဌာနဆိုင်ရာများလက်တွဲ၍ ကြိုးစားဖို့လိုကြောင်းပြောကြားခဲ့သည်။

**မယ်စဲ့(ပြန်/ဆက်)**

## ကွမ်းခြံကုန်းရေထိန်းတံခါးကြောင့် တောင်သူများနွေစပါးတိုးချဲ့စိုက်ပျိုးလာနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်တွင် ကွမ်းခြံကုန်းရေထိန်းတံခါး တည်ဆောက်ထားခြင်းကြောင့် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုကို အပြည့်အဝ ကာကွယ်လျှော့ချပေးပြီး ပွင့်လင်းရာသီတွင် တိုးမြစ်မှ ရေချိုများကို ပြန်လည်ပေးသွင်းနိုင်ခဲ့သဖြင့် ကွမ်းခြံကုန်းနှင့် ကော့မှူး မြို့နယ်များအတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် မိုးစပါးအပြင် နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။

ကော့မှူးမြို့နယ် မကျီးတန်းကွင်းမှ နွေစပါးလယ်ဧက ၄၀ ကျော် စိုက်ပျိုးနေသည့် တောင်သူကြီး ဦးဝင်းမြင့်က "ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ရေတံခါးတွေ ဆောက်ပေးတဲ့အပြင် အရှေ့ခြမ်း ရန်ကုန်မြစ်ကမ်း တစ်လျှောက်မှာလဲ ရေငန်မဝင်အောင် မုတ်ကျွန်းတာကို တည်ဆောက်ပြီး ကာကွယ်ပေးထားတော့ မိုးရာသီမှာ ရေမကြီးတော့ဘူး၊ နွေရာသီမှာလည်း နွေစပါးစိုက်ပျိုးဖို့ ရေချို လုံလုံလောက်လောက်ရနေတော့ အရင်က တောင်သူတွေကို ပညာပေးပြီး စိုက်ခိုင်းရတဲ့ ကာလကနေ အခုတောင်သူတွေက မစိုက်ပါနဲ့ဆိုရင်တောင် မနေတော့တဲ့ အနေအထားမျိုးဖြစ်နေတယ်" ဟု ပြောသည်။

ကွမ်းခြံကုန်း ရေထိန်းတံခါးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်သည့် ဧရိယာ ၂၁၄၀၀ ဧကကို ရေထုတ်နုတ်နိုင်ရန် ရည်ရွယ်၍ ၁၉၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ကော့မှူးနှင့်ကွမ်းခြံကုန်းမြို့နယ်များတွင် ရေနုတ်မြောင်းများ၊ ရေထိန်းတံခါးများနှင့် ရေငန်တားတာများ မတည်ဆောက်မီက မိုးစပါး ဧက ၁၃၃၀၀၀ ကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးနိုင်မှု မရှိခဲ့ကြောင်း၊ ယခုအခါ မိုးစပါးဧက ၁၉၀၀၀၀ ကျော်နှင့် နွေစပါးဧက ၂၇၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

လယ်ဧက ၆၀ ကျော်တွင် နွေစပါး စိုက်ပျိုးနေသည့် ကွမ်းခြံကုန်းမြို့မှ တောင်သူကြီး ဦးမြင့်သန်းက "အရင်က ကွမ်းခြံကုန်းမြို့နယ် တောင်ဘက်ခြမ်းမှာ နှစ်စဉ် မိုးစပါးစိုက်ရင် နှစ်ကြိမ်၊ သုံးကြိမ်ထက် မနည်း ပြန်စိုက်နေရပါတယ်။ အခု သုံးနှစ် လောက်အတွင်းမှာ နွေစပါးတစ်ကြိမ်စိုက်တာနဲ့ အောင်မြင်လာတယ်။ ရေထိန်းတံခါးတွေက ကွင်းရေထိန်းညှိပေးတဲ့အတွက်လဲ စိုက်ပျိုးရေးအပြင် ဒေသခံတွေအနေနဲ့ ရေလမ်းကနေ သွားလာရေးအတွက်ပါပိုပြီး အဆင်ပြေလာခဲ့ပါတယ် " ဟု ပြောကြားသည်။

ကွမ်းခြံကုန်းရေထိန်းတံခါးသည် (၆ ပေ × ၁၂ ပေရှည်) ၁၅ ပေါက်ပါ ရေထိန်းတံခါးဖြစ်ပြီး မိုးရာသီ၌ အလျား ၁၆ဒသမ ၇ မိုင်ရှိ အမှတ် (၁) မြောင်းနှင့် အလျား ၁၂ ဒသမ ၂ မိုင်ရှိ အမှတ်(၂)မြောင်းတို့အတိုင်း တွံတေး၊ ဒလ၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များမှ စီးဆင်းလာသော ပိုလျှံကွင်းရေများကို ကွမ်းခြံကုန်းချောင်းမှတစ်ဆင့် ဒီရေကျချိန် တိုးမြစ်သို့ ထုတ်နုတ်ပေးသည့်အပြင် တိုးမြစ်မှဒီရေတက်ချိန် ကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်းမပြုနိုင်ရန် ကာကွယ်ထိန်းညှိပေးပြီး နွေရာသီတွင် တိုးမြစ်မှ ရေချိုများကို သဘာဝချောင်းမြောင်းများအတိုင်း ကွင်းအတွင်းသို့ ဖြည့်တင်းပေးကာ နွေစပါးစိုက်ပျိုးရန် ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တွင် ရေနုတ်မြောင်းများ၊ ရေထိန်းတံခါးများနှင့် ရေငန်တားတာများ မတည်ဆောက်မီက မိုးစပါး ဧက ၁၃၃၀၀၀ ကျော်သာ စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက်ပျိုးနိုင်မှုမရှိခဲ့ကြောင်း ယခုအခါ မိုးစပါးဧက ၁၉၀၀၀၀ ကျော်နှင့် နွေစပါးဧက ၂၇၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**သီသီမင်း**



## စည်ပင်နှင့်နယ်သာလန်အဖွဲ့တို့ပူးပေါင်းကာ မြစ်အတွင်းအမှိုက်မစွန့်ပစ်ရေးအသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြစ်ချောင်း များအတွင်း အမှိုက် မပစ်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်နှင့် သန့်ရှင်းရေးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံတွင် ရေကြောင်းသွားလာရေးနှင့် ဆိပ်ကမ်းအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်နေသော နယ်သာလန်နိုင်ငံ Royal Haskoning DHV မှ ဝန်ထမ်းများ စုပေါင်း၍ ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၌ လူထုအသိပညာပေး အမှိုက်ကောက်ပွဲအခမ်းအနားကို ကျင်းပသည်။



"မြစ်ချောင်းတွေ၊ ဆိပ်ကမ်းတွေမှာ အမှိုက်တွေပစ်ချနေခြင်းဟာ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဂေဟစနစ်ကို ထိခိုက်ပျက်ယွင်းစေပါတယ်။ ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်နေကြသလို မြစ်ချောင်းတွေထဲမှာအမှိုက်တွေ မချဖို့လိုအပ်ပါတယ်။ ကုန်းပေါ်ကိုချ လိုက်တဲ့အမှိုက်တစ်စဟာ ပြန်ကောက်ဖို့လွယ်ပေမယ့် မြစ်ချောင်းထဲ ချလိုက်တဲ့အမှိုက် တစ်စကို ပြန်ကောက်ဖို့ခက်ပါတယ်။ ရေစီးထဲမျောပါနေတဲ့ အမှိုက်တွေကို ရေသတ္တဝါတွေ စားသုံးမိတဲ့အခါ သေကျေပျက်စီးမှုတွေဖြစ်လာပြီး ဂေဟစနစ်ကို ပျက်စီးစေနိုင်ပါတယ်။ မျိုးသုဉ်းမှုတွေဖြစ်လာပါတယ်။ ဒါကြောင့်မို့ မြစ်ချောင်းတွေထဲ အမှိုက်တွေပစ်မချကြဖို့ လူတိုင်းသတိမူ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်" ဟု အမှိုက်ကောက်ရာတွင် ပါဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်က ပြောသည်။

"ကျွန်တော်တို့နယ်သာလန် အဖွဲ့အနေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ပူးပေါင်းပြီး မြစ်ချောင်းတွေထဲ အမှိုက်မပစ်ရေး လူထုအသိပညာပေး အမှိုက်ကောက်တာ ဒါနဲ့ဆို တတိယအကြိမ်ရှိသွားပြီဖြစ်ပါတယ်၊ ဒီလိုစုပေါင်းလုပ်ရင် အလုပ်ကို ပိုပြီးနိုင်တယ်ဆိုတာရယ်၊ ပြည်သူတွေအနေနဲ့ မြစ်ချောင်းတွေထဲကို အမှိုက်မချသင့်ဘူးဆိုတာရယ် ကျယ်ကျယ်ပြန့်ပြန့်သိနိုင်ဖို့ ဒီလိုစုပေါင်းအမှိုက်ကောက်ရခြင်းဖြစ်ပါတယ်" ဟု Royal HaskoningDHV မှ စီမံကိန်းမန်နေဂျာ Mr. Methi Pieper MSc က ပြောသည်။

အဆိုပါလူထုအသိပညာပေး အမှိုက်ကောက်ခြင်းကို စည်ပင်သန့်ရှင်းရေးဝန်ထမ်းများနှင့် နယ်သာလန် နိုင်ငံသားများအပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ရေအရင်းအမြစ်မှဝန်ထမ်းများလည်း ပါဝင်ရာ လူပေါင်း ၃၀၀ ကျော်ဖြင့် အသိပညာပေးခြင်းနှင့် အမှိုက်ကောက်ခြင်းကို ပူးပေါင်းဆောင်ရွက်ကြသည်။ နယ်သာလန်နိုင်ငံသားများ ဦးဆောင်မှုဖြင့် ယင်းကဲ့သို့ လူထုအသိပညာပေးအမှိုက်ကောက်ခြင်းကို ၂၀၁၆ ခုနှစ် ဧပြီတွင် လမ်းမတော်ဘုန်းကြီးလမ်းဆိပ်ခံတံတား၌လည်းကောင်း၊ ၂၀၁၆ ဒီဇင်ဘာတွင် ဗိုလ်တထောင်ဆိပ်ကမ်း၌လည်းကောင်းဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်မှာတတိယအကြိမ်ဖြစ်ကြောင်း၊ လူထုစိတ်ဝင်စားပြီးထိရောက်မှုများလည်းရှိကြောင်းသိရသည်။

**စောဝေယံ**

## သုံးခွမြို့နယ်၌ 'လူငယ်နှင့်လူမှုမီဒီယာ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**သုံးခွ ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် 'လူငယ်နှင့် လူမှုမီဒီယာ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးနေဝင်း (သုံးခွမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)၊ ဦးမျိုးဆွေ (သုံးခွမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်)၊ ဆရာဇာနည်တင် ( MCT) (MD, Z& S Education Services Company)၊ ဒေါ်ရီရီလွင် (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) ( Moderator) တို့က 'လူငယ်နှင့် လူမှုမီဒီယာ' ခေါင်းစဉ်ဖြင့် စကားဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြရာ စိတ်ပါဝင်စားကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ကဏ္ဍအလိုက်ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာများမှ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လျှော်ဘေးပညာပေးဟောပြောပွဲနှင့်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော လျှော်ဘေးအသိပညာပေးဟောပြောပွဲနှင့် လျှော်ဇာတ်တိုက်လေ့ကျင့်မှု အစီအစဉ်ကို တောင်ကြီးတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က "လျှော်ဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ပြောရရင် ကြိုတင်ခန့်မှန်းလို့ လုံးဝမရနိုင်တဲ့အတွက် သဘာဝဘေးအမျိုးအစား အားလုံးထဲမှာ ကြောက်စရာအကောင်းဆုံး ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး လူသေဆုံးမှုနဲ့ထိခိုက်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်တဲ့ ဘေးအန္တရာယ်ဆိုတာ တွေ့ရမှာဖြစ်တယ်၊ မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ ပုဂံလျှော်၊ အင်းဝလျှော်၊ ပဲခူးလျှော်စတဲ့ လျှော်ဘေးအန္တရာယ်တွေကြောင့် အသက် အိုးအိမ်စည်းစိမ်တွေ၊ ယဉ်ကျေးမှုအမွေအနှစ်များစွာ ထိခိုက်ဆုံးရှုံးစေခဲ့တဲ့ သာဓကများစွာရှိခဲ့ပါတယ်။

"ကျွန်တော်တို့ တောင်ကြီးမြို့ တည်နေရာဝန်းကျင်ဟာ ကျောက်ကြမ်းပြတ်ရွေ့ကြောပေါ်မှာ တည်ရှိနေတာဖြစ်တဲ့အတွက် အလတ်စားအဆင့် ပြင်းထန်တဲ့ ၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ တာလေလျှော်ဘေးလောက် အဆင့်အထိရှိတဲ့ အလတ်စား အင်အားပြင်းလျှော်တွေ လှုပ်ခတ်မှုနဲ့ ကြုံတွေ့နိုင်တာဖြစ်တဲ့အတွက် လိုအပ်တဲ့ ပြင်ဆင်ဆောင်ရွက်မှုတွေကို မလွဲမသွေဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု အဖွင့်အမှာစကားပြောကြားခဲ့သည်။

ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်က လျှော်ဘေးအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးသန်းထွန်းဦးက လျှော်ဘေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက လျှော်လှုပ်ခတ်စဉ် နေရာယူမှုများကို လက်တွေ့လေ့ကျင့် သရုပ်ပြသခြင်း၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို လက်တွေ့လေ့ကျင့်သရုပ်ပြသခြင်းများဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည့်များက စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ပြီး တောင်ကြီးမြို့ပေါ်၌ လျှော်ပညာပေးလက်ကမ်းစာစောင်များ လိုက်လံဝေငှပေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ထားဝယ်မြို့၌ လူငယ်ရေးရာမူဝါဒမိတ်ဆက်ရှင်းလင်းပွဲနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

**ထားဝယ် ဖေဖော်ဝါရီ ၂၅**
လူငယ်ရေးရာမူဝါဒမိတ်ဆက်ရှင်းလင်းပွဲနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်ထုဘက်စုံဖွံ့ဖြိုးရေးအတွက် ယခုလူငယ်ရေးရာမူဝါဒမှာလည်း အရေးပါလှပါကြောင်း၊ ယခုလူငယ်ရေးရာမူဝါဒထွက်ရှိပြီးနောက် မူဝါဒမှာပါဝင်သည့် လူငယ်ဖွံ့ဖြိုးရေးကဏ္ဍဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့်အားကစား၊ အလုပ်အကိုင်အခွင့်အလမ်း၊ ကျား/မရေးရာ၊ မူးယစ် ဆေးဝါး၊ လူအခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးအစရှိသည့် ကဏ္ဍများကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရန် လိုအပ်ကြောင်း၊ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ ရှေ့လုပ်ငန်းစဉ်များကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်သည့်အတွက် တက်ရောက်လာကြသည့် လူငယ်များနှင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက အတူပူးပေါင်းပြီး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လူငယ်ရေးရာမူဝါဒကို ဆက်စပ်ဌာနဆိုင်ရာများ လူငယ်များနှင့် လူမှုအဖွဲ့အစည်းများအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ လူငယ်ရေးရာမူဝါဒရေးဆွဲရေး ဗဟိုကော်မတီဝင် သူရစိုး (ခ) ဦးဟိန်းထက်က လူငယ်ရေးရာမူဝါဒသည် တိုင်းပြည်အတွက်အရေးကြီးကြောင်း၊ အစိုးရမှလည်း ပူးပေါင်းပါဝင်လာမှုများ ရှိလာသောကြောင့် ယခုလို အကောင်အထည်ပေါ်လာကြောင်း၊ လူငယ်ရေးရာအတွက်ပူးပေါင်းပါဝင်ပေးကြသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး လူငယ်မူဝါဒရေးဆွဲရေး ဗဟိုကော်မတီဝင် ကိုမျိုးမင်းဦးက လူငယ်ရေးရာမူဝါဒအခန်းကဏ္ဍများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လူငယ်ရေးရာကော်မတီများ၏ အရည်အချင်းသတ်မှတ်ချက်များကို အုပ်စုဖွဲ့ဆွေးနွေးကြပြီး မြို့နယ်ကိုယ်စားလှယ်များ ရွေးချယ်ကြကာ တိုင်းလူငယ်ရေးရာကော်မတီ အတွင်းရေးမှူးရွေးချယ်ခြင်းနှင့် ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး ကိုယ်စားလှယ်များက အဆိုတင်သွင်းပြီး လူငယ်ကိုယ်စားလှယ်များက လူငယ်ရေးရာမူဝါဒအကြောင်းကို ဖေဖော်ဝါရီ ၂၅ ရက် အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ရှမ်းကွင်းကျေးရွာ၌ မြို့လယ်ချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုကျမှုကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်ရေးလုပ်ငန်းကို ဇန်နဝါရီ ၁ ရက်မှစတင်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည်။

ရှမ်းကွင်းကျေးရွာ ကျောက်စီမြေထိန်းနံရံ အချိန်မီပြီးစီးရေးအတွက် ပဲခူးတိုင်းဒေသကြီး (BRCCA) အဖွဲ့နှင့် မြို့နယ်အဖွဲ့အစည်းဖြစ်သော ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီအဖွဲ့တို့က အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျောက်စီမြေထိန်းနံရံလုပ်ငန်းကို တိုင်းဒေသကြီး(B.E)ရန်ပုံငွေကျပ်သန်း ၁၆၀ အကုန်အကျခံ၍ ရှမ်းကွင်းကျေးရွာ မြို့လယ်ချောင်းရေတိုက်စားခြင်းမှကာကွယ်ရန် အလျားပေ ၈၀၀ အတွက် တည်ဆောက်သွားမည်ဖြစ်ပြီး အမာခံရရှိစေရန် မျှောပိုင်ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး၍ သံကူကွန်ကရစ်နံရံ အမြင့်လေးပေတည်ဆောက်ကာ ရေစားသော ချောင်းကမ်းပါး လျှောစောင်းအလျား ၁၆ ပေခန့်အား ကျောက်ကြီးစီခြင်းလုပ်ငန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းကို ယနေ့အချိန်အထိ လုပ်ငန်းဆောင်ရွက်မှု ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက ပြောကြားခဲ့သည်။

**ဖေယျာထွန်း(ကြို့ပင်ကောက်)**



## မျိုးစေ့ထုတ် အသေးစားအရင်းအနှီးချေးငွေ ပေးအပ်

**ဟသ်ာတ ဖေဖော်ဝါရီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမ အသင်းများအား မျိုးစေ့ (Register Seed) ထုတ် အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတမြို့နယ် သမဝါယမဦးစီးအရာရှိ ဦးကြည်လင်က မျိုးစေ့ထုတ် အသေးစားအရင်းအနှီး ချေးငွေပေးအပ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်ထားက မျိုးစေ့ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းအကြောင်းကိုလည်းကောင်း အသေးစိတ်ရှင်းလင်း ပြောကြားသည်။

မျိုးစေ့ထုတ်တောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာနက ရွေးချယ်သည့် မျိုးသန့်စိုက်တောင်သူဖြစ်ရန်နှင့် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမ အသင်းဝင်ထားသော တောင်သူဖြစ်ရန်လိုအပ်ကြောင်း အသင်းသားမဟုတ်သည့် အရင်းအနှီးချေးငွေထုတ်ယူလိုသောတောင်သူများအား စိုက်/ထွေ သမအသင်းဝင်ခွင့်ပြုပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ချေးငွေကာလမှာ ဇွန်လကုန်တွင် အတိုးနှင့် အရင်းငွေများကို အပြေအကျေပေးဆပ်ရမည်ဖြစ်ပြီး အတိုးနှုန်းမှာ တစ်လလျှင် တစ်ကျပ်ခွဲနှုန်းဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးကြည်လင်ကပြောသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမ ၁၄ သင်းမှ အသင်းသား ၉၁ ဦး၏ မျိုးစေ့ထုတ်စိုက်ဧက ၂၁၃ ဧကအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ထုတ်ချေးငွေကျပ် ၆၃၉ သိန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ သမအသင်းစုဉက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသင်းသားများထံ ချေးငွေစာချုပ်နှင့် ချေးငွေများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြစ်သား**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများ မူခင်းအသိပညာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်၍ သက်ငယ်မုဒိမ်းမှုနှင့် မူခင်းကျဆင်းရေးတို့ကို ဖေဖော်ဝါရီ ၂၃ရက် နံနက် ၉နာရီ မှ ညနေ ၃ နာရီအထိ ဘူတာရပ်ကွက် အခွန်လွတ်ဈေးအနီးနှင့် ရှမ်းပွဲရပ်ကွက် ရွှေမုဋ္ဌောဘုရားရှေ့တို့၌ ကွင်းဆင်းဟောပြောကြောင်း သိရသည်။

ထိုသို့ ဟောပြောရာတွင် မြို့မစခန်းမှူး ဒု-ရဲမှူး လှသန်းနိုင်က သက်ငယ်မုဒိမ်းမှုနှင့် မူခင်းကျဆင်းရေးများကိုလည်းကောင်း၊ ရဲအုပ်ထင်အောင်ရဲမြင့်၊ ရဲအုပ်ဇော်မိုးလွင်တို့က လူကုန်ကူးမှုနှင့် လူမှောင်ခို ကူးမှုများကိုလည်းကောင်း၊ ဒု-ရဲအုပ်ကျော်ညီညီအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောပြီး မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

**တိုက်ကြီး**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁ နာရီက ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းဦးက သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူခင်းအသိပညာပေးဆွေးနွေးခဲ့ရာ သရက်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းနှင့် အဖွဲ့၊ အမျိုးသမီးငယ်များ၊ ရပ်ကွက်နေပြည်သူ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## စာစစ်ဌာနများ မီးဘေးလုံခြုံရေး တာဝန်ရှိသူများကြည့်ရှုစစ်ဆေး

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၅**
၂၀၁၈ ခုနှစ် မတ်လအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနများတွင် မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပေါ်စေရေးအတွက် ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ စာစစ်ဌာနများသို့ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်မျိုးကျော်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ငြိမ်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယမီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါ၍ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ဒီးမော့ဆို) စာစစ်ဌာန၊ အခြေခံပညာအထက်တန်းကျောင်း (ဒေါင်ခါး) စာစစ်ဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဒေါတမငယ်) စာစစ်ဌာနများတွင် မီးဘေးလုံခြုံရေးအတွက် မီးကြိုးသွယ်တန်းမှု၊ မီးသတ်ဆေးဘူးထားရှိမှုနှင့် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

အလားတူ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများက စာမေးပွဲကာလအတွင်း လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးအတွက် မီးကြိုးနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**



# ပြိုင်ပွဲကရရှိခဲ့တဲ့ သင်ခန်းစာတွေကို "အရှုံးမပေးတဲ့ ဝိညာဉ်" မှာ ထည့်သွင်းသီဆိုထားတယ်ဆိုတဲ့ ဘီလီလမင်းအေး

Myanmar Idol season 2 ရဲ့ first runner up ဆုရှင် တေးသံရှင် ဘီလီလမင်းအေးရဲ့ ပထမဆုံး တစ်ကိုယ်တော်စီးရီးမိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းပေါ်ရှိ Orchid Hotel မှာ ကျင်းပခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် ဧပြီလကတည်းက စတင်ပြင်ဆင်ခဲ့တဲ့ ဒီတေးစီးရီးမှာ ပြိုင်ပွဲကနေ ရရှိခဲ့တဲ့ အခက်အခဲတွေနဲ့ သင်ခန်းစာတွေကို ထည့်သွင်းသီဆိုထားတယ်လို့ ဘီလီလမင်းအေးက ပြောပါတယ်။

"ဒီစီးရီးထဲမှာ ဖူး ပြိုင်ပွဲတုန်းကရရှိခဲ့တဲ့ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ၊ အထူးသဖြင့် ဝေဖန်မှုတွေကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ခဲ့တာတွေကို သီချင်းအနေနဲ့ သီဆိုထားပါတယ်၊ ဒီသီချင်းကို နားဆင်လိုက်တာနဲ့ ခွန်အားတစ်ခုခုတော့ ရသွားလိမ့်မယ်လို့ ဖူး ယုံကြည်ပါတယ်၊ စီးရီးခေါင်းစဉ်ကိုလည်း အဲဒီသဘောနဲ့ ပေးဖြစ်ခဲ့တာပါ"လို့ ဘီလီလမင်းအေးက ပြောပြခဲ့ပါတယ်။

သီချင်းစုစုပေါင်း ၁၄ ပုဒ် ပါဝင်တဲ့ ဒီတေးအယ်လ်ဘမ်မှာ တေးရေးတွေအနေနဲ့ ကိုလေးလွင်၊ သုခမိန်လှိုင်၊ ဆောင်းဦးလှိုင်၊ စည်သူလွင်၊ ဟဲလေး၊ ရဲလေး၊ ဝေကြီး၊ MHL နဲ့ Saw Keh Keh တို့ ရေးသားပေးထားကြကာ Bo Bo Music Production မှ မတ် ၃ ရက်မှာ ဖြန့်ချိပေးသွားမယ်လို့သိရပါတယ်။

**ဌေးမမ**

# သူငယ်ချင်းတွေလားဆိုတာ မသေချာပါဘူး

အော်စကာဆုရှင်မင်းသမီး ဂျနီဖာလောရန့်စ်နဲ့ ရုပ်သံကြယ်ပွင့်တစ်ဦးဖြစ်သူ ကမ်ကာဒါးရှီးရန်းတို့ဟာ ခင်မင်ကြတဲ့ သူငယ်ချင်းတွေအဖြစ် ပရိသတ်တွေက အသိအမှတ်ပြုထားကြတာပါ။ ဒါပေမဲ့ လတ်တလောမှာ ဂျနီဖာလောရန့်စ်က သူ့အနေနဲ့ ကမ်ကာဒါးရှီးရန်းဟာ သူ့အပေါ်ကို သူငယ်ချင်းလိုသဘောထား၊ မထားမသေချာသလို တကယ့်သူငယ်ချင်း အစစ်အမှန်လားဆိုတာလည်း သံသယဖြစ်မိကြောင်း စနောက်ပြောကြားတယ်လို့ အီးအွန်လိုင်း ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ် ရှိပြီဖြစ်တဲ့ ဂျနီဖာလောရန့်စ်က နယူးယောက်က အမျိုးသမီးလူမှုရေးအသင်းတစ်ခုမှာ ကမ်ကာဒါးရှီးရန်းနဲ့ သူ့ရဲ့ဆက်ဆံရေးကို ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဂျနီဖာလောရန့်စ်က သူ့နဲ့ ကမ်အကြားမှာရှိတဲ့ သူငယ်ချင်းဆိုတဲ့ဆက်ဆံရေးဟာ တစ်ဖက်သတ် ဆက်ဆံရေးသာဖြစ်နိုင်ကြောင်း စနောက်ပြောကြားခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျနီဖာလောရန့်စ်ဟာ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Keeping up with the Kardashians" ရဲ့ အစီအစဉ်တင်ဆက်သူ ကမ်ကာဒါးရှီးရန်းရဲ့ ပရိသတ်တစ်ဦးဖြစ်ပြီး ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းမှာလည်း သူတို့နှစ်ဦး ရုပ်သံအင်တာဗျူးတစ်ခုမှာ အတူပါဝင်ခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ချစ်သူများနေ့မှာတော့ ကမ်ကာဒါးရှီးရန်းက သူချစ်တဲ့သူတွေရော၊ မုန်းတဲ့သူတွေကိုပါ စာရင်းပြုလုပ်ကာ သူထုတ်လုပ်တဲ့ အလှကုန်တွေထဲက ပစ္စည်းသစ်ဖြစ်တဲ့ ရေမွှေးဘူးတွေလက်ဆောင်ပို့ခဲ့ပါတယ်။ ကမ်ရဲ့စာရင်းမှာတော့ ဂျနီဖာလောရန့်စ်ရဲ့အမည်လည်း ပါဝင်နေတာ တွေ့ရပါတယ်။

# ဘောလိဝုဒ်မင်းသမီး သျှရီဒေဝီ ကွယ်လွန်

ဘောလိဝုဒ်ရုပ်ရှင်လောကရဲ့ နာမည်ကျော် ကြယ်ပွင့်တစ်ဦးဖြစ်သူ သျှရီဒေဝီဟာ လတ်တလောမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီသတင်းကို ဟောလ်ဝုဒ်မီဒီယာစာမျက်နှာတွေပေါ်မှာလည်း တွေ့နေရပါတယ်။ သျှရီဒေဝီဟာ ကွယ်လွန်ချိန်မှာတော့ အသက် ၅၄ နှစ်အရွယ်သာ ရှိသေးတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဘောလိဝုဒ်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်ခဲ့တဲ့ သျှရီဒေဝီဟာ ပြီးခဲ့တဲ့ စနေနေ့က ကွယ်လွန်သွားခဲ့တာဖြစ်ပြီး အာရပ်စော်ဘွားများ ပြည်ထောင်စုမှာ ရုတ်တရက် နှလုံးရပ်တာကြောင့် သေဆုံးသွားခဲ့တာဖြစ်ကြောင်း သူ့ရဲ့ဝမ်းကွဲ မောင်တော်စပ်သူက အိန္ဒိယသတင်းဌာနကို အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ သျှရီဒေဝီရဲ့မောင်ဖြစ်သူ ပြောကြားချက်အရ မင်းသမီးဟာ သူ့ရဲ့မိသားစုဝင်တွေနဲ့အတူ အာရပ်စော်ဘွားများ ပြည်ထောင်စုကို မင်္ဂလာအခမ်းအနားတက်ရောက်ဖို့ရာ ရောက်ရှိနေတာဖြစ်ပြီး သူနဲ့အတူ ခင်ပွန်းဖြစ်သူ ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ ဘွန်နီကပူးလ်နဲ့ သမီးဖြစ်သူတို့လည်း အတူလိုက်ပါလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

သျှရီဒေဝီကပူးလ်လို့အမည်ရပေမယ့် သျှရီဒေဝီလို့သာလူသိများတဲ့ မင်းသမီးကြီးဟာ အိန္ဒိယရဲ့ ဟိန္ဒူရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ခြင်းမပြုမီက တမီး၊ တယ်လူဂူ၊ မာလေယာလမ်၊ ကောနက် စတဲ့ဒေသတွင်းရုပ်ရှင်လေးတွေမှာ ပါဝင်ခဲ့သူဖြစ်ပါတယ်။ သူ့ရဲ့အောင်မြင်မှုတွေကြောင့် ဟိန္ဒူရုပ်ရှင်ကားကြီးတွေမှာ ပါဝင်ခွင့်ရလာခဲ့ပြီး အောင်မြင်တဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့တာပါ။ သူဟာသရုပ်ဆောင်နယ်ပယ်အတွင်းကိုတော့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် အသက်လေးနှစ်အရွယ်မှာ စတင်ခြေချခဲ့တာဖြစ်ပါတယ်။ ဘောလိဝုဒ်သရုပ်ဆောင်အဖြစ်ကိုတော့ အသက် ၁၂ နှစ်အရွယ်မှာ "Julie" ရုပ်ရှင်နဲ့ စတင်ခဲ့တာဖြစ်ပြီး ၁၃ နှစ်အရွယ်မှာတော့ ဇာတ်ဆောင်တစ်ဦးအဖြစ် "Moondru Mudichu" ရုပ်ရှင်နဲ့ ပရိသတ်ရှေ့ရောက်လာခဲ့တာဖြစ်ပါတယ်။ သူရဲ့အနုပညာသက်တမ်းတစ်လျှောက် အောင်မြင်တဲ့ ရုပ်ရှင်ကားပေါင်းများစွာကို ရိုက်ကူးခဲ့ပြီး ရုပ်ရှင်ထူးချွန်ဆု ၁၀ ဆု အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရကာ အဲဒီထဲကမှ ငါးဆုကိုတော့ ပိုင်ဆိုင်နိုင်ခဲ့တဲ့ ထူးချွန်သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။





# မီလန်ဖက်ရှင်သီတင်းပတ်ကို ဦးဆောင်နိုင်ခဲ့တဲ့ ဂျီဂျီဟာဒစ်

ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ်တစ်ဦးဖြစ်ပြီး ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးလည်းဖြစ်တဲ့ ဂျီဂျီဟာဒစ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းပြုလုပ်ခဲ့တဲ့ မီလန်ဖက်ရှင် သီတင်းပတ်မှာတော့ အများရဲ့အာရုံကို အဖမ်းစားနိုင်ဆုံးသော မော်ဒယ်လ်ဖြစ်ခဲ့ကြောင်း အီးအွန်လိုင်း ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၀ ရက်မှာတော့ မီလန်ဖက်ရှင်သီတင်းပတ်ကို စတင်ခဲ့ရာ အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်က အရောင်အသွေးစုံလင်ရှိတဲ့ ဝတ်စုံဒီဇိုင်းပေါင်းများစွာကို ဝတ်ဆင်ကာ ပွဲထွက်ခဲ့တာကို တွေ့ရပါတယ်။ ဖက်ရှင်ရှိုးလျှောက်ရာမှာလည်း ဂျီဂျီဟာ ရှေ့တန်းနဲ့ အလယ်မှာ နေရာရခဲ့ပြီး ဦးဆောင်လျှောက်လှမ်းခဲ့တာကိုလည်း တွေ့ရပါတယ်။

ယင်းဖက်ရှင်ပြပွဲမှာတော့ အီတလီဒီဇိုင်နာတွေရဲ့ လက်ရာတွေဖြစ်ကြတဲ့ ယခုနှစ်ရဲ့ နောက်ဆုံးပေါ်ဒီဇိုင်းတွေကို ဝတ်ဆင်ပြသခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**












## အကောင်းဆုံးကိုမှ ရွေးချယ်လိုသော တောင်သူကြီးများအတွက် CLAAS ထွန်စက်နှင့် ရိတ်သိမ်းချွေလှေ့စက်များ

ကမ္ဘာ့အကောင်းဆုံးစိုက်ပျိုးရေးနှင့်လယ်ယာသုံးစက်ပစ္စည်းအား နှစ်ပေါင်း(၁၀၅)နှစ်တိုင် ထုတ်လုပ်အောင်မြင်လျက်ရှိသော CLAAS ထွန်စက်နှင့် ရိတ်သိမ်းချွေလှေ့စက် အမှတ်တံဆိပ်သည် တောင်သူဦးကြီးများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် အရည်အသွေးမြင့် ဂျာမနီအမှတ်တံဆိပ် ဖြစ်ပါသည်။

တောင်သူဦးကြီးများအနေနှင့် CLAAS ထွန်စက်နှင့် ရိတ်သိမ်းချွေလှေ့စက်များကို အသုံးပြုခြင်းဖြင့် ထွန်ယက်ရိတ်သိမ်းခြင်း လုပ်ငန်းများကို သက်သောင့်သက်သာဖြင့် စွမ်းဆောင်ရည်အပြည့်အဝဆုံးနှင့်ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ ထွန်ယက်ခြင်း လုပ်ငန်းများကို သေသပ် သာလွန်စွာ ပြီးမြောက်မြန်ဆန်စေခြင်း၊ ရိတ်သိမ်းချွေလှေ့ခြင်း လုပ်ငန်းများတွင်လည်း စပါး/ပဲ အပြင် အခြားသီးနှံများကိုပါ ရိတ်သိမ်းနိုင်ခြင်း စသည့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း လုပ်ငန်းများကို ပိုမို တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိစေမည် ဖြစ်သည်။

### Promotion အစီအစဉ်

Promotion ကာလဖြစ်သော ၂၅.၂.၂၀၁၈ မှ ၂၄.၃.၂၀၁၈ အတွင်း ထွန်စက်နှင့် ရိတ်သိမ်းချွေလှေ့စက်များကို ဝယ်ယူခြင်း (သို့မဟုတ်) အော်ဒါ မှာယူခြင်းများပြုလုပ်ပါက လူကြီးမင်းတို့ ပေးသွင်းရမည့် အတိုးနှုန်း၏ ၅၀% ကို ကုမ္ပဏီမှ မေတ္တာလက်ဆောင်အနေဖြင့် လူကြီးမင်းတို့၏ ကိုယ်စားကျခံပေးသွားပါမည်။ MAB ဘဏ်နှင့်ပူးပေါင်း၍ အထူးအစီအစဉ်အနေဖြင့် အရစ်ကျ ပေးသွင်းနိုင်ပါသည်။

CLAAS

OCTAGON
INTERNATIONAL SERVICES CO., LTD

အမှတ်(၄၂-၄၇)၊ ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် အနောက်ပိုင်းနည်းပညာ တက္ကသိုလ်လမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၂၆ ၂၃၃ ၄၇၅၅ (Reception)၊
၀၉ ၈၆၂၂၆၇၉ (Service Hot line) ၂၄ နာရီ ဝန်ဆောင်မှု။
E-mail : info@ois-claas.com
Web : www.octagoninternationalservices.com
https://www.facebook.com/CLAAS.OIS/


YOMA
STRATEGIC HOLDINGS LTD.
CPCL
NEW HOLLAND
AGRICULTURE
"လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့"
မတ်လ (၂) ရက်နေ့ တွင်ကျရောက်မည့် တောင်သူလယ်သမားနေ့ အားဂုဏ်ပြုကြိုဆိုလျက်...
တောင်သူဦးကြီးများအတွက် အစဉ်အမြဲ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော CPCL မှ နယူးဟော်လန် ထွန်စက်ကြီးများကို ဖေဖော်ဝါရီလဆန်းမှ စတင်ပြီး ရှီးမဘဏ်နှင့် ချိတ်ဆက်၍ ၁၀% (သို့မဟုတ်) ၃၀% ကနဦးပေးသွင်း၍ ၅ နှစ်အရစ်ကျ စနစ်ဖြင့် အဆင်ပြေလွယ်ကူစွာဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
၂ % အထူးလျှော့ဈေး ( မတ်လ ၃၁ ရက်နေ့အထိသာ )
မြင်းကောင်ရေ ၇၅ ကောင်ရှိ TT75 နှင့် မြင်းကောင်ရေ ၉၀ ရှိ TD90 နယူးဟော်လန်ထွန်စက်များကို နီးစပ်ရာ စက်မှုလယ်ယာဦးစီးဌာန ထွန်စက်စခန်းမှတဆင့် ရှီးမဘဏ်နှင့်ချိတ်ဆက်ပြီး စက်တန်ဖိုး ၏ ၁၀% လက်ငင်းပေးသွင်း၍ ( ၃) နှစ် ၇ ရစ်ဆပ်ဖြင့်လည်း အရစ်ကျဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ပါသည်။
အိန္ဒိယနိုင်ငံထုတ် TT45
မြင်းကောင်ရေ ၄၇
အိန္ဒိယနိုင်ငံထုတ် TT75
မြင်းကောင်ရေ ၇၅
အိန္ဒိယနိုင်ငံထုတ် TT4.75 & TT4.90
မြင်းကောင်ရေ ၇၅ နှင့် ၉၀
တူရကီနိုင်ငံထုတ် TD90 & TD95
မြင်းကောင်ရေ ၉၀ နှင့် ၉၈
မြန်မာနိုင်ငံ၏ Sugarcane Industry ကြံစိုက်ပျိုးရေးလုပ်ငန်းတိုးတက်ပြောင်းလဲစေနိုင်သော
CASE အမှတ်တံဆိပ် ကြံရိတ်သိမ်းခြွေလှေ့စက် ....CASE A8000
မက္ကစီကိုနိုင်ငံထုတ် TS6.140
မြင်းကောင်ရေ ၁၄၀
ဘရာဇီးနိုင်ငံထုတ် T7.180
မြင်းကောင်ရေ ၁၈၂
သီးနှံထွက်ကုန် အရည်အသွေးမြင့်မားစေသော
New Holland အမှတ်တံဆိပ် သီးနှံစုံရိတ်သိမ်းခြွေလှေ့စက်... TC5.30
အကောင်းဆုံးအရည်အသွေး
အကောင်းဆုံးဝန်ဆောင်မှုများ
တစ်နှစ်အာမခံပေးထားခြင်း
အပိုပစ္စည်းလွယ်ကူစွာရရှိနိုင်ခြင်း
တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
ရန်ကုန်ရုံးချုပ် ៖ အမှတ် (၁၁၅၉)၊ FMI ပဒေသာပင်မြို့တော် ဂိတ်(၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ် ဖုန်း - ၀၁-၆၈၇၀၀၂-၃ ၊
မန္တလေး - ၀၉၄၃၀၁၄၄၅၂/ နေပြည်တော် - ၀၉၄၄၈၅၄၁၄၅၈ / ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇/ တောင်ကြီး - ၀၉၄၅၇၄၅၅၄၀၉/
နောင်ချို - ၀၉၄၅၇၄၅၅၄၀၈/ ပခုက္ကူ - ၀၉၄၅၇၄၅၅၄၁၀/ ရွှေဘို - ၀၉၉၆၃၄၇၃၉၄၃/ လှိုင်ကော် - ၀၉၇၆၉၂၀၅၂၈၂/ ပြည် - ၀၉ ၇၈၃၃၈၈၀၅၇/
မကွေး - ၀၉၇၆၁၀၉၅၀၂၄/ ဟသ်ာတ - ၀၉၄၅၃၂၃၅၈၈၀/ မအူပင် - ၀၉၇၇၃၈၂၆၅၇၉/ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀/ ကလေး - ၀၉၉၅၀၉၃၆၀၁၅။
The Legend continues...New Branches now open...Coming soon...Planned Maintenance up to 18 months !!

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)**

**အသက် (၇၈) နှစ်**

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)၊ အသက် (၇၈)နှစ် နာမကျန်းစဉ်က ပြုစုကုသပေးခဲ့ကြပါသော ဆရာဝန်ကြီးများ၊ သူနာပြုများ၊ အနီးကပ်စောင့်ကြပ်ပြုစုပေးကြသော ဆွေမျိုး၊ မိတ်သင်္ဂဟများအားလုံးကိုလည်းကောင်း၊ ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့)က ကွယ်လွန်သွားခဲ့ပြီးနောက် နာရေးကိစ္စအဝဝအား ဝမ်းနည်းခြင်းနှင့်အတူ လူကိုယ်တိုင်နှစ်သိမ့်ပေးခဲ့သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အရာရှိကြီးများအားလည်းကောင်း၊ တယ်လီဖုန်းဖြင့် မေးမြန်းခြင်း၊ သတင်းစာများတွင် ဝမ်းနည်းကြောင်းကြော်ငြာထည့်ခြင်း၊ အိမ်တွင်လာရောက် တွေ့ဆုံ၍ နှစ်သိမ့်အားပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ ရန်ကုန်စက်မှုတက္ကသိုလ်(၇၅-၈၁) ကျောင်းဆင်းသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအားလည်းကောင်း၊ လွမ်းသူပန်းခွေ၊ ပန်းခြင်းများပေးပို့ခြင်း၊ ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ လှူဖွယ်ဝတ္ထုအစုစုနှင့် စားသောက်ဖွယ်ရာများတို့ကို ပေးပို့ခြင်း၊ နာရေးသို့ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ပေးကြခြင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေ၊ အပေါင်းအသင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း-ဒေါ်လင်းလင်းသန့်နှင့်**
**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်ဆွေ (၅၉)နှစ်**

**ကျောင်းအုပ်ဆရာမကြီး (အထက-၃)၊ မင်္ဂလာဒုံ**

အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ မင်းစေတီလမ်း၊ အမှတ်(၅၇၅)နေ [ဦးကျော်ရင်(အကျဉ်းဦးစီး-ငြိမ်း)]-ဒေါ်သန်းကျွေတို့၏ ဒုတိယသမီး၊ ဒေါ်ညွှန့်ညွှန့်ဆွေ၏ ညီမ၊ ဒေါ်ခင်ဝါဆွေ(စာပေဗိမာန်)၊ ဒေါ်ခင်သက်ဆွေ(အထက-၁၊ ရွှေပြည်သာ)၊ ဦးသိန်းနိုင်-ဒေါ်မျိုးမျိုးဆွေ(အကျဉ်းဦးစီး-ငြိမ်း)၊ ဦးအောင်ဇော်လတ်ဆွေ-ဒေါ်ဒေဝီတင်တို့၏အစ်မ၊ မသီရိရတနာထက်၊ မောင်ကောင်းချမ်းမြေ့ထက်-မဝါဝါထွန်း၊ မောင်လျှမ်းပြည့်ထက်၊ မယမင်းရတနာထက်၊ မောင်ဘုန်းပြည့်စုံ၊ မောင်ဇေယျာလင်းထက်တို့၏ကြီးကြီးသည် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၁၀နာရီတွင် အထက(၃) မင်္ဂလာဒုံကျောင်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်းသုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ (စနေနေ့)တွင် အထက(၃) မင်္ဂလာဒုံကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်စန်းရီ (လှည်းကူးမြို့)**

**အသက် (၈၅) နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၅-၂-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်စီမံကိန်း**
**ဦးစီးရုံးမှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်စန်းရီ (လှည်းကူးမြို့)**

**အသက် (၈၅) နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးမောင်မောင်တင့်(ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ကျေးဇူးရှင်မိခင်ကြီးသည် ၂၅-၂-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ်စီမံကိန်း**
**ဦးစီးရုံးမှ ဝန်ထမ်းများ**

---

**ဒေါ်အေးအေးဝင်း (၅၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ်(၅၂)၊ လေးလွှာ (ခေါင်းရင်းခန်း)နေ (ဦးတင်နု-ဒေါ်ခင်တင့်)တို့၏ သမီး၊ (ဦးစစ်ရွှေ-ဒေါ်လှရင်)တို့၏ သမီးချွေးမ၊ (ဦးတင်မောင်ဦး)၏ ဇနီး၊ မောင်ကောင်းခန့်ညွှန့် (PAMTAMA GROUP Co., Ltd)၏ မွေးသမိခင်၊ (ဦးချမ်းငြိမ်း)၊ (ဒေါ်နီနီဝင်း)၊ (ဦးမြင့်သိန်း)-ဒေါ်ကျင်ရွှေ (ပျားမွေးမြူရေး)၊ ဦးလှထွန်းတို့၏ညီမ၊ ဦးဝင်းမြင့်-ဒေါ်တင်တင်အေး၊ ဒေါ်အေးအေးသန်း၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်ခင်ဥမ္မာ(WESTERN PARK Restaurant Tamwe)တို့၏ အစ်မသည် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄း၂၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကိုညီညီညွှန့်ဝေ(ကမ္ဘာအေး)**

**အသက် (၄၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၉၅)နေ (ဦးလှမောင်-ဒေါ်သိန်းဟန်)၊ ဦးရွှေဖေါ်သူ-ဒေါ်မြင့်သွင်တို့၏ မြေး၊ ဦးသာညွှန့်(အကောက်ခွန်-ငြိမ်း)-(ဒေါ်နှင်းနှင်းဝေ)တို့၏သားငယ်၊ ကိုမျိုးညွှန့်ဝေ-မသူဇာဝင်း၊ကိုညီညီအောင်-မနန္ဒာညွှန့်ဝေတို့၏ ညီ/မောင်၊ မစန္ဒာညွှန့်ဝေ၊ မရွှန်းလဲ့သာတို့၏အစ်ကို၊ မောင်ဇော်ဝဏ္ဏထွန်း၊ မောင်ကျော်ဝဏ္ဏထွန်း၊ မောင်ထက်စွမ်းအောင်တို့၏ဦးလေးသည် ၂၄-၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး**

**ဒေါ်ဥ (ကျိုက်လတ်မြို့)**

**အသက် (၁၀၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၂)လမ်း၊ အမှတ်(၁၀)၊ မြေညီထပ်(A)နေ (ဦးမြဲ)၏ဇနီး၊ (ဦးလှကျော်)-ဒေါ်ခင်မြင့်၊ ဦးသောင်းစိန်-ဒေါ်မြဝင်း၊ ဦးလှဌေး-ဒေါ်တင်ဝင်း၊ (ဦးမောင်ကို)-ဒေါ်ဝင်းကြည်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ် ၁၃ယောက်၊ တီလေးယောက်တို့၏အဘွားသည် ၂၄-၂-၂၀၁၈ (စနေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်လှ(ပန်းတနော်) (၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြစ်ဝအုပ်စု၊ မြစ်ဝကျေးရွာနေ (ဦးမောင်ရင်-ဒေါ်မြင့်)တို့၏သမီး၊ (ဦးဖိုးကျွန်း-ဒေါ်သိန်းမြ)တို့၏ သမီးချွေးမ၊ (ဦးစိန်မောင်)၏ဇနီး၊ ဦးသံဒိုင်-ဒေါ်အေးကြည်၊ ဦးရန်နိုင်-ဒေါ်ဝင်း၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်လေး၊ ဦးအေးငြိမ်း-ဒေါ်လှလှဝင်း၊ ဒေါ်ဌေးဌေးရီ၊ ဦးစိုးတင်မောင်ဇော်(KBZ-Bank)-ဒေါ်စန္ဒာအေး(KBZ-Bank)တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်ခင်လှသည် ၂၅-၂-၂၀၁၈ ရက် နံနက် ၉း၄၅ နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၈၃၆၊ ဒုတိယထပ်၊ သမာဓိလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မြစ်ဝအုပ်စု ပန်းတနော်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

**ဒေါ်အေးအေး(ခ)ရဟ်မသ်ဘီ**

**အသက် (၈၁) နှစ်**

အမှတ်(၂၄၇)၊ ၄ဝါလမ်း၊ စောရန်ပိုင်(မြောက်)ရပ်ကွက်နေ (ဦးကျော်သိန်း)၏ဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်သီတာဝင်းတို့၏ မိခင်၊ မမိုးဒါလီကျော်၏ အဘွား ဒေါ်အေးအေး(ခ)ရဟ်မသ်ဘီသည် ၂၅-၂-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၈း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇုဟိုနမာဇ်အပြီးတွင် ရေဝေးဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဗိုလ်မှူးဇော်ညွှန့်(ငြိမ်း) အသက် (၈၀)**

**ကျိုက်လတ်မြို့**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဥယျာဉ်အိမ်ရာ၊ နှင်းချယ်ရီ (၁) လမ်း၊ အမှတ်(၅/က)နေ (ဦးကျော်-ဒေါ်ရွှေ)တို့၏သား၊ (ဦးဘသွင်-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်သိန်းသိန်းဇော်၏ခင်ပွန်း၊ (ဒေါက်တာကျော်ထင်ဇော်ညွှန့်)၊ ဦးတင်ဇံကျော် (Device Consulting Group)-ဒေါ်မေမျိုးဇော်ညွှန့်တို့၏ဖခင်၊ ဒေါက်တာထက်ဇံလင်း (Myanmar B2B Management Magazine)-ဒေါက်တာဆုမွန်မွန်ထွန်း၊ မစုနဒီထွန်း(YTU)တို့၏အဘိုး၊ မသွန်းထက်ကြယ်စင် (Yangon Academy)၏ ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၈ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးမိ**

**ဆေးနှင့်ဆေးပစ္စည်း ကုန်သွယ်ရေး**

**အသက် (၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁-တိုးချဲ့)ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက်(၁)၊ အခန်း(၁၂)နေ (ဦးလှသွင်-ဒေါ်အေး)တို့၏သမီး၊ [ဦးခင်မောင်နှစ် (ဦးစီးမှူး-ငြိမ်း၊ နယ်စပ်ကုန်သွယ်ရေး)]၏ ချစ်လှစွာသောဇနီး၊ (ကိုနေလွင်နှစ်)၊ မအေးသန္တာနှစ်တို့၏မွေးသမိခင်သည် ၂၄-၂-၂၀၁၈ (စနေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးအောင်ကျော်စိန်(မင်းပြား)**

**သမဝါယမ(ငြိမ်း)**

**အသက် (၆၉) နှစ်**

အမှတ်(၆၅)၊ ခြောက်လွှာ(ဘီ)၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ်နေ ဒေါ်ဦးစောသိန်း၏ခင်ပွန်း၊ မစောမြတ်ကျော်၊ မစောနန်းကျော်၊ ကိုကျော်ဝင်း-မသက်ထားကျော်၊ ကိုမြတ်သူကျော်-မခင်အေးကျော်၊ ကိုညဏ်လင်းကျော်-မမိုးမိုးမြိုင်တို့၏ဖခင်၊ မမြတ်ပန်းအိမ်၊ မောင်ဇေကိုသူ၊ မရှင်းသန့်သူတို့၏ အဘိုးရှင်သည် ၂၄-၂-၂၀၁၈(စနေနေ့) ညနေ ၅း၃၀ရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်တင်ရီ (ခ) ဒေါ်မော်မော်ဇင်**

**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)**

**အသက် (၅၉) နှစ်**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှသူဇာ(၂) လမ်း၊ တိုက်(၅၃၂၁)၊ အခန်း(၀၁)နေ (ဦးစိုးဝင်း)၏ဇနီး ဒေါ်တင်တင်ရီ(ခ)ဒေါ်မော်မော်ဇင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)သည် ၂၄-၂-၂၀၁၈(စနေနေ့) ၁း၃၀နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေးဦးစီးဌာနဝန်ထမ်းမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

# ဒေါ်ခင်သိန်းရီ

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ River View Garden အိမ်ရာ၊ အမှတ် (၁၉/၂၀)နေ ဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း၊ ဝန်ကြီး-ငြိမ်း၊ ရထားပို့ဆောင်ရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး ဒေါ်ခင်သိန်းရီသည် ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဒေါ်ကျင်ဖွန်**

**အသက် (၉၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ (၅၈)လမ်း၊ အမှတ်(၁၀၁/B)နေ (ဦးလျှုစုရှောက်)၏ဇနီး၊ (ဦးပွေဝမ်း)-ဒေါ်သိန်းရင်၊ ဦးတင်ဝင်း-ဒေါ်ချော၊ ဦးမောင်မောင်အေး-ဒေါ်စိန်အေး၊ ဦးအောင်သူရ-ဒေါ်ကြင်အေးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၂-၂၀၁၈ (စနေနေ့) ညနေ ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့) နံနက်တွင် လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၈)လမ်း၊ အမှတ်(၁၀၁/B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**စောကျင်ဌေး(ခ)ဒေါ်မိယွန်း**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၇၁)နေ (ဦးပျို့ဝှ-ဒေါ်ရှိန်မေ)တို့၏ သမီးကြီး၊ ဦးဝင်းညွှန့်-ဒေါ်စန်းစန်းရီ၊ ဒေါ်ခင် နှင်းဆီ-ဦးစိန်မင်း၊ ဦးဝင်းစိန်-ဒေါ်ကြည်ကြည်မြင့်၊ (ဦးခင်မောင်ဝင်း)-ဒေါ်သန်းအေး၊ ဒေါ်ညွှန့်ယုံ၊ ဦးမောင်ဝင်း-ဒေါ်နီနီညွှန့်တို့၏ ချစ်လှစွာသော အစ်မကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ ကြီးတော်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

**ဒေါ်ခင်ဝင်း (၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ နှင်းဆီလမ်းနေ ဦးတင်ထွန်း (မြို့နယ်သမဦးစီး-ငြိမ်း)၏ ဇနီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နေ ဦးမြင့်ဦး-ဒေါ်ခင်ချိုဦး၊ မြို့မရပ်ကွက်၊ နှင်းဆီလမ်းနေ မဌေးဌေးဝင်း၊ မခင်မာဝင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ကိုမြတ်သူထွန်း-မမျိုးပပအုန်း၊ နေပြည်တော်၊ ခရေအိမ်ရာနေ ကိုအေးမင်းထွန်း-မမြမြသင်းတို့၏ မွေးသမိခင်၊ မောင်အောင်ကျော်မိုး၊ မဆုယွန်းဝတီ၊ မောင်သုတမြင့်မြတ်၊ မမေသီရိဖြိုးတို့၏အဘွားသည် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နှင်းဆီလမ်း နေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး**

**ဦးအေးဖေ(ဟိုတယ်/ခရီး-ငြိမ်း)**

**အသက် (၈၈) နှစ်**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကြာကန်ရွာနေ (သူကြီးဦးစံလှိုင်-ဒေါ်ဖွားကြွယ်)တို့၏သား၊ (ဒေါ်တင်စော-ဦးသန်းရင်)တို့၏ ညီ/မောင်၊ ဒေါ်သိန်းကြည်၊ ဒေါ်ကြင်၊ ဦးချစ်ထွေး-ဒေါ်ယဉ်ထွေးတို့၏အစ်ကိုကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကွန်ခြာ (၁၀)လမ်း၊ အမှတ် (၇၄၀)နေ ဒေါ်အေးအေးမြင့်၊ ဒေါ်သင်းသင်းကြူ၊ ဒေါ်ဥမ္မာအေး၊ ဒေါ်သီတာအေး၊ ဒေါ်အေးစန္ဒာ၊ ဦးမျိုးနိုင်၊ ဒေါ်သန္တာအေး(သဲမာ)တို့၏ မွေးသဖခင်၊ (ဒေါ်လှလှ)၏ ခင်ပွန်း၊ မြေး ၂၂ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၈ ရက် ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်စန်းရီ(လှည်းကူးမြို့)**

**အသက် (၈၅) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ချစ်ကြည်ရေးလမ်း၊ အမှတ်(၂၉၀)နေ (ဦးထွန်းရီ)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်တင့် (ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်သန်းသန်းချို (ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးမောင်မောင်လတ်-ဒေါ်စိန်ဌေး၊ ဒေါ်ခင်ဝင်းမာ၊ ဒေါ်အေးအေးသန်း (အထက၊ လှည်းကူး)၊ ဒေါ်အေးမာလွင် (လှည်းကူးမြို့နယ်၊ သမဝါယမဦးစီးဌာန)၊ (ကိုဝင်းထွန်း)၊ မသန္တာထွန်း(သွင် မူကြို)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၈ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် လှည်းကူးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဗိုလ်မှူးဟန်ထွန်း(ငြိမ်း)**

**အသက် (၈၃)နှစ်**

**(ရေ-၁၀၈၂)၊ စစ်တက္ကသိုလ်အပတ်စဉ်(၂)**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ရေလုပ်ငန်း**

**အမှုဆောင်အရာရှိချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်**

(ဦးလှဖေ-ဒေါ်မြရွှေ)တို့၏သား၊ (ဦးသန်း-ဒေါ်လှ)တို့၏ သားသမက်၊ အခန်း(B-2)၊ တိုက် (၄၀၁)၊ ကျန်စစ်သားလမ်းနှင့် သမိုင်း (၈) လမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထွန်းဦး-ဒေါ်ခင်မိုးကလျာဦး၊ ဒေါ်ခင်မာလာထွန်း၊ ဦးမျိုးမင်းထွန်း-ဒေါ်နုနုထွေး၊ ဦးတိုးအေး-ဒေါ်လဲ့လဲ့ထွန်း၊ ဦးရဲမင်းထွန်း-ဒေါ်ချောစန္ဒာဖေတို့၏ ချစ်လှစွာသောမွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၈(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်တင်တင်**

**အသက် (၈၃)နှစ်**

**ဆရာမကြီး (ငြိမ်း)၊ အထက(၆) မန္တလေး**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ သီဟသူလမ်း၊ အမှတ် (၁၆၂)နေ (ဦးသာဝ-ဒေါ်စောလှိုင်)တို့၏သမီး၊ (ဦးဘိုးထွား-ဒေါ်ခင်ပု)တို့၏ သမီးချွေးမ၊ [ဦးအုန်းကျော် (ဒု-ညွှန်ကြားရေးမှူး၊ စ. စ. စ-ငြိမ်း)]၏ ဇနီး၊ (ဦးတင်မောင်)၏ ညီမ၊ (ဦးမောင်စိန်)၊ (ဦးမောင်အေး)တို့၏ အစ်မ၊ ဦးကျော်တင်ဦး-ဒေါ်စန္ဒာအေး၊ (ဦးကျော်တင်လတ်)-ဒေါ်နွယ်နီလတ်၊ (ဦးကျော်တင်မြတ်)၊ ဒေါ်စန္ဒာတင်ကျော်တို့၏ချစ်လှစွာသောမိခင်၊ မောင်ငြိမ်းပြည့်စုံဖြိုး၊ မောင်ဝေယံမိုးထွဋ်၊ မောင်အဂ္ဂမိုးထွဋ်၊ မောင်ရဲခေါင်တင်မြတ်တို့၏အဘွားသည် ၂၄-၂-၂၀၁၈ (စနေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၈ (သောကြာနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်သိန်းရီ**

**အသက် (၇၆) နှစ်**

အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ကြည်း(၈၇၄၃) ဗိုလ်မှူးကြီးဝင်းစိန်(ငြိမ်း)၊ ဝန်ကြီး(ငြိမ်း)၊ ရထားပို့ဆောင်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဧရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်း ချောင်းဦးမြို့၊ ဦးဆောင်နာယက၏ဇနီးဖြစ်သူ မေမေကြီး ဒေါ်ခင်သိန်းရီသည် ၂၄-၂-၂၀၁၈ ရက် နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဧရိပ်မွန်(၂) မိဘမဲ့မိန်းကလေးကျောင်း
ကြီးကြပ်မှုကော်မတီနှင့်သမီးငယ်များ၊ ချောင်းဦးမြို့

# ရတနာပုံအသင်း အိမ်ကွင်း၌ အနိုင်ရပြီး ဟံသာဝတီအသင်း သုံးပွဲဆက်နိုင်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၂၀၁၈ ဘောလုံးရာသီ MPT MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ဟံသာဝတီအသင်း နိုင်ပွဲရခဲ့သည်။

**(မန္တလာသီရိကွင်း)**
**ရတနာပုံ -တစ်ဂိုး**
**ဇွဲကပင် -ဂိုးမရှိ**

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၏ ရှုံးပွဲကြုံတွေ့မှုကို ရတနာပုံအသင်း အခွင့်ကောင်းယူနိုင်ခဲ့ပြီး အိမ်ကွင်းနိုင်ပွဲနှင့်အတူ အမှတ်ပေးဇယား ဒုတိယနေရာသို့ ပြန်လည်တက်လှမ်းလာနိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုအား အဆုံးသတ်နိုင်ခဲ့ပြီး ဇွဲကပင်အသင်းမှာမူ ရှုံးပွဲဆက်ကာ အဆင့်(၈)နေရာအထိ ဆင်းပေးခဲ့ရသည်။

ရတနာပုံအသင်း၏ ပွဲထွက်လူစာရင်းတွင် ရဲကိုဦး၊ စည်သူအောင်၊ မြတ်ကောင်းခန့်၊ ချမ်းငြိမ်းကျော်တို့ပါဝင်ခဲ့ပြီး အထောင်တိုက်စစ်မှူးနေရာတွင် ဝင်းနိုင်ထွန်းအစား ရှိုင်းသူရကို အသုံးပြုကာ ခံစစ်ပိုင်းကိုလည်း အပြောင်းအလဲ အချို့ပြုလုပ်ခဲ့သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ○



တွံတေးမြို့နယ်၌ တာဝါတိုင်အမှတ်(၇၂) ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။



ရတနာပုံအသင်းမှ သက်နိုင်၏ ထိုးဖောက်မှုကို ဇွဲကပင်နောက်ခံလူ ဖျက်ထုတ်နေစဉ်။

# လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်းနှင့် ကျိုက်လတ်ဓာတ်အားခွဲရုံ တည်ဆောက်လျက်ရှိ ဓာတ်အားလိုင်းတည်ဆောက်ရာတွင် ပျက်စီးသွားသော သီးပင်၊ စားပင်များအတွက် လျော်ကြေးငွေများ ပေးအပ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ယနေ့ နံနက်ပိုင်းတွင် ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင် တည်ဆောက်ရေးလုပ်ငန်းခွင်၏ တွံတေးမြို့နယ်အပိုင်း တာဝါတိုင်အမှတ်(၇၂)သို့ ရောက်ရှိပြီး စီမံကိန်းစခန်းအတွင်း ခင်းကျင်းပြသထားသော တည်ဆောက်ရေးလုပ်ငန်းခွင်သုံး စက်ပစ္စည်းကိရိယာများနှင့် တာဝါတိုင် အမှတ်(၇၂)တွင် ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် စီမံကိန်းယာယီရှင်းလင်းဆောင်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းမှ တာဝန်ရှိသူများက Foundation နှင့် တိုင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်စဉ်အတွင်း ပျက်စီးသွားသော သီးပင်၊ စားပင်များအတွက် လျော်ကြေးငွေ ပေးအပ်မည့် အခြေအနေများနှင့် (၂၃၀/၆၆/၁၁)ကေဗွီ ၁၀၀ အမ်ဗွီအေ ကျိုက်လတ် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့အား ရှင်းလင်းတင်ပြကြရာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အတွင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖













**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးတွင် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် 500 KVA နှင့် 750 KVA လျှပ်စစ်ထရန်စဖော်မာ (၂)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားများပိုင် တရားဝင် အသိအမှတ်ပြု (လိုင်စင်ရကုမ္ပဏီ) များထံ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်- ၂၃-၂-၂၀၁၈
တင်ဒါပိတ်မည့်နေ့ရက် -၈-၃-၂၀၁၈ရက်၊ ညနေ(၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်ကိုသိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်းလာရောက်ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကော်မတီ**
**သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး**




**သုံးရာသီ (ဗမ္မဒါန်)**
မန္တလေး၊ ... Feb-28 Mar-2,9,16
AirCom: Express
☎ 420144148, 421153797

**အိမ်နှင့်ခြံရောင်းမည်။**
ပဲခူးတိုင်း၊ ပြည်မြို့ ရွာသဲရပ်ကွက်၊ ယိုးဒယားလမ်း၊ အကျယ်ပေ(၅၈×၁၈၀) အိမ်နှင့်ခြံ ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင်ရောင်းမည်။ ညှိနှိုင်းဈေးဖြင့် ဆက်သွယ်ရန် ဖုန်း ၀၉၅၃၁၁၄၂၆ ၀၉ ၂၆၀၅၅၉၅၆၅

**သင့်လျော်သောဈေးဖြင့် အမြန်ရောင်းမည် (ပွဲစားမလို)**
- ဗဟန်း၊ ကန်တော်ကြီးပတ်လမ်းသနွံ(၄၀×၆၀)ပေ အကျယ်ရှိ (၂)ထပ်လုံးချင်းတိုက်, M-1, B-2 ဈေးနှုန်း – ၆၅၀၀ သိန်း
- လှိုင်၊(၅)မိုင်–ခပေါင်းလမ်း (၆၅×၅၀)ပေ အကျယ်ရှိ(၂) ထပ်လုံးချင်းတိုက်၊(ထောင့်ကွက်) ဈေးနှုန်း – ၆၀၀၀ သိန်း
- ရန်ကင်း၊အောင်ဇေယျာလမ်း(၁၁၀×၄၂)ပေ အကျယ်ရှိ မြေ မြေပိုင်မြေ(အမည်ပေါက်) ဈေးနှုန်း – ၅၀၀၀ သိန်း
- ဗဟန်း၊ရွှေတောင်ကြား (၄၀×၆၇)ပေ အကျယ်ရှိ(၁)ထပ် လုံးချင်းတိုက်၊မြေပိုင်(ပေါက်) ဈေးနှုန်း – ၄၅၀၀ သိန်း
- သဃ်န်းကျွန်း၊သုဝဏ္ဏ–VIP (၄၀×၆၅)ပေ အကျယ်ရှိ မြေ (နေရာကောင်း) ဈေးနှုန်း – ၂၄၀၀ သိန်း
- မင်္ဂလာဒုံ၊ရွှေနံ့သာသစ်ခွဖုန် (၁.၅)ဧက အကျယ်ရှိ မြေ (ပါမစ်)၊စီးပွားရေးလုပ်ငန်းသင့် ဈေးနှုန်း – ၁၄၀၀ သိန်း

09-5080073, 09-422888853, 09-422888852

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ မတ် လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၂၀၄) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ဆိုးခံ (လင်း) ကုမ္ပဏီ**
(ရှုံးချုပ်) မှ လုံးချင်း/မြေကွက်များ အမြန်ရောင်းမည်

| | | | |
|---|---|---|---|
| ၁။မရက၊မင်းဓမ္မအိမ်ရာ | (95x100) | 2RC | 1Sqft-2.4L |
| ၂။လှိုင်ရတနာမွန်အိမ်ရာ | (80x75) | 2RC | 12900L |
| ၃။တ/ဥ၊မြသီတာအိမ်ရာ | (60x80) | 2RC | 10900L |
| ၄။(၉)မိုင်၊Ocean အနီး | (50x100) | 2RC | 9950L |
| ၅။ရက၊မိုးကောင်းလမ်းနီး | (60x80) | 2RC | 9500L |
| ၆။(၇)မိုင်၊ပြည်လမ်းအနီး | (40x80) | မြေ | 8980L |
| ၇။သုဝဏ္ဏ၊သံသုမာလမ်းမ | (40x85) | မြေ | 8500L |
| ၈။ဗဟာ၊ရွှေတောင်ကြားရိပ်သာ | (40x60) | 2RC | 8400L |
| ၉။ဗဟာ၊ကန်ပတ်လမ်းမနီး | (40x60) | 2RC | 6300L |
| ၁၀။မရက၊သာယာအေးရိပ်သာ | (60x80) | မြေ | 4200L |
| ၁၁။(၁၀)မိုင်၊လေဆိပ်လမ်း | (45x60) | မြေ,အုတ်ခင်း | 3700L |
| ၁၂။သဃက၊လေးထောင့်ကန်လမ်းနီး | (40x60) | 2RC | 2800L |
| ၁၃။အမှတ်(၃)လမ်းနီး၊ပုလဲ(၁) | (100x100) | 1RC,အုတ်ခင်း | 2650L |
| ၁၄။တ/ဥ၊မေတ္တာလမ်းနီး | (40x60) | 1BN | 1600L |
| ၁၅။မ/ဒဂုံ၊(၃၄)ရပ်ကွက် | (40x60) | မြေ | 1200L |

☎ - 01 510600, 01 510950
- 09 5185534, 09 5040160, 09 5173690

**အာရှမြေ ကုမ္ပဏီ** အရောင်းသီးသန့် 09-443078866 09-421126240

| | | | |
|---|---|---|---|
| တက္ကသိုလ်ရိပ်သာလမ်းသစ် | (25' x 50') | 6F BR1AC | 800 သိန်း |
| တ/ဥ၊ကောလိယလမ်း | (25' x 60') | မြေ | 1100 သိန်း |
| တ/ဥ၊ပင်းယ(၁၈)လမ်း | (30' x 60') | မြေ | 1550 သိန်း |
| မ/ဒဂုံ၊ (၄၁)ရပ်ကွက် | (40' x 60') | RC2 ဂရံ | 1800 သိန်း |
| ရက၊အနီယာလမ်း | (30' x 70') | မြေ | 5000 သိန်း |
| ကမရ၊ဗဟိုလမ်း | (25' x 50') | RC6 | 8500 သိန်း |
| တ/ဥ၊(၁၄/၃)ရပ်ကွက် | (40' x 60') | မြေ | 9000 သိန်း |
| သဃက၊ VIP I | (90' x 80') | RC2 | 10000 သိန်း |
| ရက၊ဆေးရုံလမ်း | (54'x100') | မြေ | 10000 သိန်း |
| ရန်ကင်း၊မာလာမြိုင်လမ်း | (57' x 93') | မြေ | 13000 သိန်း |
| သဃက၊ရတနာလမ်းမ | (86'x110') | ဂရံ | 14000 သိန်း |
| ရန်ကင်း၊ဘောက်ထော် | (45' x 80') | RC2 ဂရံ | 16000 သိန်း |

**YGN အိမ်ခြံ မြေ အကျိုးဆောင် မှ**
နိုင်ငံခြားသားများနှင့် သံရုံးဝန်ထမ်းများအတွက် USD 1000 မှ 7000 အတွင်းရှိအဆင့်မြင့် လုံးချင်း နှင့် ကွန်ဒိုများ အမြန်ငှားလိုပါသည်။
(Downtown၊ ဗဟန်း၊ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ ရန်ကင်း မရမ်းကုန်း နှင့် ) မြို့နယ်များကိုဦးစားပေးငှားလိုပါသည်။
ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်ဆက်သွယ်ပါ၊
09-4500 39220, 09-262626177

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ လသာမြို့နယ်၊(၁)ရပ်ကွက်၊ (၁၇)လမ်း၊ အမှတ်(၁၄)၊ မြေညီထပ် (အိမ်၏တောင်ဘက်ခြမ်း) တိုက်ခန်း ယင်းတိုက်ခန်းနှင့် စပ်ဆိုင်သည့်ပစ္စည်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထွေးရီ(ခ) တိုက်ရိုး [မှတ်ပုံတင်အမှတ် ၁၂/လသန(နိုင်)၀၀၀၈၂၁]ထံမှ ဝယ်ယူရန် စရန်ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြော်ငြာထည့်သည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးကျော်ဝင်း**
**[မှတ်ပုံတင်အမှတ် ၁၂/လမတ(နိုင်)၀၀၂၅၉၉]**
**အမှတ် (၂၂/၂၈)၊ တတိယထပ်၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ ၅၁၅၂၅၁၄၊ ၀၉ ၇၈၅၁၅၂၅၁၄**

